http://www.dhammadownload.com

သုံးပါးရတနာ ပန်ဆင်ပါ

(ပိဋကသုံးပုံ အဋ္ဌကထာ ပကာမဂါထာ မြန်မာနိသယများ)



ဘဒ္ဒန္တနာရဒါဘိဝံသ(လှရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်

သ·စ·အ ဓမ္မာစရိယ၊ ဝင်္သကာ၊ ပါဠိပါရဂူ၊

သာသနာ-၂၅၆၀

ကောဇာ-၁၃၇၈

http://www.dhammadownload.com

စမ္မစေတီစတာ်

သမ္မဒါန် စမ္မဒါန် ဂိန်နာတိ

အလှူတကာတွင်
တရားဓမ္မအလှူသည် အမြတ်ဆုံးဖြစ်သည်။

သို့

မှ

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်
ငှန့်ဓဲ----------

http://www.dhammadownload.com

အနန္တောအနန္တဇါးပါး ဥိးထိပ်ထားလျက်
နှစ်ပက်မိဘ ဘိုးဘွား မိဘမျှားနှင့်
ခင်ပွန်းဖြစ်သူ ဥိးညွှန်ကြည် (၂၄)နှစ်ပြည့်
တို့ကို ရည်စူး၍

အမှတ် (၅၁) မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့ဖန
ဒေါ်အေးအေးမြင့်
သားသမီး မြေးတစ်တို့မှ
ဖမွေဒါန လှူဒါန်းပါသည်။

http://www.dhammadownload.com

သုံးပါးရတနာ ပန်ဆင်ပါ

(ရတနာပန်းကုံးများဖြစ်ကြသည်. ဝိဇ္ဇကသုံးပုံ
အဋ္ဌကထာ ပဏာမဂါထာ မြန်မာနိသယများနှင့်
သုံးပါးရတနာ ပန်ဆင်ရကျိုးများကို ဖေါ်ပြထားသည်)


လှရတနာ စာစဉ် (၆၀)

လှရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ

(ပထမကျော်, အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်,
သ-စ-အ ဓမ္မာစရိယ, ဝင်္ကံသကာ, ပါဠိပါရဂူ)

သာသနာ ၂၅၆၁
ကောဇာ ၁၃၇၉
ခရစ် ၂၀၁၇

http://www.dhammadownload.com



ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း = ဒုတိယအကြိမ်- ၂၀၁၇-ဇွန်လ၊

အုပ်ရေ = ၁၅၀၀၊

တန်ဘိုး = ဓမ္မဒါန၊

စီစဉ်သူ = ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)၊

ပုံနှိပ်သူ = ဦးမြင့်ဦး၊

(သိန်းသန်းဦး အောက်ဖ်ဆက်)၊

အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊

ဖုန်း- ၂၅၂၆၂၀၊ ၃၉၈၀၃၁၊

ထုတ်ဝေသူ = ဦးမြင့်ဦး(ရွှေကျေး စာပေ)၊

မျက်နှာဖုံးဒီဇိုင်း = ကိုမြင့်မောင်၊

ဘဒ္ဒန္တနာရဒါဘိဝံသ-သုံးပါးရတနာ ပန်ဆင်ပါ
ရွှေကျေးစာပေ ၂၀၁၇-ခုနှစ်၊ ဇွန်လ၊ ဒုတိယအကြိမ်၊
၄၁၉-စာ၊ ၁၃၊ ၂၂၊ × ၂၀-စင်တီ၊
သုံးပါးရတနာ ပန်ဆင်ပါ

http://www.dhammadownload.com

နိဒါန်းအမှာစာ

တစ်စုံတစ်ယောက် စမ်းစနစ်သဘောင်

လွန်ခဲ့သော (၃) နှစ်က ဖြစ်၏၊ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်မော် ဆရာတော်ကြီး ခိုးမြင့်သော ဗုဒ္ဓဆံတော်ပွား(၂)ဆူကို ခါတ်တော်များနှင့်တကွ ဌာပနာ သွင်းလျက် အများကောင်းမှုဖြင့် "ဆံတော်ရတနာစေတီ" တည်ထားကြ၏၊ ထိုဆံတော် ရတနာစေတီအနေကဇာတင်ပွဲကို စာရေးသူ၏မွေးနေ့ပွဲနှင့်တွဲလျက် (၃၀. ၁၁. ၂၀၁၃) စနေနေ့တွင် Chatrium ဟိုတယ်၌ ကျင်းပခဲ့လေသည်၊ ရဟန်းဒါယိကာမကြီး ဒေါ်ရွှေဥ (ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်)က ကျင်းပလှူဒါန်းပေးခြင်းဖြစ်သည်။

ထိုအနေကဇာတင်ပွဲနှင့် မွေးနေ့ပွဲသို့ ရန်ကုန်မြို့ပေါ်နှင့် နယ်မြို့များမှ အသက် (၉၀) ကျော် သက်တော်ရှည်ဆရာတော်ကြီးများ၊ နိုင်ငံတော်ဩဝါဒိစရိယ ဆရာတော် ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ ဗန်မော်ဆရာတော်၊ တိပိဋကဩဝါဒိ စရိယအဖွဲ့ဥက္ကဋ္ဌ ရွှေလင်ပန်းဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆင်မင်းဆရာတော်၊ ဗဟိုပညာရေးအဖွဲ့အတွင်းရေးမှူး ရွှေပြည်သာဆရာတော် စသော ဆရာတော်ကြီးများ၊ ရေစကြိုတိပိဋကဆရာတော်နှင့် ရွှေစင်တိပိဋကဆရာတော်၊ စာသင်တိုက်ကြီးများမှ စာချဆရာတော်များ၊ သီတဂူတက္ကသိုလ်မှ ကထိကဆရာတော်များအားဖြင့် သာသနာလောကမှ ထင်ရှားသော ဆရာတော်များ စုံလင်စွာ ကြွရောက်ချီးမြှောက်တော်မူကြ၏။

ထိုအတူ လူလောကမှလည်း မန္တလေးသကျသီဟအသင်းကြီး ဥက္ကဋ္ဌ၊ ရွှေဘုန်းပွင့် ဘုရားဂေါပကဥက္ကဋ္ဌ၊ ဗုဒ္ဓဂယာပုညသဟာယက

http://www.dhammadownload.com

ဥက္ကဋ္ဌ၊ ရွေလုပ်ငန်းဥက္ကဋ္ဌ၊ ရွှေသံလွင် ကုမ္ပဏီနာယကကြီးတို့အပြင် ဆံတော်ရတနာစေတီ ဘုရားဒါယကာအလှူ့ရှင်များလည်း တက်ရောက်လာကြ၏၊ ထိုပွဲတွင် ဗန်မော်ဆရာတော်က အနုမောဒနာတရား၊ ဆင်ဖြူတောင် ဆရာတော်က မုဒိတာစကား၊ ဒေါ်ရွှေဥကရင်တွင်းစကား၊ လှရတနာဆရာတော်က ရေစက်ချတရားစကားတို့ကို ဟောပြောခဲ့ကြသည်၊ ထို့အပြင် ယင်းပွဲ၌ သီရိန် (ပေါက်ခေါင်း)၏ ဆံတော်ရတနာစေတီဘွဲ့ရတုပိုဒ်စုံ၊ ဌေးလွင် (ဆားလင်းကြီး)၏ တောင်းဆုခွေ၊ ဘဒ္ဒန္တဂုဏာနန္ဒ၏ ပီတိဝမ်းသာ မင်္ဂလာတို့ကို ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး၊ မြန်မာစာ အဖွဲ့ဥက္ကဋ္ဌ ဆားလင်းကြီးဆရာတော်ရေးသား ချီးမြင့်သော သက်ရှည်ကျန်းမာ လိုရာဆန္ဒ မှန်သမျှကို ပြည့်ဝစေပြီး၊ အမှောင့်ပယောဂ ဟူသမျှကို ပယ်ရှားနိုင်လျက် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ဖော်ပြ **"နာညတြ ဗောဇ္ဈာ ဂါထာ အလင်္ကာ"**ကဗ်ကိုလည်း ဝေဒခဲ့လေသည်၊ ထိုပွဲ၌ပင် ဗန်မော်ဆရာတော်ကြီး၏ တောင်းပန်ချက်အရ မွေးနေ့ရှင်က ရေးသားခဲ့သော **"ကေသစေတိယ ဝန္ဒနာ"** စာအုပ်ကိုပါ လှူဒါန်းခဲ့ပါသည်။

ရွှေဘုန်းပွင့်ဂေါပကဥက္ကဋ္ဌရဲ့စကား

ဤသို့သော အနေကလာတင်နှင့်မွေးနေ့ပွဲသဘင်ကို မေ့ပျောက်ပစ်၍ မဖြစ်ပါချေ၊ မေ့ပျောက်လို့လည်း မရပါပေ၊ မှန်ပါသည် ထိုပွဲ၌ အလှူ့ရှင်ရဟန်းဒါယိကာမကြီး ဒေါ်ရွှေဥရဲ့ကျေးမွေးဉာဏ်ခံလှူဒါန်းမှုတို့မှာ အလွန်အံ့ဩဖွယ်ဝမ်းသာကြရ၏၊ ပင့်သံယာ (၅၆)ပါး နှင့် လူပရိသတ်တစ်ရာကျော်တို့အား ဟိုတယ်မှ တစ်ယောက်လျှင် (၂၅)ဒေါ်လာတန် ဘူဖေးအစားအသောက်ဖြင့် ဧည့်ခံကျွေးမွေးခဲ့လေသည်၊ ပင့်သံယာ အရှင်မြတ်တို့အားလည်း ထိုက်ထိုက်တန်တန် လှူဒါန်းခဲ့ပေသည်၊ ထိုပွဲနှင့်စပ်၍ ရွှေဘုန်းပွင့်

http://www.dhammadownload.com

ဘုရားဂေါပကဥက္ကဋ္ဌ ဦးတင့်လွင်က မွေးနေ့ရှင်မိမိအား ဖုန်းဖြင့် ဆက်၍ လျှောက်ထားသော ပိတိစကားမှာ ဤသို့ပါတည်း။

"အရှင်ဘုရား မွေးနေ့ပွဲမှာ ဒေါ်ရွှေဥရဲ့ ဧည့်ခံကျွေးမွေးမှု၊ လှူဒါန်းမှုတွေဟာ အံ့မခန်းစေတနာ ထက်သန်မှုကို တွေ့ရပါတယ်၊ အထူးသဖြင့် မွေးနေ့ရှင် အရှင်ဘုရား နှင့်စပ်၍ သူလျှောက်ထားသော စကားတို့မှာ စာရွက်ကြည့်ပြီး ဖတ်နေတာ မဟုတ်ဘူး၊ ပါးစပ် ဖျား နှုတ်ဖျားလေးမှ ထွက်လာတာလည်း မဟုတ်ဘူး၊ တကယ့်ကို ရင်ထဲ နှလုံးသားထဲက လှိုက်လှိုက်လဲလဲ ထွက်ပေါ်လာကြတဲ့ ရင်တွင်း စကား တွေပါ။ ကြားရတဲ့တပည့်တော်တို့ တောင် အံ့ဩဝမ်းသာမှုဖြစ်ရပါတယ် ဘုရား"။

ရွှေဘုန်းပွင့်ဘုရားဂေါပက ဥက္ကဋ္ဌ ပြောသောစကားမှာ မှန်ပါသည်၊ မိမိလည်း ရဟန်းဒါယိကာမကြီးဒေါ်ရွှေဥရဲ့ လျှောက်ထားချက် ရင်တွင်းစကားတို့ကို နားစိုက်ပြီး ထောင်နေခဲ့ရာ ပြောသမျှစကား တို့သည် ရင်ကိုထိမှန်ခဲ့လေသည်၊ အထူးအားဖြင့် လျှောက်ထားချက် စကားထဲမှ "မွေးနေ့ရှင်လည်းဖြစ်သော အချိန်အခါခပ်သိမ်းသော အချိန်တိုင်း၌ မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို ဆင်ခြင်ပွားများ ကြည်ညိုလျှက် အမြဲတမ်း ဘုရားရှင်ကိုသာလျှင် ပူဇော်သော ဘုန်းဘုန်း ဦးနာရဒသည်"ဟူသော စကားကို ကြားသိ လိုက်ရသောအခါ ရင်ကို တိုက်ရိုက်ထိမှန်လျက် အံ့ဩမှုဖြစ်ခဲ့ရ၏၊ ထို(၂၀၁၃)ခုနှစ် မွေးနေ့ပွဲ အချိန်က လျှောက်ထားခဲ့သော ရင်တွင်းစကားတို့၏ ရင်ကိုထိမှန်ချက် ကြောင့်ပင် ဤနှစ်မွေးနေ့အချိန်အခါ၌ **"ရတနာသုံးဖြာ ပန်ဆင်ပါ"** ဟူသော ဤစာအုပ် ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ (ရဟန်းဒါယိကာ မကြီး၏ ရင်တွင်းစကားကို စာမျက်နှာ (၁၉)တွင် ရှုစားပါ)

http://www.dhammadownload.com

"ရတနာသုံးဖြာ ပန်ဆင်ပါ" ဟူသော ဤစာအုပ်၌ (၂၀၁၃)ခုနှစ်က ကျင်းပခဲ့သော အနေကဇာတင်နှင့် မွေးနေ့သဘင်ပွဲမှတ်တမ်းအဖြစ် မွေးနေ့မင်္ဂလာ သံစဉ်တေးများနှင့် မေတ္တာစကားများကို ဖေါ်ပြထားပါသည်၊ ထိုအပြင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၏ အဖွင့်များဖြစ်ကြသော အဋ္ဌကထာ(၄၅)စောင်တို့မှ အဋ္ဌကထာဆရာတော်ကြီးတို့ ကျမ်းဦး အစမှာ ရတနာသုံးပါးအား ရှိခိုးကြသည့် ပဏာမဂါထာ(၉၈) ဂါထာတို့၏ မြန်မာပြန်နိသယ ကိုလည်း ရှုစားကြရပါမည်။ ယင်းအပြင် ထိုပဏာမဂါထာတို့ဖြင့် ရှိခိုးရခြင်း၏ သုံးပါးရတနာပန်ဆင်ရကျိုးများကိုလည်း ဖတ်ရှုကြရပါမည်။ ၄င်းအပြင် ပိဋကသုံးပုံ အဋ္ဌကထာနာမည်များနှင့် ကျမ်းပြုပညာရှင် အဋ္ဌကထာဆရာတော်တို့၏ ဘွဲ့နာမည်တော် တို့ကိုလည်း လေ့လာကြည်ညိုကြရပါမည်။

ကျေးဇူးရှင်ဆရာတော်များ

စာသင်သားဘဝတွင် စာချတန်း၌ ပြဋ္ဌာန်းအဋ္ဌကထာကြီး စာဝါတို့ကို ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီးမှ ပတ္တမြားဆရာတော်၊ မန္တလေးဘုရားကြီး တိုက်မှ အမရပူရဆရာတော်၊ ရတနာမဠိဆရာတော်၊ ဆင်မင်းဆရာတော်၊ ပေါက်မြိုင် ဆရာတော်၊ မစိုးရိမ်ကျောင်းတိုက်မှ ပိဋကနယူပဒေသဆရာတော် ဘုန်းကြီးကောစသော ဆရာတော်တို့ထံမှာ သင်ယူခဲ့ရ၏။ ထိုဆရာတော်တို့မှာ ကျမ်းသွားကျမ်းလာ နှိုင်နင်း ကြပြီး စာချကောင်းသည်ဟု ထင်ရှားကျော်ကြားသော ဆရာတော်တို့ပင်တည်း။ ထိုဆရာတော်ထံတွင် အဋ္ဌကထာစာဝါများကို တက်ရသည့်အခါကပင် အဋ္ဌကထာဆရာတော်တွေပေါ်မှာ လေးစားကြည်ညိုစိတ်ဖြစ်ပေါ်လာခဲ့ရ၏၊ ဘွဲ့ရပြီးသည့်နောက် မိမိကိုယ်တိုင် ကျမ်းရင်း(၃)ကျမ်း အဋ္ဌကထာကြီး(၃)စောင်တို့ကို စာချတန်းသံယာတို့အား ပြန်လည်ပို့ချခဲ့ရ၏၊ ထို့အပြင်

http://www.dhammadownload.com

တက္ကသိုလ်ဆရာမ မေမျိုးမြတ်အား ဥဒါန်းပါဠိတော် အဋ္ဌကထာကို ပို့ချပေးခဲ့ရ၏၊ ထိုဥဒါန်းစာတန်းဖြင့်ပင် သူမသည် ဒေါက်တာဘွဲ့ကို ရရှိခဲ့လေသည်။ (ထိုဆရာမအား ဥဒါန်းအဋ္ဌကထာပို့ချစဉ်မှာ မိမိရဲ့တောင်းဆိုချက်အရ ဆရာမ၏ခင်ပွန်းနှင့် သက်တော်ရှည် ညောင်တုန်းကျောင်းတိုက်ဆရာတော်ကြီးတို့က အနီးအပါးမှနေကာ စာနာယူခဲ့ကြလေသည်၊ ယခုအခါ ထိုဇနီးမောင်နှံမှာ အမေရိကန်သို့ ပြောင်းသွားကြပြီဖြစ်၏)

ထို့အပြင် သံဃာများနှင့် ဗုဒ္ဓဂယာအဖွဲ့သင်တန်းသူ သင်တန်းသားတို့အား ဗုဒ္ဓဝံသ ပါဠိတော် အဋ္ဌကထာကိုငင်း၊ မဟာသမယသုတ်၊ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်၊ သုတ်မဟာဝါ အဋ္ဌကထာကိုငင်း၊ သမစိတ္တသုတ်၊ ကာဠကာရာမသုတ်၊ ဂိရိမာနန္ဒသုတ်ပါဠိတော် အင်္ဂုတ္တိရ်အဋ္ဌကထာကိုငင်း၊ ဓမ္မစက်္ကာသုတ်ပါဠိတော်၊ သံယုတ်အဋ္ဌကထာကိုငင်း၊ ပဋိစ္စသမုပ္ပါဒ်ပါဠိတော် သမ္မောအဋ္ဌကထာကိုငင်း၊ ရတနသုတ်၊ သမ္မာပရိဗ္ဗာဇနီယသုတ် ပုရာဘေဒသုတ် ကလဟဝိဝါဒသုတ် စူဠဒုက္ခဟသုတ် မဟာဒုက္ခဟသုတ် တုဝဋ္ဋကသုတ် ပါဠိတော် သုတ္တနိပါတ်အဋ္ဌကထာကိုငင်း၊ ခန္ဓသုတ် ဇာတကအဋ္ဌကထာကိုငင်း ပို့ချပေး ခဲ့ရ၏၊ ယင်းသို့ပို့ချသင်ပြပေးရသည့်အခါ အဋ္ဌကထာဆရာတော်တို့အပေါ်မှာ ပို၍လေးစား ကြည်ညိုမှုသဒ္ဓါတရားတွေ ဖြစ်ပွားလာခဲ့ရပါသည်။

အဋ္ဌကထာ-ဟူသည်မှာ

ယာယတ္ထ မဘိဝဏ္ဏေန္တိ၊ ဗျဉ္ဇနတ္ထ ပဒါနုပဂံ။

နိဒါနဝတ္ထုသမ္ဗန္ဓံ၊ ဧသာ အဋ္ဌကထာ မတာ- ဟူသော သိလက္ခန်ဒီကာ သစ်ဂါထာ (သီဒီသစ်-၁၊ ၂၈) နှင့်အညီ သဒ္ဒါအနက်ပုဒ်သို့ အစဉ်လိုက်သော နိဒါန်းဝတ္ထုတို့နှင့် ဆက်စပ်သော၊

http://www.dhammadownload.com

ဘုရားဟောပါဠိတော်၏ အနက် အဓိပ္ပါယ်ကို နားလည်ပေါ်လွင်အောင် ဖွင့်ဆိုကြောင်းဖြစ်သော စကားအစဉ် (ပါဠိတော်၏အဖွင့်)ကို အဋ္ဌကထာဟုခေါ်ရသည်။

ထိုအဋ္ဌကထာတို့မှာ ဆဋ္ဌမူအနေဖြင့် နိကာယ်ငါးရပ် ပိဋကသုံးပုံ၏ အဋ္ဌကထာကြီးများ အနေဖြင့် (၅၁)အုပ်ရှိသည်၊ လက်သန်းအဋ္ဌကထာ(၄)အုပ် နှင့်ဆိုလျှင် (၅၅)အုပ် ရှိလေသည်။

ရတနာပန်းများ ပွင့်လန်းခြင်း

ဓမ္မပဒပါဠိတော်မှာလာသည့် "ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ သဂန္ဓကံ" စသော ဆတ္တပါဏိဥပါသကဝတ္ထုအရ ဘုရားရှင် ဟောကြားထားသော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံပါဠိတော်စကားတို့မှာ ရောင်စုံအဆင်းလှပြီး အနံ့လည်းသင်းသည့် ပန်းပွင့်များ သဖွယ်ပင် ဖြစ်သည်၊ ထိုဘုရားရှင်စကားတော်ပန်းပွင့်တို့သည် သုတဂန္ဓ+ ဝါစာဂန္ဓ+ ပဋိပတ္တိဂန္ဓရနံ့တို့ဖြင့် ကြိုင်လှိုင်နေပေသည်။

မိလိန္ဒပဉ္ဉာပါဠိတော်မှာလာသည့် **"ရတနာနိ ဧဒါ မဟာရာဇ ဘဂဝတာ အက္ခာတာနိ"** စသော ဒေသနာအရ ထိုနိကာယ်ငါးရပ် ပိဋကတ်သုံးပုံမှာပါသည့် ဘုရားရှင်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ် ပဋိသမ္ဘိဒါဉာဏ် ဗောလျှံဉာဏ်တို့မှာ ရတနာပန်းပွင့်များပင်ဖြစ်ကြ၏၊ ဘုရားရှင်၏ ထိုဂုဏ်တော်ရတနာပန်းပွင့်တို့မှာလည်း **"အသင်္ခ်ေယျာနိ နာမာနိ၊ သဂုဏေန မဟေသိနော"** စသောဂါထာနှင့် **"ဗုဒ္ဓါဝိ ဗုဒ္ဓသဘာဝေယျ ဝဏ္ဏံ"** စသောဂါထာတို့အရ မရေတွက်နိုင်အောင် အလွန်ပင် များပြောင်လှပါပေ၏၊ **"ဂုဏ်တော်အနန္တ မြတ်ဗုဒ္ဓ"** ဆိုသည့်အတိုင်း ဘုရားရှင်၏ ဂုဏ်တော်ရတနာပန်းပွင့်တို့မှာ အနန္တအသင်္ချေယျ အပွမေယျပင်ဖြစ်ကြသည်။ ထိုကြောင့်

http://www.dhammadownload.com

ခန္ဓသုတ်ပရိတ်၌ **"အပ္ပမာဏော ဗုဒ္ဓေါ"**ဟူ၍၎င်း၊ တေကိစ္ဆကာရိ ထေရဂါထာ၌ **"ဗုဒ္ဓ မပ္ပမေယျံ အနုဿရ ပဿနော"**ဟူ၍၎င်း ဟောတော်မူခြင်းဖြစ်သည်။

ဈေးကွက်ဝင် ရတနာပန်းကုံးများ

နာဥန္ဒမြို့သား ဥပါလိသူကြွယ်သည် မူလက မဟာဝိရ-ဂျိန်း၏ တပည့်သာဝက ဖြစ်၏၊ ဘုရားရှင်နှင့် ဝါဒရေးရာ အချေအတင် ဆွေးနွေးပြီးသောအခါ၌မူ သရဏဂုံတည် လျက် ဘုရားရှင်၏ တပည့်သာဝကဖြစ်လာပေသည်၊ ထိုသတင်းကို ကြားသည့် မဟာဝိရ -ဂျိန်းသည် ဥပါလိသူကြွယ်၏ နေအိမ်အထိသွားလျက်"သူကြွယ် သင့်ကို အဘယ်သူ၏ တပည့်ဟူ၍ အသိအမှတ်ပြုကြရပါမည်နည်း" ဟု မေးမြန်းခဲ့ရာ

ဥပါလိသူကြွယ်သည် နေရာမှထ၍ ကိုယ်ဝတ်ကို ပခုံး တစ်ဖက်၌ စံပါယ်တင်လျက် ဘုရားရှင်ရှိတော်မူရာအရပ်သို့ မျက်နှာမူ လက်အုပ်ချီပြီးလျှင် မဟာဝီရဂျိန်းကို "အရှင် ထိုသို့ဖြစ်မူ အကျွန်ုပ် မည်သူ၏ တပည့်သာဝကဖြစ်သည်ကို နားထောင်ပါလော့"ဟု ပြောဆို၍ ဘုရားရှင်၏ ဂုဏ်တော်ပေါင်း (၁၀၀)ပါဝင်အောင် ဖွဲ့ဆိုသီကျူးလိုက်သော **"ဗီရဿ ဝိဂတမောဟဿ"**စသော (၁၀) ဂါထာဖြင့် ဘုရားရှင်၏ တပည့်သာဝကဖြစ် ကြောင်းကို ပြောပြ လိုက်လေသည်။

ထိုအခါ မဟာဝီရဂျိန်းက တအံ့တသြဖြစ်ကာ"သူကြွယ် သင်ဟာ ရဟန်းဂေါတမ ၏ ဂုဏ်တော်တို့ကို အဘယ်အခါက ဖွဲ့ဆိုသီကုံးထားသနည်း"ဟု မေးမြန်းခဲ့လေသည်၊ ဥပါလိသူကြွယ်၏ အဖြေမှာ ဤသို့ပါတည်း။

http://www.dhammadownload.com

"အရှင်ဘုရား ပန်းမျိုးစုံတို့ဖြင့် စုပေါင်းထားသော ပန်းစုပန်းပုံကြီးသည် ရှိလေရာ၏၊ ထိုပန်းစုပန်းပုံကြီးကို ပန်းသီကုံးခြင်း ပန်းပြင်ခြင်းဌာ ကျွမ်းကျင်သူသည် ဆန်းကြယ်လှပ သော ပန်းကုံးပန်းဆိုင်းကို သီကုံးလေရာသကဲ့သို့ ဤအတူပင် ထိုမြတ်စွာဘုရားရှင်သည် များစွာသော ဂုဏ်ရှိတော်မူ၏၊ အရာမက များပြားလှသော ဂုဏ်ရှိတော်မူပါ၏၊ အရှင်ဘုရား ခမျိုးကျူးထိုက်သူ၏ ဂုဏ်ကျေးဇူးကို အဘယ်သူ မခမျိုးကျူးဘဲ နေ နိုင်ပါအံ့နည်း"

(မ၊ ဘ၊ ၄၉)

ဤဥပါလိသူကြွယ်၏ စကားအရ ဥပါလိသူကြွယ်သည် မြတ်ဗုဒ္ဓ၏ဂုဏ်တော် ရတနာပန်းစုပန်းပုံကြီးထဲမှာ ဂုဏ်တော်ရတနာပန်းပွင့်တို့ကို ကျွမ်းကျင်လိမ္မာစွာ ဂုဏ် တော်ရတနာပန်းကုံး (၁၀)ကုံးအဖြစ် လှပစွာ သီကုံးပြခဲ့လေသည်။

ထိုဥပမာ နည်းတူစွာပင် အဋ္ဌကထာဆရာတော်တို့သည်လည်း မိမိဖွင့်ဆိုရေးသားမည့် အဋ္ဌကထာကျမ်းတို့ကို မရေးသားခင် ဘုရား,တရား,သံဃာဟူသော ရတနာ သုံးပါးကို ရှိခိုးလေ့ရှိကြ၏၊ ထိုရတနာသုံးပါးရှိခိုးသော ဂါထာတို့ကို "ရတနတ္တယပဏာမဂါထာ"ဟု ခေါ်ရသည်၊ ယင်းသို့ ရတနာသုံးပါးရှိခိုးသော ဂါထာတို့ကို သီကုံးရေးသားကြရာ၌ မြတ်ဗုဒ္ဓ၏ အနန္တ ဂုဏ်တော် ရတနာပန်းစုပန်းပုံကြီးထဲမှ အဓိကပဓာနကျသော ဂုဏ်တော် ရတနာပန်းတို့ ပါဝင်အောင် သီကုံးရေးသားကြလေသည်၊ ဂုဏ်တော်ရတနာပန်းကုံးတို့ကို သီကုံးပူဇော် ခြင်းပင် ဖြစ်သည်၊ အဋ္ဌကထာဆရာတော်တို့ကား ဥပါလိသူကြွယ်ကဲ့သို့သော ပန်းကုံး သမားတို့ပင် ဖြစ်ကြ၏။

အဋ္ဌကထာဆရာတော်တို့ဟူသည် တခြားပုဂ္ဂိုလ်များထက် အသိဉာဏ်ပညာရော ဘုန်းကံသမ္ဘာပါ ကြီးမားသူတို့ဖြစ်ကြသည်၊

http://www.dhammadownload.com

နိကာယ်ငါးရပ် ပိဋကတ်သုံးပုံဟု ဆိုအပ်သော သကသမယအယူဝါဒ, တခြားဘာသာအယူဝါဒဟုဆိုအပ်သော ပရသမယတို့၌ပါ ကျမ်းကျင်နှံ့စပ်လိမ္မာတော်မူကြ၏၊ ဤသို့သော ကျမ်းကျင်နှံ့စပ်မှုနှင့် ဘုန်းကံသမ္ဘာ ဉာဏ်ပညာကြီးမားမှုတို့ကြောင့်ပင် ဘုရားဟောပါဠိတော်တို့ကို အဋ္ဌကထာ အနေဖြင့် ရေးသားဖွင့်ဆိုခွင့်ကို ရရှိတော်မူကြခြင်းဖြစ်သည်၊ ယင်းသို့သော မဟာအခွင့်ထူးကြီးကို ရကြ၍ ရတနာသုံးပါးကို ရှိခိုးကြရာ ဂါထာသီကုံးရာ၌ အပြောင်မြောက်ဆုံးသော အဓိကပဓာနကျသည့် ဂုဏ်တော်တို့ပါဝင်အောင် လက်စွမ်းပြလျက် ရေးသားတော်မူကြ၏၊ သို့ဖြစ်၍ အဋ္ဌကထာဆရာတော်တို့ ကျမ်းအစမှာ ရှိခိုးရေးသား ထားကြသည့် ပဏာမဂါထာတို့မှာ စေ့းကွက်ဝင် ရတနာပန်းကုံးများ ဖြစ်သွားကြရပေ သည်၊ စေ့းကွက်ဝင် ရတနာပန်းကုံးဂါထာများဖြစ်၍လည်း ဘုရားဂုဏ်တော်ပွားများ ကြည်ညိုလိုသူတို့အဖို့ ရတနာပန်းကုံးဂါထာများမှာ တန်ဖိုးမဖြတ်နိုင်အောင် တန်ဖိုး အနှဲ့ ထိုက်တန်လှပါ၏၊

အဋ္ဌကထာဆရာတော်တို့မှာ အရှင်မဟာဗုဒ္ဓဃောသမထေရ်၊ အရှင်ဗုဒ္ဓဒတ္တ မထေရ်၊ အရှင်ဓမ္မပါလမထေရ်၊ အရှင်မဟာနာမမထေရ်၊ အရှင်ဥပသေနမထေရ် အရှင်သာရိပုတ္တရာမထေရ်(သီဟိုဠ်)-စသော မဟာထေရ်ဆရာတော်ကြီးတို့ ဖြစ်တော်မူကြ၏၊ အဋ္ဌကထာနာမည်နှင့် ကျမ်းပြု ပညာရှင်တို့၏ ဘွဲ့နာမည်တို့ကို (စာမျက်နှာ-၁၅၉)မှာ ရှုပါ၊ ထိုတွင် မြန်မာပြည်မှ ရေးသား သော အဋ္ဌကထာ (၃) စောင်ကိုလည်း တွေ့ရပါမည်၊ သထုံဇေတဝန်ဆရာတော် ရေးသားသော မိလိန္ဒပဉ္ဉာအဋ္ဌကထာ, ပေဋကောပဒေသ အဋ္ဌကထာတို့နှင့် ဗန်မော် ဆရာတော်ရေးသားသော ထေရီအပဒါန ဒီပနီအဋ္ဌကထာဖြစ်ပါသည်၊ မြန်မာနိုင်ငံ သာသနာအဖို့ ဂုဏ်ယူစရာပင်ဖြစ်ပါပေ၏။

http://www.dhammadownload.com

အရှင်မဟာဗုဒ္ဓယောသ၏ စတိုင်

အဋ္ဌကထာဆရာတော်ကြီး အရှင်မဟာဗုဒ္ဓယောသသည် ဘုရားဟော နိကာယ် ပဋ္ဌကပါဠိတော်တို့ကို မဖွင့်ဆိုခင် ရှေးဦးစွာ ရတနာသုံးပါးတို့ကို ဂါထာများဖြင့် ရှိခိုးလေ့ရှိ၏။ ထိုဂါထာတို့ကို "ရတနတ္တယ ပဏာမ ဂါထာ-ရတနာသုံးပါးတို့အား ရှိခိုးသောဂါထာ ဟုခေါ်သည်။ ယင်းသို့ ရတနာသုံးပါးတို့အား ရှိခိုးမှုပြုရာတွင် ဖွင့်ဆိုရမည့် ပဋ္ဌကတ်ကျမ်းအားလျော်စွာ ဘုရားဂုဏ်တော်တို့ကို ဖော်ထုတ်လျက် ရှိခိုးခဲ့လေသည်။ ဤသည်မှာ "အာရဗ္ဘာနုရူပ ထောမနာနည်း" ဖြင့် ရှိခိုးခြင်း ဖြစ်သည်။ ထို့အပြင် ဖွင့်ဆိုရမည့် နာမည်အား လျော်စွာလည်း ခွဲးမွမ်းလျက် ရှိခိုးခဲ့ပေသည်။ ယင်းမှာ "နာမာနုရူပ ထောမနာ နည်း"ဖြင့် ရှိခိုးဖြစ်သည်။ ၄င်းအပြင် ဖွင့်ဆိုရမည့် ကျမ်း၏ အရေအတွက်သခ်္ချာအားလျော်စွာလည်း ခွဲးမွမ်းရှိခိုး ခဲ့သေး၏။ ထိုနည်းမှာ "သခ်္ချာနုရူပထောမနာနည်း"ဖြင့် ရှိခိုးခြင်းပင် ဖြစ်သည်။ ယင်းသို့သော-

၁။ အာရဗ္ဘာနုရူပ ထောမနာနည်း

၂။ နာမာနုရူပ ထောမနာနည်း

၃။ သခ်္ချာနုရူပ ထောမနာနည်း တို့ဖြင့် ရှိခိုးခြင်းကို "ပကရဏာနုရူပနည်း"ဖြင့် ရှိခိုးခြင်းဟု ခေါ်ရသည်။ ဤ၌ "အာရဗ္ဘာနုရူပ ထောမနာနည်း"ဖြင့် ရှိခိုးပုံကို ပြဆိုပါမည်။

အရှင်မဟာဗုဒ္ဓယောသသည် ဒီဃနိကာယ် အဋ္ဌကထာကြီး၏ ဗုဒ္ဓပဏာမ(ဘုရားရှိခိုး)ဂါထာ၌ မိမိရေးသား ဖွင့်ဆိုမည့် ဒီဃနိကာယ်သည် ပဋ္ဌက(၃)ပုံတွင် သုတ္တန္တပဋ္ဌကဒေသနာ၌ အကျုံးဝင်သဖြင့် ထိုသုတ္တန်ဒေသနာနှင့် လိုက်ဖက်သော ဘုရားဂုဏ်တော်တို့ဖြင့် ခွဲးကျူးလျက် ဘုရားရှင်အား ရှိခိုးခဲ့လေသည်။ မှန်ပါသည်။ ဝိနည်း

http://www.dhammadownload.com

ပိဋကဒေသနာသည် မြတ်စွာဘုရားရှင်၏ မဟာကရုဏာပြဌာန်းသဖြင့် ဝိနည်းအဋ္ဌကထာဝုဒ္ဓပဏာမဌ္ဌ **"နမော ကာရုဏိကဿ တဿ"** ဟူ၍ ဘုရားရှင်အား မဟာကရုဏာတော်ဖြင့် ခိုးကျူးလျက် ရှိခိုးခဲ့၏။ အဘိဓမ္မာ ပိဋကဒေသနာမှာမူ သဗ္ဗညုတညာဏ်ပညာတော် ပြဌာန်းသဖြင့် အဘိဓမ္မာအဋ္ဌကထာ ဝုဒ္ဓပဏာမဌ္ဌ "တဿာ ပညာယ တေဇဿာ"ဟူ၍ ဘုရားရှင်အား သဗ္ဗညုတညာဏ်ပညာတော်ဖြင့် ခိုးကျူးလျက် ရှိခိုးခဲ့လေသည်။

သုတ္တန္တပိဋကဒေသနာသည်ကား ဝိနည်းဒေသနာကဲ့သို့ မဟာကရုဏာတစ်မျိုးသာ ပြဌာန်းသည် မဟုတ်ပေ။ အဘိဓမ္မာဒေသနာကဲ့သို့လည်း သဗ္ဗညုတညာဏပညာတစ်မျိုးသာ ပြဌာန်းသည် မဟုတ်ပါချေ။ သုတ္တန်ဒေသနာ၌ မဟာကရုဏာရော သဗ္ဗညုတညာဏ်ပညာပါနှစ်မျိုးစလုံး ပြဌာန်းလျက်ရှိ၏။ ထို့ကြောင့် အဋ္ဌကထာဆရာတော်သည် သုတ္တန်ပိဋကအဋ္ဌကထာကို ဖွင့်ဆိုရာတွင် ဘုရားရှင်အား ရှိခိုးရာ၌ **"ကရုဏာ သီတလ ဟဒယံ ပညာ ပဇ္ဇောတ ဝိဟတမောဟတမံ"** ဟူ၍ ကရုဏာ+ပညာ-နှစ်ပါးစလုံးဖြင့် ခိုးကျူး လျက် ရှိခိုးခြင်းဖြစ်သည်။ မိမိရေးသား ဖွင့်ဆိုမည့် ပိဋကနှင့် လျော်ညီစွာ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ဖော်ထုတ်လျက် ခိုးကျူး ပူဇော်ခြင်းကို "အာရဗ္ဘာ နုရူပ ထောမနာ"ဟု ခေါ်ပါသည်။

ဝုဒ္ဓပဏာမဂါထာတွင် "ကရုဏာ"ပုဒ်ဖြင့် ဘုရားရှင်၏ လောကီဂုဏ်အားလုံးနှင့် ပြည့်စုံမှုကို ပြသလို "ပညာ"ပုဒ်ဖြင့် လောကုတ္တရာ ဂုဏ်အားလုံးနှင့် ပြည့်စုံမှုကိုပြရကား ဤတစ်ဂါထာဖြင့်ပင် ဘုရားရှင်၏ ဂုဏ်တော် အားလုံးကို သိမ်းကြုံးပူဇော်ပြီးသားဖြစ်သွားသည်။ ထို့အပြင် ဘုရားဂုဏ်အားလုံးတို့၏ အစမှာ ကရုဏာဖြစ်ပြီး အဆုံးမှာ ပညာဖြစ်သည်။ ယင်းသို့ အစဆုံး ကရုဏာဂုဏ်နှင့်

http://www.dhammadownload.com

နောက်ဆုံး ပညာဂုဏ်ကို ပြလိုက်သောကြောင့် မိဂပဒဝဋ္ဌနာနည်းဖြင့် ဘုရားဂုဏ်အားလုံးကို သိမ်းကြုံးပူဇော်ပြီးသား ဖြစ်သွားရသည်။

ဤသို့လျှင် "ကရဏာ သိတလ ဟဒယံ"ဟူသော ဂါထာဖြင့်ပင် ဘုရားဂုဏ်တော် အားလုံးပါဝင်အောင် ပူဇော်ထားသည်ဖြစ်၍ ဤဒီဃနိကာယ် အဋ္ဌကထာပဏာမ၌ ရှိခိုးခဲ့သလို သုတ္တန်ပိဋကချင်းတူပြီး နိကာယ် ချင်းကွဲသော မဇ္ဈိမနိကာယ် အဋ္ဌကထာ၌၄င်း၊ သံယုတ္တနိကာယ် အဋ္ဌကထာ၌၄င်း၊ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ၌၄င်း၊ ဤပဏာမဂါထာဖြင့်ပင် ဘုရားရှင်အား ရှိခိုးခဲ့လေသည်။ သီးသန့်ပဏာမဂါထာကို ရေးသားလျက် ရှိမခိုး တော့ပေ။ ယင်းသို့ နိကာယ်အဋ္ဌကထာကြီး(၄)စောင်စလုံး၏ ဗုဒ္ဓပဏာမ (ဘုရားရှိခိုး) ဂါထာမှာ တစ်ဂါထာတည်း ဖြစ်နေသည်ကို ထောက်ရှုခြင်းဖြင့် အဋ္ဌကထာဆရာတော် အရှင်မဟာဗုဒ္ဓယောသ မထေရ်သည် ဤဂါထာ၏ ဂုဏ်တော်စွမ်းရည်သတ္တိတို့ကို အလွန်ယုံကြည်စိတ်ချပြီး အဋ္ဌကထာကြီး(၁၃)တွဲကို ရေးသားခဲ့လေသည်ဟု ယူဆ ရပေသည်။

ထို့ကြောင့် သီတဂူဆရာတော်စသော ဓမ္မကထိကအကျော် အမော်ဆရာတို့သည်လည်း တရားပွဲတို့တွင် "ကရဏာ သိတလ ဟဒယံ"စသော ဤဗုဒ္ဓပဏာမ ဂါထာဖြင့်ပင် ဘုရားရှိခိုးလျက် အာသီသမင်္ဂလာ ပြုလုပ် ကြလေသည်။

အရှင်ဓမ္မပါလ စတိုင်

အဋ္ဌကထာဆရာတော်ကြီး အရှင်မဟာဗုဒ္ဓယောသသည် ဒီဃနိကာယ်စသော နိကာယ်အဋ္ဌကထာကြီး(၄) စောင်တို့၌ "ကရဏာ သိတလ ဟဒယံ"စသော ပဏာမ(၃)ဂါထာဖြင့်ပင် ရတနာ သုံးပါးတို့အား ရှိခိုးခဲ့လေသည်။ မဇ္ဈိမနိကာယ်စသည်ဖြင့် အဖွင့်ခံပါဠိတော် နိကာယ်တို့သာ ပြောင်းလဲသွားပါသော်လည်း ပဏာမဂါထာတို့မှာမူ

http://www.dhammadownload.com

မပြောင်းလဲခဲ့ပေ။ ဤမျှအထိ အရှင်မဟာဗုဒ္ဓယောသည် မိမိရှိခိုးပူဇော်ထားသော "ကရဏာ သိတလ ဟဒယံ" စသည့် ပဏာမဂါထာတို့ကို ယုံကြည်လက်ခံခဲ့လေသည်။

ထိုအရှင်မဟာဗုဒ္ဓယောသ၏ နည်းထုံးကိုယူ၍ အဋ္ဌကထာဆရာတော် အရှင်ဓမ္မပါလသည်လည်း ဥဒါန အဋ္ဌကထာစသော အဋ္ဌကထာ(၇)စောင်တို့၌ **"မဟာကာရုဏိကံ နာထံ"**စသော ပဏာမ(၃)ပါထာဖြင့်ပင် ရတနာသုံးပါးတို့အား ရှိခိုးခဲ့ခြင်း ဖြစ်သည်။ အဖွင့်ခံပါဦးတော်ကျမ်း ပြောင်းလဲသွားသော်လည်း ရှိခိုးသော ပဏာမသုံးဂါထာတို့မှာမူ မပြောင်းလဲဘဲ စွဲမြဲစွာ ရှိခိုးခဲ့ပေသည်။ ဤနည်းထုံးတို့ကို ယူ၍ အရှင်မဟာဗုဒ္ဓယောသ၏ "ကရဏာ သိတလ ဟဒယံ" စသော (၃)ဂါထာ၊ အရှင်ဓမ္မပါလ၏ "မဟာကာရုဏိကံ နာထံ" စသော(၃)ဂါထာတို့ဖြင့် နေ့စဉ်နေ့တိုင်း ရတနာသုံးပါးအား ရှိခိုးထိုက်ပေသည်။

ပဏာမဂါထာ ရေးသားရကျိုးများ

အဋ္ဌကထာဆရာတော်တို့၏ အဋ္ဌကထာကျမ်းဦးအစမှာ ရတနာသုံးပါး၏ ဂုဏ်ရည်ပြလျက် ရတနာသုံးပါးကို ရှိခိုးခြင်း ရတနတ္တယပဏာမဂါထာတို့ဖြင့် ဘာကိုပြလိုပါသနည်း-ဟူမူ လောကရေးမှာဖြစ်စေ သာသနာရေးမှာဖြစ်စေ အလုပ်တစ်ခုကို ပြုလုပ်တော့မည်ဆိုလျှင် ထိုအလုပ် မစတင်သေးခင် ရှေးဦးစွာ ရတနာသုံးပါးကို ရှိခိုးကြ ရပေမည်၊ ထိုရှိခိုးခြင်းပဏာမကုသိုလ်စေတနာက ထောက်ပံ့လိုက်သည့်အခါ မိမိပြုလုပ် မည့်အလုပ်သည် အန္တရာယ်ကင်းရှင်းစွာ ပြီးစီးအောင်မြင်သွားပေလိမ့်မည်-ဟူသော "လုပ်ငန်းစတင်ပြုလုပ်နည်း"ကို ပြဆိုနေပေသည်။ ထိုအကြောင်းကို အဋ္ဌကထာဆရာတော်တို့ ကိုယ်တိုင် ပဏာမဂါထာတို့၏ နောက်၌လာသော "ဣတိ

http://www.dhammadownload.com

မေ ပသန္နမတိနော” စသောဂါထာဖြင့် ပြဆိုလျက် ရှိပေသည်။ ထိုမှတစ်ဖြာ ဉာဏ်ပညာနှင့် ဘုန်းကံသမ္ဘာ ကြီးမားကြသော အဋ္ဌကထာဆရာတော်ကြီးတို့သော်မှ ရတနာသုံးပါးကို ရှိခိုးပြီးမှ ကျမ်းစာရေးသားခြင်းအလုပ်ကို ပြုလုပ်ရသေးလျှင် သူလိုငါလို သာမညပုဂ္ဂိုလ်များအဖို့ အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း၊ မဖြစ်မနေ ရတနာသုံးပါးကို ရှိခိုးကြရမည်သာ- ဟူသော အသိဉာဏ်ကိုလည်း ပေးဝေလျက်ရှိပါသည်။

လှရတနာစာစဉ် (၆၀)နှင့် အခန်း (၆)ခန်း

“သုံးပါးရတနာ ပန်းဆင်းပါ” ဟူသော ဤစာအုပ်မှာ စာရေးသူ၏ အုပ်ရေ (၆၀) မြောက် ဖြစ်ပါသည်၊ အုပ်ရေ (၆၀) မြောက်စာအုပ်မှာ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၏ အဋ္ဌကထာ(၄၅)စောင်မှာလာသည့် ပဏာမဂါထာပေါင်း (၉၈) ဂါထာ၏ နိဿယမြန်မာ ကို ဖော်ပြခွင့်ရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါ၏၊ နေစဉ် အဋ္ဌကထာစာဝါကို ပို့ချနေရသဖြင့်လည်း ပဏာမဂါထာတွေကို ရေးသားပူဇော်ခဲ့ကြသည့် အဋ္ဌကထာဆရာတော်တို့၏ ကျေးဇူးကိုဆပ်ပြီးသားလည်း ဖြစ်သွားပါသည်၊ သို့ဖြစ်၍ ဤစာအုပ်တွင် အခန်း(၆)ခန်းဖွဲ့လျက် စီစဉ်ထားခြင်း ဖြစ်ပါသည်။ အခန်း (၆) ခန်းတို့မှာ ဤသို့ပါတည်း။

၁။ မွေးနေ့မင်္ဂလာ သံစဉ်တေးများ

၂။ မွေးနေ့မင်္ဂလာ မေတ္တာစကားများ

၃။ စျေးကွက်ဝင် ရတနာပန်းကုံးများ

၄။ သုံးပါးရတနာ ပန်ဆင်ရကျိုးများ

၅။ အနေကဇာတင်နှင့် မွေးနေ့မင်္ဂလာမှတ်တမ်းလွှာ

၆။ အဋ္ဌကထာ ပဏာမဂါထာများနှင့်ကျမ်းပြုပညာရှင်များ။

http://www.dhammadownload.com

ကုသိုလ်အမျှ ပေးဝေခြင်း

"သုံးပါးရတနာ ပန်ဆင်ပါ"ဟူသော ဤစာအုပ်၌ မြတ်စွာဘုရားရှင်၏ ဝါတော် (၄၅)ဝါကို ပူဇော်သောအနေဖြင့် အဋ္ဌကထာ (၄၅)စောင်တို့မှ ပဏာမဂါထာပေါင်း (၉၈) ဂါထာ၏ မြန်မာနိဿယကို ဖော်ပြထားပါသည်၊ အရှင်မဟာဗုဒ္ဓယောသနှင့် အရှင်ဓမ္မပါလတို့ရဲ့စတိုင်ရေနည်းအရ တူတာတွေကို ပေါင်းလိုက်လျှင်မူ (၇၁) ဂါထာ ဖြစ်ပါသည်၊ ထိုဂါထာတို့သည်ကား အဋ္ဌကထာတွေရဲ့ ကျမ်းဦးအစမှာ ဖော်ပြထားသဖြင့် စေးကွက်ဝင်သွားပြီး စေးကွက်တင်ထားသော **"စံပြရတနာပန်းကုံးမှား"**ပင်ဖြစ်ကြတော့၏။ ဤစံပြရတနာပန်းကုံးမှား ဖြစ်ကြသည့် ပဏာမဂါထာတို့၏ နိဿယတို့ကို စုစည်း ဖော်ပြထားသည့် **"သုံးပါးရတနာ ပန်ဆင်ပါ"** ဟူသော ဤစာအုပ်ဖြင့် ကျေးဇူးရှင် စာချဆရာတော်တို့အား ပူဇော်ပါ၏။ ဤကုသိုလ်၏ အဖိုဘာဂကို မယ်တော်ကြီး ဒေါ်ခင်ညွန့်၊ ရဟန်းဒါယိကာမကြီးဒေါ်မြဝင်း နှင့် မကြီး, မစန်းအေး ညီအစ်မတို့အား အမျှပေးဝေပါ၏၊ ဝမ်းမြောက်စွာ သာဓုခေါ်နိုင်ကြပါစေ။

အထူးကျေးဇူးတင်ခြင်း

"သုံးပါးရတနာ ပန်ဆင်ပါ"ဟူသော ဤစာအုပ်ဖြစ်ပေါ်လာအောင် (၂၀၁၃)ခုနှစ် တွင် မွေးနေ့ပွဲ လုပ်ပေးရုံတင် မကပဲ ဤ (၂၀၁၆) ခုနှစ်တွင်ပါ Chatrium ဟိုတယ်၌ မွေးနေ့ပွဲ ပြုလုပ်ပေးပါသော ရဟန်းအမကြီး ဒေါ်ရွှေဥကို အထူးကျေးဇူးတင်ရပါ၏။

ထို့မှတစ်ဖြာ လိုအပ်သော အဋ္ဌကထာနိဿယတို့ကို လှူပေးခဲ့သော မကြီး,မစန်းအေး ညီအစ်မနှင့် ဤစာအုပ်ကို **"မွေးနေ့လက်ဆောင်"**အဖြစ် လှူဒါန်းပေးပါသော ကိုအောင်ကြီး မခင်မာခို့ မိသားစုကိုလည်း အထူးကျေးဇူးတင်ရပါ၏။

http://www.dhammadownload.com

(တ)

ထို့အပြင် စာမူများကို ရိုက်ပေးရုံတွင်သာမကပဲ မပျောက် မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ပေးပါသော သာသနာ့မင်္ဂလာ သိမ်ကျောင်းဘုန်းကြီး ဘဒ္ဒန္တအာသဘ၊ အဘိဓဇဘုန်းကြီး ဘဒ္ဒန္တရာဇိန္ဒ၊ ပိဋကသိဏ္ဍိဘုန်းကြီး ဘဒ္ဒန္တပညာသေဋ္ဌာလင်္ကာရ-တို့ကို လည်း အထူး ကျေးဇူးတင်ရပါ၏။ ဤပုဂ္ဂိုလ်တို့၏ ထောက်ပံ့လှူဒါန်းမှု၊ ကူညီပံ့ပိုးမှု တို့ကြောင့်သာ ပိဋကတ်သုံးပုံအဋ္ဌကထာစုံ(၄၅)စောင်တို့၏ ပဏာမ ဂါထာနိဿယတို့ကို တစုတဝေးတည်း(စာအုပ်တစ်အုပ်တည်း)မှာ တွေ့မြင်ကြရခြင်းဖြစ်သည်။

ဟင်းလင်းပြင်မှာ ပြဿထားခြင်း

ရတနာပန်းကုံးတို့ကို အမိုးအကာတွေကာရံထားပြီး လုံခြုံရေးတွေချထားသော စျေးရုံ စျေးဆိုင်အတွင်းမှာ ပြဿထားသည် မဟုတ်ပါ၊ ထို့အပြင် အာမခံသေတ္တာအတွင်း မှာ ထည့်သွင်းပြီးပြဿ ထားသည်လည်း မဟုတ်ပါ၊ လွယ်ကူစွာ ဝယ်ယူနိုင်သော အခွန် လွတ်စျေး ဟင်းလင်းပြင် ကွင်းပြင်မှာ ပြဿထားလိုက်ပါပြီ၊ အဖိုး အခဖြင့် အလိုရှိသလို အလိုရှိတိုင်း ရတနာပန်းကုံးတို့ကို စိတ်တိုင်းကျ ဝယ်ယူနိုင်ကြပါပြီ၊ ရတနာပန်းကုံးစျေးကွက်, အခွန်လွတ်စျေးကို ဖွင့်လိုက်ပြီ ဖြစ်ပါသည်။

ဝိဝဋ္ဋင်္ဂနိက္ခိတ္တံ၊ ဓန မာရက္ခ ဝဋ္ဋိတံ။
ဓနကာမ ယထာကာမံ၊ တုဝံ ဂစ္ဆ ယဒိစ္ဆသိ။
(အလင်္ကာကျမ်း)

အဖိုးအခဖြင့် ဝယ်ယူပူဇော်နိုင်ပြီ

အခွန်လွတ်စျေးမှာပဲဖြစ်စေ ဟိုတယ်တွေမှာ ကျင်းပသည့် ရတနာစျေးပွဲတော်မှာပဲ ဖြစ်စေ ရောင်းချသည့်ပစ္စည်းကို အခမဲ့

http://www.dhammadownload.com

(အလကား)တော့ မရနိုင်ပါဘျ၊ တန်ရာတန်ကြေးကိုတော့ ပေးရမည်သာ၊ ယခုလည်း အခွန်လွတ်စျေးမှာ ရတနာပန်းကုံး တို့ကို စျေးကွက်ဖွင့်လိုက်ပြီဖြစ်ပါသော်လည်း တန်ရာတန်ကြေးဖြင့် ပေး၍ ဝယ်ရမည်သာဖြစ်၏၊ **"တန်ရာတန်ကြေး"** ဟူသည် ဤ၌ ငွေကြေးကို ဆိုလိုသည် မဟုတ်ပါ၊ **"သဒ္ဓါယ တရတိ ဩဃံ"** ဟူသော ဒေသနာအရ ယုံကြည်မှုသဒ္ဓါတရား အဖိုးအခနှင့် **"ဝိရိယေန ဒုက္ခ မစ္ဆေတိ"** ဟူသော ဒေသနာအရ ကြိုးစားကျင့်မှတ် ရွတ်ဖတ်မှု ဝိရိယအဖိုးအခကို ဆိုလိုပါသည်၊ ဤ သဒ္ဓါ+ဝိရိယ အဖိုးအခဖြင့် **"သုံးပါးရတနာပန်ဆင်ပါ"**ဟူသော ဤစာအုပ်ထဲမှာ ခင်းကျင်းပြသထားသော ရတနာပန်းကုံး (ပဏ္ဏာမဂါထာ)တွေကို စိတ်တိုင်းကျ ဝယ်ယူပူဇော်နိုင်ပါပြီ၊ ဝိနည်းပိဋကလာ ရတနာပန်းကုံး ဒီဃနိကာယ်လာ ရတနာပန်းကုံးစသည်ဖြင့် ရတနာပန်းကုံး (၉၈) ကုံး (ပဏ္ဏာမဂါထာ-၉၈-ဂါထာ)ထဲမှ မိမိတို့ကြိုက်နှစ်သက်ရာ ရတနာပန်းကုံးတို့ဖြင့် မိမိခန္ဓာကိုယ်မှာ အလှဆင်နိုင်ကြပါပြီ။

အသင့်ပန်ဆင် ဝတ်ဆင်နိုင်ရန် ခင်းကျင်းပြသထားသော **"သုံးပါရတနာ ပန်ဆင်ပါ"**ဟူသော အခွန်လွတ်စျေးထဲမှ စျေးကွက်ဝင် ရတနာပန်းကုံးတို့ကို **"ကမ္မေန တံ ကိဏိတွာန၊ ရတနံ ဝေါ ပိဋ္ဌေထ"** ဟူ၍ မိလိန္ဒပဉ္ဉာပါဠိတော်မှာ တိုက်တွန်းထားသည့် အတိုင်း ကုသိုလ်ကံ သဒ္ဓါ ဝိရိယ-အဖိုးအခဖြင့် ဝယ်ယူ (ကျက်မှတ်) ကြလျက် ရတနာပန်းကုံးတို့ကို ပန်ဆင်နိုင်ကြသော ရတနာသူငြေးတွေ ဖြစ်ကြပါစေ ဟူ၍ အာသီသ ပတ္ထနာပြုရပါ၏။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေ။

အရှင်နာရဒါဘိဝံသ (လှရတနာ)
(၂၁၊ ၁၁၊ ၂၀၁၆)စင်္ကနေ့။

http://www.dhammadownload.com

(၃)

ဆဲတော်ရတနာစေတီ ဝန္ဒနာ

စေတီယေ အဂ္ဂကေသေဝါ၊ ဗုဒ္ဓဗိမ္ဗာနိ ဓာတုယော။
ပရိဘောဂ ပါဝစနံ၊ နိဓာနံ ပူဇယံ ကတံ။
ဗုဒ္ဓပါဒမိဒံ ဝန္ဒာမိ၊ ကေသာရတန စေတိယံ။

(၁) ကုသိုလ်ကောင်းမှု ကိစ္စအစုဥ် လုထုပါအောင် ခေါင်းဆောင်ခဲ့ခြင်းကြောင့် ကောင်းစွာမသွေ ရရှိပေသော သင်းကျစ်တော်မဟုတ်မတရား မုသားပြောခြင်းမှ ရှောင်ကြဉ်ခဲ့ခြင်းကြောင့် ကောင်းစွာမသွေ ရရှိပေသော ဥဏ္ဏာလုံမွေးရှင်တော်တို့ ကိန်းဝပ်တည်ရှိရာ ဦးခေါင်းတော်၌ ပေါက်ရောက်သော လက္ခဏာတော်ငယ် ခုနှစ်သွယ်တို့ဖြင့် ပြည့်စုံပေတတ် ဆံတော် မြတ်တို့ကိုလည်းကောင်း၊

ဘုရားရှင်၏ အဓိဋ္ဌာန်ချက်ဖြင့် ထားရစ်ခဲ့သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မွမ်းထုံအပ်သော မုန်ညင်းစေ့ငယ် အရွယ်ပမာဏ ရှိကြကုန်ငြား သရီရဓာတ်တော်များ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များ **ဓာတု စေတီ**ကိုလည်းကောင်း၊

(၂) မုနိငါးမျိုး ခေါင်ကမိုး၍ တန်ခိုးရှိန်အား လွန်ကြီးမားသည့် မုနိသေဋ္ဌနင်း တရားမင်းဖြစ်သော မြတ်စွာဘုရားရှင်၏ အာခံတွင်းတော် ကြာတိုက်၌ စွဲပိုက်ဖြစ်ခြင်းကြောင့် အပြစ်ကင်းလတ်ကောင်းမြတ် ပေထသော ဝိနယ သုတ္တ ဘိဓမ္မဟု ပိဋကသုံးလီ အမည်ရငြား ဗုဒ္ဓဟောကြား တရားတော်များ **ဓမ္မစေတီ** ကိုလည်းကောင်း၊

(၃) ဘုရားသဏ္ဌာန် ဤပုံဟန်ဟု မှန်းဆဉာဏ်သွင်း သိရှိခြင်းဌာပုံဖော်ညွှန်းပြု သွန်းထုစီရင်အပ်သော ဘဒ္ဒမည်သာ ဤကမ္ဘာဟု အခါစာရင်း ဤအတွင်းဝယ် ကောင်းတင်းလှိုက်ဆူ ပွင့်တော်မူကြကုန်ပြီးသော ကကုသန်ဘုရား ကောဏာဂုမ်ဘုရား ကဿပဘုရား

http://www.dhammadownload.com

ဂေါတမဘုရား အားဖြင့် လေးဆူကုန် သော ဆင်းတုရုပ်ပွား- **ဥဒ္ဓိဿ စေတီ**များကိုလည်းကောင်း၊

(၄) သစ္စာလေးဖြာ သိရှိရာဖြစ်သော မဟာဗောဓိပင်မှ ဗောဓိရွှေညောင်ရွက်များ သက်နှံးများ သံဝေ ဇနိယ လေးဌာနဒေသမှ အောင်မြေများအား ဖြင့် ဘုရားရှင်သုံးစွဲ နေထိုင်သွားလာခဲ့သော **ပရိဘောဂစေတီ** ကိုလည်းကောင်း၊

(၅) တထောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်း အရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ်အသားပါရှိသော နှစ်ဖက်သော ခြေဖဝါးဟု ဆိုအပ်သော **ပါဒစေတီ**ကိုလည်းကောင်း၊

ဤသို့လျှင် ဓာတု ဓမ္မ ဥဒ္ဒိဿ ပရိဘောဂ ပါဒအား ဖြင့် စေတီငါးဆူ ကိန်းဝပ်စံပယ်တော်မူသော ထွန်းသစ်ကျောက်သံ ရွှေငွေရံလျှက် ကိုးပျံနဝရတ် စီခြယ်လတ်သည့် **ဆံတော်ရတနာစေတီမြတ်**ကို ရိုသေလှစွာ စေတနာဖြင့် သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

****

http://www.dhammadownload.com

သုံးပါးရတနာ ပန်ဆင်ပါ

မာတိကာ

(၁) စမ်းစနစ်မဂ်လာ သံစဉ်စတေးများ

	ဆဲတော်ရတနာစေတီဝန္ဒနာ	၃
၁။	တောင်းဆုချွေ	၁
၂။	ပီတိဝမ်းသာ မင်္ဂလာ	၂
၃။	ဆဲတော်ရတနာစေတီ ရတုပိုဒ်စုံ	၄
၄။	နာညတြဟောဇ္ဈာဂါထာ အလင်္ကာ	၆

(၂) စမ်းစနစ်မဂ်လာ စမတ္ထာစကားများ

၅။	ပန်းမော်ဆရာတော်၏ အနုမောဒနာတရား	၈
၆။	ဆင်ဖြူတောင်ဆရာတော်၏ မုဒိတာစကား	၁၅
၇။	ဒေါ်ရွှေဥ၏ ရင်တွင်းစကား	၁၉
၈။	လှရတနာဆရာတော်၏ ရေစက်ချတရား	၂၃

(၃) စမ်းကွက်ဝင် ရတနာပန်းကုံးများ

၉။	ရတနာပန်းများ ပွင့်လန်းခြင်း	၄၁
၁၀။	သမန္တပါသာဒိက အဋ္ဌကထာ ပဏာမနိဿယ	၄၄
၁၁။	ကင်္ခါဝိတရဏီ အဋ္ဌကထာ ပဏာမနိဿယ	၄၆
၁၂။	မူလသိက္ခာ အဋ္ဌကထာ ပဏာမနိဿယ	၄၇
၁၃။	ခုဒ္ဒသိက္ခာ အဋ္ဌကထာ ပဏာမနိဿယ	၄၈

http://www.dhammadownload.com

၁၄။ ဝိနယဝိနိစ္ဆယ အဋ္ဌကထာ ပဏာမနိသယ ၄၉

၁၅။ ဥတ္တရဝိနိစ္ဆယ အဋ္ဌကထာ ပဏာမနိသယ ၄၉

၁၆။ ဝိနယသင်္ဂဟ အဋ္ဌကထာ ပဏာမနိသယ ၅၀

၁၇။ အဋ္ဌသာလိနီ အဋ္ဌကထာ ပဏာမနိသယ ၅၁

၁၈။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဏာမနိသယ ၅၄

၁၉။ ဓာတုကထာ အဋ္ဌကထာ ပဏာမနိသယ ၅၅

၂၀။ ပုဂ္ဂလပညတ္တိ အဋ္ဌကထာ ပဏာမနိသယ ၅၆

၂၁။ ကထာဝတ္ထု အဋ္ဌကထာ ပဏာမနိသယ ၅၇

၂၂။ ယမက အဋ္ဌကထာ ပဏာမနိသယ ၅၈

၂၃။ ပဋ္ဌာန အဋ္ဌကထာ ပဏာမနိသယ ၅၉

၂၄။ အဘိဓမ္မာဝတာရ အဋ္ဌကထာ ပဏာမနိသယ ၆၁

၂၅။ နာမရူပပရိစ္ဆေဒ အဋ္ဌကထာ ပဏာမနိသယ ၆၃

၂၆။ ပရမတ္ထဝိနိစ္ဆယ အဋ္ဌကထာ ပဏာမနိသယ ၆၃

၂၇။ သစ္စသင်္ခေပ အဋ္ဌကထာ ပဏာမနိသယ ၆၄

၂၈။ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ ပဏာမနိသယ ၆၄

၂၉။ မောဟဝိစ္ဆေဒနီ အဋ္ဌကထာ ပဏာမနိသယ ၆၆

၃၀။ သုမင်္ဂလဝိလာသိနီ အဋ္ဌကထာ ပဏာမနိသယ ၆၇

၃၁။ ပပဉ္စသူဒနီ အဋ္ဌကထာ ပဏာမနိသယ ၆၉

၃၂။ သာရတ္ထပကာသနီ အဋ္ဌကထာ ပဏာမနိသယ ၇၂

၃၃။ မနောရထပူရဏီ အဋ္ဌကထာ ပဏာမနိသယ ၇၅

၃၄။ ခုဒ္ဒကပါဋ အဋ္ဌကထာ ပဏာမနိသယ ၇၈

၃၅။ ဓမ္မပဒ အဋ္ဌကထာ ပဏာမနိသယ ၇၈

၃၆။ ပရမတ္ထဒီပနီ ဥဒါန အဋ္ဌကထာ ပဏာမနိသယ ၇၉

http://www.dhammadownload.com

၃၇။ ပရမတ္ထဒီပနီ ကြတိဝုတ္ထကအင်္ဂကထာပဏာမနိဿယ ၈၁

၃၈။ ပရမတ္ထဇောတိကာ သုတ္တနိပါတအင်္ဂကထာ
ပဏာမနိဿယ ၈၃

၃၉။ ပရမတ္ထဒီပနီ ဝိမာနဝတ္ထု အင်္ဂကထာ ပဏာမနိဿယ ၈၄

၄၀။ ပရမတ္ထဒီပနီ ပေတဝတ္ထု အင်္ဂကထာ ပဏာမနိဿယ ၈၆

၄၁။ ပရမတ္ထဒီပနီ ထေရထေရီဂါထာ အင်္ဂကထာ
ပဏာမနိဿယ ၈၇

၄၂။ အပဒါန အင်္ဂကထာ ပဏာမနိဿယ ၈၉

၄၃။ ထေရီအပဒါနဒီပနီ အင်္ဂကထာ ပဏာမနိဿယ ၉၁

၄၄။ မဓုရတ္ထဝိလာသိနီ ဗုဒ္ဓဝံသ အင်္ဂကထာ
ပဏာမနိဿယ ၉၁

၄၅။ ပရမတ္ထဒီပနီစရိယာပိဋက အင်္ဂကထာ ပဏာမနိဿယ ၉၂

၄၆။ ဇာတကင်္ဂကထာ ပဏာမနိဿယ ၉၃

၄၇။ သဒ္ဓမ္မပကာသနီ ပဋိသမ္ဘိဒါမဂ္ဂ အင်္ဂကထာ
ပဏာမနိဿယ ၉၄

၄၈။ သဒ္ဓမ္မပဇ္ဇောတိက နိဒ္ဒေသ အင်္ဂကထာ
ပဏာမနိဿယ ၉၆

၄၉။ ပရမတ္ထဒီပနီ နေတ္တိအင်္ဂကထာ ပဏာမနိဿယ ၉၇

၅၀။ မိလိန္ဒပဉ္ဉာ အင်္ဂကထာ ပဏာမနိဿယ ၉၉

၅၁။ ပေဋကော ပဒေသ အင်္ဂကထာ ပဏာမနိဿယ ၁၀၀

၅၂။ ဝိသုဒ္ဓိမဂ် ပဏာမနိဿယ ၁၀၁

၅၃။ ဇိနာလင်္ကာရ အင်္ဂကထာ ပဏာမနိဿယ ၁၀၄

၅၄။ မဟာဗောဓိဝံသ အင်္ဂကထာ ပဏာမနိဿယ ၁၁၁

၅၅။ ဥပါလိ(၁၀)ဂါထာ ဂုဏ်တော်(၁၀၀)နိဿယ ၁၁၂

http://www.dhammadownload.com

(၄) သုံးပါးရတနာ ပန်ဆင်ရကျိုးများ

၅၆။ ဘုရားရှိခိုး အကျိုးများစွာ ၁၂၅

၅၇။ မဟာနာမသုတ်လာ အကျိုးများ(၁၁)ပါး ၁၂၆

၅၈။ ဝိသုဒ္ဓိမဂ်လာ အကျိုးများ(၁၂)ပါး ၁၂၇

၅၉။ အပါဒါန်လာ အကျိုးများ(၁၇)ပါး ၁၂၉

၆၀။ နှလုံးသားဝယ် ဘုရားတည်ရကျိုးများ ၁၃၀

၆၁။ ကျက်သရေမဂ်လာရှိသော ပါးစပ်ခံတွင်း ၁၃၂

(၅) အစနကဏ္ဍတင်နှင့် စမ္မးစနဲ့မဂ်လာ မှတ်တမ်းလွှာ

၆၂။ ဝိဇာတမဂ်လာ ဖိတ်ကြားလွှာ ၁၃၄

၆၃။ လောကသဘာဝ၏ အမှန်တရား ၁၃၈

၆၄။ ရတနာသုံးပါးဟူကော်ပွဲ အခမ်းအနား ၁၃၉

(၆) ဗိဠဂသုံးပုံ အဋ္ဌကထာပဏာမဂါထာများနှင့် ကျမ်းပြုပညာရှင်များ

၆၅။ ဝိနယပိဋက အဋ္ဌကထာ ပဏာမဂါထာများ ၁၄၂

၆၆။ အဘိဓမ္မပိဋက အဋ္ဌကထာ ပဏာမဂါထာများ ၁၄၄

၆၇။ သုတ္တန္တပိဋက အဋ္ဌကထာ ပဏာမဂါထာများ ၁၄၇

၆၈။ ဥပါလိဂါထာ(၁၀) ဂုဏ်တော်(၁၀၀) ၁၅၆

၆၉။ အဋ္ဌကထာကျမ်းပြုပညာရှင်များ ၁၅၉

၆၁။ ဓမ္မဒါနစာအုပ်များ လှူခဲ့ရာ ကျောင်းတိုက်များ ၁၆၂

****

http://www.dhammadownload.com

˜နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ˜

(၁) မွေးနေ့မဂ်လာ သံစဉ်တေးများ

၁။ တောင်းဆုခွေ

လှရတနာဆရာတော် - ကဝိမဟာသမဏ၏
ဝိဇာယန - မင်္ဂလာပေ
အတိဂါရဝ - တင်ပဏာချွေသည်
အရှင်ဆရာထေရ် - ဦးညွတ်သွား
ကိုးဆယ့်ခြောက်ပါး - ဘေးဘယကွာသည်
အေးမြသာယာ - ရှင်လန်းပါစေသား
ပရိယတ် ပဋိပတ် - နှစ်ဖြာနှစ်ဝစုံသည်
သာသနာဂုဏ်မြင့်သည်ဘုရား။
နာယက ဂုဏ် - ဝင့်ထည် မားလို့
အရှင်ထေရ်ဘုရား - ကျေးဇူးတော်
ပရိယတ်စာပေ - ကျမ်းဂန်ချလို့
လမ်းမှန်ဓမ္မ - ညွှန်ပြပါလို့နော်

http://www.dhammadownload.com

ကျမ်းစာရေးကာ - ဘာသာပြုလို့
သာသနာမှု - လုပ်ငန်းအထွေထွေ
အမြဲဆောင်ရွက်နေ
မြတ်ဗုဒ္ဓ၏ - ပါဒအမွေကို
ထာဝရမသွေ - တည်ထားပါလို့လေး။
ရာကျော်အသက် - ဘေးဘယကွာသည်
အေးမြသာယာ - ရွှင်လန်းပါလို့လေး။
တပည့်အများ - တောင်းဆုခွေသည်
ကောင်းမှုအထွေထွေ - လှူဒါန်းပါလို့လေး။

ဌေးလွင် (ဆာလင်းကြီး)
(၂၉၊ ၁၁၊ ၂၀၁၃)

****

http://www.dhammadownload.com

၂။ ပီတိဝမ်းသာ မင်္ဂလာ ဆုတောင်း

ရန်ကုန်တိုင်းတွင်၊ သမိုင်းဝင်ဆန်း၊ မြို့ဗဟန်း၌၊ ညောင်တုန်း တိုက်ဝယ်၊ နှစ်ခြိုက်စာချ၊ နာယကခေါ်၊ ဆရာတော်၏၊ သက်ဖော် စီစစ်၊ (၅၃)နှစ်ပြည့်၊ မွေးနေ့မင်္ဂလာ၊ ရောက်ရှိရာ၌၊ မြတ်စွာဗုဒ္ဓ၊ အမှူးပြုသည့်၊ မြတ်လှသံဃာ၊ အဖြာဖြာအား၊ သဒ္ဓါထားလျက်၊ လေးစားဖူးမြော်၊ တရားတော်နာ၊ လှူတာရဲရင့်၊ လနှယ်တင့်သည့်၊ အရှင့်မဟာ၊ ဂုဏ်များစွာကို၊ အားရပိုင်မိ၊ ပီတိဝမ်းသာ၊ မင်္ဂလာဆုတောင်း၊ စကားကောင်းစေ၊ ဆုတောင်းပေးအံ့၊ လ,နေ ပမာ၊ လှုဝေဖြာသည့်၊ လှရတနာ၊ ထေရ်ဆရာသည်၊ ခန္ဓာတည်သမျှ၊ လောက,သာသနာ၊ အရာရာပြော,ပြု၊ ကြံစည် မှုတွေ့၊ အောင်ပါစေပေါ့၊ သက်ရှည်,ကျန်းမာ၊ ဘေးဘယာကင်း၊ ဝေးကွာရှင်း၍၊ ကောင်းခြင်းချမ်းသာ၊ လိုတ,တာလည်း၊ ကာလဒါန၊ ဝိဇ္ဇာတကြောင့်၊ ခဏမကြာ၊ ပြည့်ဝပါစေ၊ အေးမြစေကြောင်း၊ ဆုခွေတောင်းသည်၊ အကောင်းကိုသိုလ်၊ ပြုတိုင်းတည်း။

ဘဒ္ဒန္တဂုဏီန္ဒ (ဆင်ဖြူတောင်)

****

http://www.dhammadownload.com

၃။ လှရတနာကျောင်းတွင် တည်ထားသော ဓာတု, ဓမ္မ, ဥဒ္ဒိဿ, ပရိဘောဂ, ပါဒအားဖြင့် စေတီ(၅)ဆူ ကန်းဝပ်စံပယ်တော်မူသည့် ဆံတော်ရတနာ-စေတီတော်ဖွဲ့၊ ရတုပိုဒ်စုံ

၁။ ဆံတော်ရတနာ၊ နှစ်ဆူလှာ၍၊ ပူဇာခံမြောက်၊ ပင့်ခါရောက်ခဲ့၊ ထွန်းတောက်သာသနာ၊ လင်းလင်းဖြာသား၊ သြဇာတည်ပွင့်၊ ဆံတော်ပင့်သည်၊ ခါသင့်ချိန်မှန်း၊ ထိန်ထိန်လျှမ်း၍၊ သိဟ်ဆန်း ဂဠုန်၊ ဒွါဒကြုံခိုက်၊ ရွှေဂုံနဂရာ၊ ချက်ဗေါဓျာဝယ်၊ ပညာရောင်ဖုံး၊ ခေါင်အဆုံးဟု၊ ညောင်တုန်းရာမာ၊ လှရတနာတွင်၊ နာရဒါဘိ၊ ကဝိဉာဏ်မြင်၊ ထေရ်အရှင်အား၊ တိုင်းကားပြည်သူ၊ မျှားရှင်လူတို့၊ အတူဖူးမြော်၊ အခွင့်လျော်အောင်၊ ဗန်းမော် ထေရ်မြတ်၊ ထေရ်ဉက္ကဋ္ဌမှ၊ နှင်းအပ်ပူဇော်၊ ဖူးမြင်မြော်သည်၊ ဆံတော်ရောင်ရှင် မြူးလို့သော်။ ။

၂။ ဉာဏ်တော်မဟာ၊ မြင့်ရှည်စွာကား၊ ဝိသာအဂ္ဂ၊ ဉာဏ်တွက်ဆ၍၊ လက်မနှစ်ဆယ်၊ အကျယ်ထုဖြက်၊ ပလ္လင် ချက်နှင့်၊ ကိုးလက်မထား၊ ရွှေသားစေတီ၊ မျက်မြတ်စီ၍၊ သရီရဓာတ်၊ ဆံတော်မြတ်နှင့်၊ ပိဋ္ဌကတ်ရွှေစာ၊ မဟာ သံဝေ၊ အောင်မြေလေးစု၊ ရုပ်ထုတော်မြ၊ ကျောက်စိမ်းလှနှင့်၊ တကွသွင်းခါ၊ လက်ံသီရိ၊ ဗောဓိရွှေရွက်၊ ရွှေရောင် လက်၍၊ ကွန်ယက်ရွှေတွင်း၊ ရွှေမြခင်း၍၊ ရွှေတလင်းမံ၊ သွင်းနှံပြုစု၊ ဓာတု, ဓမ္မ၊ ဥဒ္ဒိဿ, ပရိ၊ ဘောဂပြည့်ညီ၊ စေတီလေးတန်၊ နက်သန်ပါဒ၊ ငါးဆူပြလျှက်၊ ပေါင်းထည်ညာ၊ ဌပနာ၍၊ ရတနာ စေတီ၊ ရတနာစီလျှက်၊ ရတီမြည့်ဘ၊ လှရတနာတွင်၊ လှစွာဖူးမြော်၊ မျှားပူဇော်သည်၊ မြန်ပေါ်တခွင် ထူးလို့သော်။

ဦးဇင်းနှင့်ကိုလှ နိဗ္ဗာန်ဖွယ်ရာဘုန်းတော်ကြီးများ ယဖဲးထဝ့ ဘုဉ်းပေးပဒါးဒေါင်း



http://www.dhammadownload.com

(၅၀၀-၂၀-၁၄) ခွင်ဧည့်ခံစဉ် ဝါဆိုဝင်ရောက်ခြင်းပွဲတော်



http://www.dhammadownload.com

ဦးဇင်းနှင်းလဲ ယဉ်ဇင်ယဉ်ခြင်းဖြစ် ဂုယ်ဝဂ်ပြုံဝဖြစ်



http://www.dhammadownload.com

ဦဇင်းဒုန် ဂိုဠ်ဌမဟာ ဓမ္မဝေဿဝဏ်



http://www.dhammadownload.com

ဦးဝိစ္စယဖဒ္ဓ ဩဝါဒဆယ်ခြောဇ် ပုဏ္ဏဖြာ ဒုဂ္ဂိုးဧဒေးဧဒျုဒေ ဒွပ်ိဩဝါဒ



http://www.dhammadownload.com

(၅၀၀၂-၃-၅) ဖဲးယင်ဂွဒ်ပါလဲးဇမ်ဒျောဒ်ခြာဖြာ ထွစဒျပ်ထွဖြာ



http://www.dhammadownload.com



အလှူရှင်မှ ဂါပက ဒေါက်တာတင်သိန်းလွင်သို့ ရွှေခြေတော်ရာ လွှဲအပ်စဉ်

http://www.dhammadownload.com



ရွှေတိဂုံစေတီ ပြတိုက်သို့ ရွှေခြေတော်ရာကြီးကို ပို့ဆောင်စဉ် (၁၆-၃-၂၀၁၆)

http://www.dhammadownload.com

http://www.dhammadownload.com



ရွှေတိဂုံစေတီ ပြတိုက်တွင်းမှ ဒေါ်အေးအေးမြင့်ကောင်းမှူ ဘုရားရွှေခြေတော်ရာကြီး



ရွှေတိဂုံစေတီ ပြတိုက်၌ သံယာတော်များ ရွှေခြေတော်ရာကြီးကို အနေကဇာတင်ကြစဉ်

http://www.dhammadownload.com

ဒုစရိုက်ဒုဏ်ကို ယူးမြဲယဇ်ဘဝစေခြင်းငှာ ဂန္ထဝိုပဒ်ဆရာတော်ဘုရားအား ဖူးတွေ့ခြင်းလာဘ်



http://www.dhammadownload.com



ဒေါ်အေးအေးမြင့် မိသားစု လှရတနာ ဟေမိပင်ကို ပူးမြင်ကြစဉ်

http://www.dhammadownload.com

ဂုဏ်ပုဂ္ဂိယကရဏယက ဂီးဒွယေ ဖဲးထဂွံဒြိးဧဒးဧဒျိဒေ



http://www.dhammadownload.com

(ပင-၅-၃၄) ဦးနှင်းကိုယ် ဘိက္ခုဥစ္စ အဆုံးအမိုဝါဒ ရဟန်တဝင်ကစ ယဉ်ယဉ်ပါးပါးလေး



http://www.dhammadownload.com

http://www.dhammadownload.com



ပိဋကသုံးပုံ အဋ္ဌကထာ ကျမ်းစာအုပ်များ

http://www.dhammadownload.com



ပိဋကသုံးပုံ အဋ္ဌကထာ ကျမ်းစာအုပ်များ

http://www.dhammadownload.com

၃။ ကြံသော်မကြာ၊ အောင်မြင်ပါပြီ၊ ရွှေစေတီအား၊ ရွှေရည်ညီးမောက်၊ အပြီးရောက်အောင်၊ ခိုးမြောက်ညွှန်ပြ၊ သင်ဆုံးမသည့်၊ လှရတနာ၊ နာရဒါဘိဝံသ၊ ထေရ်မြတ်လှနှင့်၊ ပုညသဟာယ၊ ဗုဒ္ဓဂယာ၊ ဖွဲ့မဟာတို့၊ များစွာကောင်းမှု၊ ပေါင်းကာပြုသည်၊ တစ်စုထို့မှ၊ များလှနှင်နှင်၊ ကောင်းမှုရှင်များ၊ လွန်ထင်ရှား၏၊ ရွှေများစွာပြု၊ ရွှေ-ရွှေညသည့်၊ ရာစုအသစ်၊ ရွှေအနှစ်နှင့်၊ ထုဆစ်ပုံဖော်၊ မဟော်ကဝိန်၊ ပန်းထိမ်ပညာ၊ ဆရာထွန်းသိန်း၊ ပြီးငြိမ်းအောင်ပြု၊ လက်ရာနုနှင့်၊ လူထုအများ၊ ခုနှစ်ရက်သားတို့၊ တည်ထားပေါင်းစု၊ မြတ်ကောင်းမှု ကြောင့်၊ ဓာတု, ဓမ္မ,၊ စသည်ငါးတန်၊ မွေ့လျော်စံသည့်၊ ဆံတော်ရတနာ၊ ဘွဲ့မည်သာသော၊ မင်္ဂလာစေတီ၊ အရှည် တည်လျက်၊ ဤမည်ကောဇာ၊ ထောင့်သုံးရာဆီ၊ ခွန်- ငါးမှီ၍၊ ရာသီပြိုစ္ဆာ၊ ဝေါဟာရွှန်းပြောင်၊ လတန် ဆောင်မုန်း၊ ကျော်ဆယ့်သုံးဟု၊ ရွှင်ပြုံးသာမွေ့၊ စနေနေ့တွင်၊ ချမ်းမြေ့သာယာ၊ အနေကဇာတင်၊ ပွဲကြီးယင်၏၊ အထင်ကရ၊ ဤပုညကြောင့်၊ ဒုက္ခမီးလျှံ၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်သောင်ခွင် ကူးဘို့သော်။ ။

သီရိန် (ပေါက်ခေါင်း)

၃၀-၁၁-၂၀၁၃

****

http://www.dhammadownload.com

သက်ရှည်ကျန်းမာ၊ လိုရာဆန္ဒ၊ မုန်သမျှကို၊ ပြည့်ဝစေပြီး အမောင့်ပယောဂ-ဟူသမျှကို ပယ်ရှားနိုင်လျက် နိုဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ပေါ်ပြ

'နာညတြဟေဋ္ဌာ ဂါထာအလင်္ကာ'

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနံ။

(သုတ္တဟာသုတ်-သံ-၁၊ ၅၂)

(၁) သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရဟု၊ ဗုဒ္ဓမြတ်ဘုရား၊ ဟောမိန့်ကြားသည့်၊ ခုနှစ်ပါးကျင့်စဉ်၊ သမ္မောဇ္ဈင်ဟု၊ ဂုဏ်အင်ကြီးဘိ၊ သတိဓမ္မ၊ ဝီရိယ,ပီတိ၊ ပဿဒ္ဓိနှင့်၊ သမာဓိ,ဥပေက္ခာ၊ ခုနှစ်ဖြာကို၊ ဖဲခွါရှောင်ရှား၊ မရှုပွားက၊ အများသတ္တဝါ၊ ဝေနေယျာတို့၊ ချမ်းသာ သုခ၊ ရဖို့အရေး၊ အလွန်ဝေးဏ်။

(နာညတြ ဗောဇ္ဈာ၊ သောတ္ထိ ပဿာမိ ပါဏိနံ)

(၂) ညစ်ကြေးယုတ်မာ၊ ကိလေသာတို့၊ ကောင်းစွာခွါလင့်၊ ဓူတင်ကျင့်ကို၊ မကျင့်ပါပဲ၊ ရှောင်ကြဉ်ဖဲက၊ ဆင်းရဲလှစွာ၊ သတ္တဝါတို့၊ ချမ်းသာသုခ၊ ရဖို့အရေး၊ အလွန်ဝေးဏ်။

(နာညတြ တပသာ၊ သောတ္ထိ ပဿာမိ ပါဏိနံ)

(၃) ငြိမ်းအေးစေမှု၊ စက္ခု,သောတ၊ ဃာန,ဇိဝှါ၊ နှစ်ဖြာကိုယ်စိတ်၊ ဆိုပိတ်ကာရှေ့၊ မစောင့်လေက၊ တွက်ရေမျှားစွာ၊ နတ်ပြဟ္မာတို့၊ ချမ်းသာသုခ၊ ဘယ်မှာရလိမ့်။

(နာညတြိန္ဒြိယသံဝရာ၊ သောတ္ထိ ပဿာမိ ပါဏိနံ)

http://www.dhammadownload.com

(၄) ဘဝသံသရာ၊ အစဉ်ပါဘိ၊ ကိလေသာ အနွှန်း၊ သခ်ါရတို့၊ စွန့်ချရာမှန်၊ မြတ်နိုဗ္ဗာန်ကို၊ ဧကန်ဖယ်ရှား၊ ကြဉ်၍ထားက၊ အများသတ္တဝါ၊ ဝေနေယျာတို့၊ ချမ်းသာသုခ၊ ဘယ်မှာရလိမ့်။

(နာညတြ သဗ္ဗညုတ္တိ၊ သောတ္ထိ ပဿာမိ ပါဏိနံ)

(၅) ဗုဒ္ဓဉာဏ်တွင်၊ ဘယ်မမြင်ဟု၊ ဗောဇ္ဈင်သတ္တ၊ မြတ်ဓမ္မသာ၊ ဒုက္ခငြိမ်းကြောင်း၊ တရားကောင်းစင်စစ်၊ အမှန်ဖြစ်ဟု၊ ရှင်ချစ်ဘုရား၊ ဟောညွှန်ကြားသည်၊ ခုနှစ်ပါးဗောဇ္ဈင်၊ စွမ်းရည်တည်း။

ရတနာ(၃)ပါး ပူဇော်ပွဲ ဆံတော်ရတနာစေတီ အနေကဇာတင်ပွဲ၌ဆားလင်းကြီးဆရာတော်-က လှရတနာဆရာတော်အားမွေးနှေလက်ဆောင်အဖြစ် ရေးသားချီးမြှင့်သည်။(၂၇၊ ၁၁၊ ၂၀၁၃)

****

http://www.dhammadownload.com

(၂) မွေးနေ့မင်္ဂလာ မေတ္တာစကားများ

နိုင်ငံတော်သံဃ မဟာနာယက ဥက္ကဋ္ဌ

ဗန်းမော်ဆရာတော်၏ အနုမောဒနာတရား

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။

စေတော ပဏိဓိ ဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သဂ္ဂတိံ။

တိဋ္ဌန္တေ - သက်တော်ထင်ရှား မြတ်စွာဘုရားသခင် အပေါ်၌သော်လည်းကောင်း၊ နိဗ္ဗုတေစာပိ -ပရိနိဗ္ဗာန်ဝင်စံ ဟော်မူသောအခါ ဓာတ်တော် စေတီတော် ဆင်းတုတော် ဗောဓိပင်၌သော်လည်းကောင်း၊ သမေစိတ္တေ- စိတ်ထားတူမျှလတ်သော်၊ သမံ ဖလံ - တူမျှသော အကျိုးကို ရ၏၊ စေတောပဏိဓိဟေတု - စိတ်ကိုကောင်းစွာ ဆောက်တည်နိုင်ခြင်းတည်းဟူသော အကြောင်းကြောင့်၊ သတ္တာ- သတ္တဝါတို့သည်၊ သုဂတိ- လူ.ပြည်နတ်ပြည် ဗြဟ္မာပြည်ဟုဆိုအပ်သော ကောင်းမြတ်သောဘုံဘဝသို့၊ ဂစ္ဆန္တိ - လားကြရောက်ကြရကုန်၏။

http://www.dhammadownload.com

ဘုန်းဘုန်းတို့ ဒီဂါထာလေးကို ဝိမာနဝတ္ထုပါဠိတော်မှာ မြတ်စွာဘုရားသခင် ဟောကြားခဲ့တယ် မြတ်စွာဘုရား သခင်ရဲ့ ခေတ်တော်တွေ ဌာပနာထားတဲ့စေတီတော်ကို သပွတ်ခါးနွယ် ပန်းပွင့်(၄)ပွင့်ဖြင့် ပူဇော်တဲ့ကလေးမလေး နတ်ပြည်ရောက်သွား တယ် တာဝတိံသာ နတ်ပြည်ရောက်သွားတော့ သိကြား မင်းကြီးက အံ့သြတယ် သြော်မိန်းကလေး လှူတဲ့တန်းတဲ့ ဥစ္စာက တောပန်း ကလေး (၄)ပွင့် သပွတ်ခါး ပန်းပွင့်လေး (၄)ပွင့်လှူတယ် အထက် နတ်ပြည်မယ် သိကြားမင်းဘုံဗိမာန်ကြီးနားမှာ ဒီပြင်ဘုံဗိမာန်တွေကို အရောင်လွှမ်းပြီးတော့ အလွန်တရာ ကြီးကျယ်ခမ်းနားတဲ့ နတ်ဘုံ ဗိမာန်ကြီး ပေါ်ရောက်နေ နတ်ပြည် ရောက်နေ အဲ့ဒါမြတ်စွာဘုရား သခင်ရဲ့ စေတီတော်ပူဇော်ခဲ့လို့ဆိုပြီးတော တိဋ္ဌန္တေ နိပ္ပုတေ စတဲ့ ဂါထာလေး ရွတ်ဖတ်ပြီး တော့ နတ်ပရိသတ် ကို ဟောပါတယ်၊ သက်တော်ထင်ရှား မြတ်စွာဘုရားသခင် လက်ထက်တုန်း ကတော့ မြတ်စွာဘုရားသခင်ဆီ သွားလှူကြ၊ တန်းကြ ရှိခိုးကြ သီလ ဆောက်တည်ကြ တရားဘာဝနာ ပွားကြတာပေါ့ သက်တော်ထင် ရှား မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံပြီးတဲ့နောက်တော့ ဒီလိုပဲ ခေတ်တော်တွေ စွယ်တော်တွေ ဆင်းတု တော်တွေ ဆံတော်တွေ ခြေတော်ရာတွေ ကိုးကွယ်တယ် အတူတူပဲ ကုသိုလ်ရတယ်။ အဲ့သလို သိကြားနတ်မင်းက နတ်ပရိသတ်ကို ဟောပါတယ် စိတ်ကို ကောင်းစွာဆောက်တည်နိုင်တဲ့ အကြောင်းကြောင့် အဲဒီမိန်းကလေး သပွတ်ခါးပန်းပွင့်လေး (၄)ပွင့်လှူတာ တာဝတိံသာနတ်ပြည် ရောက်တယ်လို့ အဲ့ဒီလိုပါဠိတော်မှာလာ တဲ့အတိုင်း မိမိတို့လည်း ဟောဒီ ရတနာဆံတော်စေတီတော် စွယ်တော်စေတီတော် ဒါတွေဟာ ပူဇော်ခံထိုက်တဲ့ဘုရား ပူဇော်ခံထိုက်တဲ့ စေတီ ဓာတ်တော် ပူဇော်ခဲ့တဲ့

http://www.dhammadownload.com

စေတီတော် ရွှေတိဂုံတို့ ဆူးလေတို့ ဗိုလ်တစ်ထောင်တို့ မာတုစေတီ တော်တွေ ပူဇော်ခံထိုက်တယ် မာတ်တော် စေတီတော် ဆံတော် ပူဇော်ခံထိုက်တဲ့ စွယ်တော်မြတ်စွာဘုရားသခင် ထိုင်သွားတဲ့ ဗောဓိပင်တော် ဒါတွေ ပရိဘောဂ စေတီတွေ အဲ့သလို စေတီ တော်တွေ ပူဇော်တာနဲ့ သက်တော် ထင်ရှားဘုရားကို ပူဇော်တာ အတူတူဆိုတော့ ကြိုးစားပြီးတော့ ပူဇော်နိုင်ကြပါစေ။

ဘုန်းဘုန်းက ဒီဆံတော်လေးရပုံလေးကို ပြောပြပါအုံးမယ် သူမျှားတွေ မာတ်တော်တွေ ကိုးကွယ်ကြ စွယ်တော်တွေ ကိုးကွယ် ကြ ခြေတော်ရာ တွေလည်းကိုးကွယ်ကြတယ် ငါကတော့ ဆံတော် ကိုးကွယ်အုံးမှ ဆံတော်ဘယ်က ရမလဲဆိုတော့ ဆံတော်ရဖို့ရန် အတွက် ဘုန်းဘုန်းကြံစည်ပါတယ် ဟိုကြံစည် ဒီကြံစည်နဲ့ နောက်ပိုင်းမှ သတိရလာတယ် အော်ငါ (၁၃၁၅) ခုနှစ် ရန်ကုန်မြို့ အဲ့ဒီတုန်းကမှ စရောက်ဖူးပါတယ် ၁၃၁၅-ခု ရန်ကုန်မြို့ စာမေးပွဲ ဖြေလာ စာမေးပွဲ တွေ ဖြေလို့ပြီးပြီ အောင်လည်းအောင်ပြီ အဲ့လို အောင်ပြီးတဲ့ နောက် ဘုရားတွေလည်း ဖူးအုံးမယ်ဆိုတော့ ဘုရားဖူးတဲ့အခါ ဗိုလ်တစ်ထောင် စေတီမှာ ဆံတော်သွားဖူး ရပါတယ်။ တချို့ရှိမှန်း မသိကြဘူး ဘုန်းဘုန်းလည်း အဲ့ဒီကြမှ အား. . . ဒီမှာ ဆံတော်ရှိတယ် ဆံတော် ရှိတယ် မြတ်စွာဘုရား သခင်ရဲ့ဆံတော် ခင်ဗျားတို့ ဘယ်လို လုပ်ရတုန်းလို့ ဘုန်းဘုန်းက မေးကြည့်တာ ဒါဟာ ဒုတိယ ကမ္ဘာစစ် ဂျပန်နဲ့ အင်္ဂလိပ် စစ်ဖြစ်တဲ့ အခါ ဗုံးချုံးကြ ဗိုလ်တစ်ထောင် စေတီ ပြိုသွားပါတယ် ဗိုလ်တစ်ထောင်စေတီ ပြိုသွားတော့ အဲ့ဒီမယ် နောက်ပိုင်း စစ်ပြီး သွားတော့ ဂေါပကအဖွဲ့ တွေက ဘုရားစေတီ ကြီးကို ပြန်တည်မယ် ဆိုပြီး အုတ်တွေဖယ်ကြ ရှာကြ ပြင်ကြဆင်ကြတဲ့ အခါ ဌာပနာတိုက် ပွင့်တယ် ဌာပနာ တိုက်ထဲမှာ ဆံတော် တွေ့တာကို

http://www.dhammadownload.com

ဒီပြင် ဓာတ်တော်တွေ စွယ်တော်တွေ စသည့် ဥစ္စာတွေကိုတော့ ဌာပနာ တိုက်ထဲပဲပြန်သွင်းပြီးပူဇော်တယ် ဆံတော်တော့ အပြင်ဘက် ထားလိုက်တာ အဲ့သလို အပြင်ဘက် ထားလိုက်တဲ့အတွက် ဆံတော်ကို အခုထိ သွားဖူးရင်ရပါတယ်။ ရတော့ ဘုန်းဘုန်းကလည်း အဲ့ဒီသွားပြီး ဂေါပကလူကြီး ကျေပ်ဆံတော် ပွားချင်လို့ ဒကာကြီးရာ၊ ဆံတော်လေး ပွားပေးစမ်းပါ ဆိုတော့ သူကလည်း သဘောတူတယ် ဘုန်းဘုန်းကလည်း ခင်ဗျား ကိုလည်း ကိုးကွယ်ဖို့ ကျေပ်သီဟိုဠ်ကရတဲ့ စွယ်တော်လေး ပူဇော်ဖို့ ပေးပါ့မယ်ဗျာ ဆိုပြီးတော့ သူ့ကို စွယ်တော်လေးတစ်ဆူပေးလိုက်တယ် စွယ်တော်ကို ဆင်စွယ်နဲ့ပွားသလို ဆံတော်ကိုလည်း ဆင်ရဲ့ဆံပင်နဲ့ပွားမယ်ဆိုပြီး ဆင်ရဲ့ဆံပင်နဲ့ပွားပါတယ် ဆင်မဲထက် ဆင်ဖြူတော်က ပိုမြတ်တယ်ဆိုလို့ ဆင်ဖြူတော်လေး ဆံပင်ရအောင် ဘုန်းဘုန်းအားထုတ်ပါတယ် အဲ့ဒီဆင်ဖြူတော်လေးရဲ့ ဆံပင်ရမှ ဆင်ဖြူတော်လေးရဲ့ဆံတော်ကို ဘုရားဆံတော်နဲ့ အတူထားလိုက်တယ် တပတ်လောက် ထားလိုက်ပြီးတော့ ဓာတ်ကူးပြီးတော့ ယူလာခဲ့တာပါ။

ဦးနာရဒကလည်းပဲ ဘုရားတရားသံဃာ အလွန်ကြည် ညိုတဲ့ပုဂ္ဂိုလ်ဖြစ်တော့ သူ့လည်းပဲ နှစ်ဆူပေး လိုက်တယ် သူကနေ ပြီးတော့ အဲ့သလို ပေးလိုက်တဲ့ အတွက် သူကပူဇော်ထားတာ ဒီပူဇော်တဲ့ပုံက ရတနာစေတီကတော့ ဒီလောက်အဖိုးတန်တဲ့စေတီ ဘုန်းဘုန်း တို့ ရှားပါတယ် မရှိပါဘူး ဦးနာရဒမို့လို့ ဘုန်းတန်းခိုးကြီးတဲ့ ပုဂ္ဂိုလ်မို့လို့ ဒကာ၊ ဒကာမတွေကလည်း တောင့်လို့နော် သိန်းပေါင်း (၅၀၀)ကျော်လား (၇၀၀)ကျော်လား ဦးနာရဒ ဘယ်လောက် လဲ. . . သိန်းပေါင်း (၅၀၀) ကျော်ပါဘုရား၊ သိန်းပေါင်း(၅၀၀)ကျော် အကုန်အကျခံပြီးတော့ ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ၊

http://www.dhammadownload.com

နဝရတ် (၉)ပါးတွေနဲ့ စီခြယ်ပြီးတော့ တကယ့်ရွှေလဲရွှေအစစ် ရွှေပြားတွေနဲ့ကပ် ပူဇော်ထားတယ် အဲ့တော့ သိကြားမင်းကြီးက ခုနဟောတဲ့ တရားမှာတော့ စေတီတော်ကိုပူဇော်တာ သပွတ်ခါး ပန်းပွင့် လေး (၄)ပွင့်တည်း မိန်းခလေးက ပူဇော်တာပါ အဲ့ဒါတောင်မှ အထက် တာဝတိ်သာနတ်ပြည်မှာ သိကြားမင်းကြီးရဲ့ ဘုံဗိမာန်နား ပေါက်တဲ့အခါ ဒီပြင် ဘုံဗိမာန်တွေထက် အရောင်အဝါတွေ ထွန်းလင်းတောက် ပတဲ့ ဘုံဗိမာန်ကြီးဖြစ်တယ် ခုသိန်းပေါင်း (၅၀၀)ကျော် နဝရတ်တွေနဲ့ စီခြယ်ထားတဲ့ ရွှေကျောင်းတော် ဆိုတော့ အလွန်တရာမှ အဖိုးတန်ပါတယ်။ ကုသိုလ်တရားတွေရ နောက်ဘုရားများ ပွင့်တဲ့အခါဆိုရင် သူဌေးတဒင်္ဂတောင်မှ ပေးလောက်လိမ့်မယ် ထင်ပါတယ်နော်၊ အေး အဲ့ဒီလို ကုသိုလ်ထူးတို့ ဘုရားသာသနာတော် ဆည်းပူးရတယ်ဆိုတော့ ဝမ်းမြောက် ဝမ်းသာ အသက်ထက်ဆုံး စိတ်ထဲမှာ ကြည်နူးပြီးတော့ နေ့တိုင်း နေ့တိုင်း ဘုရားဆွမ်းတော်တင် ပန်းတော်၊ ရေချမ်းတော်၊ ဆီမီး၊ အမွှေးတိုင်တွေနဲ့ ပူဇော်ပြီးတော့ကန်တော့ နိဗ္ဗာန်ထုတ်ချောက် အရဟတ္တဖိုလ်ပေါက် ရောက်ကြပါစေသတည်းလို့ ဘုန်းဘုန်းဆုတောင်း မေတ္တာပွားပါတယ်။(သာဓု- သာဓု- သာဓု)

****

http://www.dhammadownload.com

ဆားလင်းကြီးဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ၏ ဆုတောင်းစကား

ဘဝတု သင္ဃမင်္ဂလံ၊ ရက္ခန္တု သင္ဃ ဒေဝတာ။
သင္ဃ ဝုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

သင္ဃမင်္ဂလံ - သင္ဃမင်္ဂလာနိ - လောကုတ်လောကီ နှစ်လိ နှစ်ဝ ကျင့်ဖွဲ့ဖြိုး ကောင်းကျိုးချမ်းသာ အလုံးစုံသော မင်္ဂလာ တို့သည်။ ဘဝတု-ဘဝန္တု၊ ဤနေ့ဤခါ ဤနေရာမှ အစဖြာ၍ ကောင်းစွာမသွေ ဖြစ်ပွားကြပါစေ ကုန်သတည်း။ သင္ဃဒေဝတာ- ရေပြင် မြေပြင် ထက်ကောင်းကင်နှင့် တောစဉ်တောင်ထပ် စောင့်ကြပ်လွှမ်းမိုး တန်ခိုးကြီးမား သမ္မာဒေဝနတ် အများတို့သည်၊ ရက္ခန္တု -ဖေးဖေးမမ ဘေးမခအောင် အေးမြကြည်သာ ကောင်းစွာမသွေ စောင့် ရှောက်တော်မူကြပါစေကုန်သတည်း။

သင္ဃဝုဒ္ဓါ နုဘာဝေနစ - အနန္တဟု လွန်အောင်ကျော်ကြား ရှင်တော်မြတ်ဘုရား၏ ကြီးမားတေဇော် အာနုဘော် တန်ခိုးဂုဏ် ကြောင့်လည်းကောင်း၊ သင္ဃမမွာ နုဘာဝေနစ- မင်္ဂဖိုလ် နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ရှား မြတ်တရား၏ ကြီးမားတေဇော် အာနုဘော် တန်ခိုးဂုဏ်ကြောင့်လည်းကောင်း။ သင္ဃသံဃာနု ဘာဝေနစ-မဂ္ဂဉာန် ဖလဉာန် ရှစ်တန်ထင်ပေါ် အရိယာ သံဃာတော် အရှင်သူမြတ်၏ ကြီးမားတေဇော် အာနုဘော်တန်ခိုး ဂုဏ်ကြောင့် လည်းကောင်း၊ ဣမိနာ ပုညစေတနာနုဘာဝေနစ - ယနေ့ယခု ပြုစုအားထုတ်ကြတဲ့ ကုသိုလ်ကောင်းမှု အလုံးစုံ၏ အာနုဘော် တန်ခိုးကြောင့်လည်းကောင်း၊ တေ-တုမှာကံ - မွေးနေ့ မင်္ဂလာ

http://www.dhammadownload.com

ပြုလုပ်ပါသည့် လှရတနာ ဆရာတော်နှင့်တကွ တပည့် ဒကာ၊ ဒကာမ အပေါင်းတို့အား၊ သဗ္ဗဒါ- နေ့ရောညဉ့်ပါ အခါ ခပ်သိမ်း၊ သုခီ-ကိုယ်စိတ်နှစ်ဖြာ လိုက္ကစ္ဆာဖြင့် ဘယာမငြိ ကျမ်းမာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဘဝတု - ဘဝန္တု ဤနေ့ဤခါ ဤနေရာမှ အစဖြာ၍ ကောင်းစွာမသွေ ဖြစ်ပွားကြပါစေ ကုန်သတည်း။

(သာဓု- သာဓု- သာဓု)

****

http://www.dhammadownload.com

ဓမ္မကထိက အကျော် ဆင်ပြုံတောင်ဆရာတော်ဘဒ္ဒန္တဂုဏိန္ဒ၏ မှဒိတာစကား

နာယကစာချအကျော် နောင်တော်ကြီး အရှင်နာရဒါ ဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌ ကထာပြန် အကျော်၊ သ-စ-အ ဓမ္မာစရိယ ဝိနယပါဋိပါရဂူ) ဆရာတော် အရှင် သူမြတ်ရဲ့ မွေးနေ့မင်္ဂလာပွဲမှာ တိဋ္ဌာန သုတ္တန်ကို တန်ဆာဆင်၍ အနည်းငယ်မျှ မှဒိတာစကား ဟောကြားအပ်သော လာဘ်ဆောင် ချမ်းသာ မင်္ဂလာစကား . . .

လောကမှာ သူရောကိုယ်ပါ သတ္တဝါမှန်သမျှ အနှစ်တွေ ချမ်းသာချင်ကြတယ် ဆရာတော်အရှင် နာရဒါဘိဝံသ ဘာကြောင့်မျှား ချမ်းသာသလဲလို့ တိဋ္ဌာန သုတ္တန်လေးကို ကြည်လိုက်တဲ့ အခါကျတော့ ဘုရားရှင် ဟေားထားတဲ့ ဂါထာလေးတစ်ပုဒ်

ဒဿနကာမော သီလဝတံ၊ သဒ္ဓမ္မံ သောတု မိစ္ဆတိ။
ဝိနယေ မစ္ဆေရမလံ၊ သ ဝေ သဒ္ဓါတိ ဝုစ္စတိ။

ဆိုတဲ့ ဂါထာလေးတစ်ပုဒ်ကို တွေ့ရပါတယ်။ ဆရာတော် အရှင်နာရဒါဘိဝံသ ချမ်းသာတဲ့အချက်(၃) ချက်ကိုတွေ့ရတယ် နံပါတ်(၁) ဒဿနကာမော သီလဝတံ - အသက်သိက္ခာ ဂုဏ်ဝါကြီးမားတဲ့ သီလသမာဓိ ပညာအကျော် ဆရာတော်သံဃာတော်များကို အမြဲတမ်းရိုသေတယ်၊ လေးစားတယ်၊ ဖူးမြင်တယ်၊ ကြိုဆိုတယ်၊ နေရာပေးတယ်၊ နေရာလှူတယ် ဒီအချက်ကြောင့် နောင်တော်ကြီး အရှင်နာရဒါဘိဝံသ ချမ်းသာတယ်ဆိုတာတွေ့ရတယ်။ အဲ့ဒီ သီလဝန္တ ဆရာတော်သံဃာတော်များကို ရိုသေခြင်း၊ လေးစားခြင်း၊ ကြိုဆိုခြင်း၊ ဖူးမြင်ခြင်း၊ ဦးတင်ခြင်း ဆိုတဲ့ယုံကြည်ချက်

http://www.dhammadownload.com

သဒ္ဓါတရား လာဘ်ကိုဆောင်တဲ့အတွက် နံပါတ် (၁)ချမ်းသာတာကို တွေ့ရပါတယ်။

နံပါတ်(၂) သဒ္ဓမ္မံ သောတု မိစ္ဆတိ - သီလ သမာဓိ ပညာ ထင်ရှား ပါဦ - အဋ္ဌကထာ - ဋီကာနဲ့အညီ ဟောကြားတဲ့ စာတတ် ပေတတ် ဆရာတော် သံဃာတော်များရဲ့ တရားဒေသနာတော်များ ကိုလည်း နာယူလေးစားတာကို တွေ့ရပါတယ်။ အဲ့ဒီ သဒ္ဓမ္မံ သောတု မိစ္ဆတိ ဆိုတဲ့အချက်ကြောင့်လည်းပဲ ယုံကြည်ချက် သဒ္ဓါ တရား လာဘ်ဆောင်တဲ့-ဆရာတော်အရှင်နာရဒါဘိဝံသဟာ ချမ်းသာ တာကိုတွေ့ရပါတယ်။

နံပါတ်(၃) အချက်ကတော့ ဝိနယေ မစ္ဆေရမလံ ၊ သဝေ သဒ္ဓါတိ ဝုစ္စတိ - မပေးချင်၊ မကျွေးချင် မလှူချင်တဲ့ ဝန်တိုခြင်း မစ္ဆရိယ တရားများကို ပယ်ရှားပြီးတော့ လှူဒါန်းကောင်းရော် ပူဇော်တာလည်း အကြိမ်ပေါင်းများစွာတွေ့ရပါတယ်၊ ဘုရား အတွက်၊ တရားအတွက်၊ သံဃာတွက်၊ မိဘအတွက်၊ ဆရာသမား အတွက်၊ လောကအတွက်၊ သာသနာတော်အတွက် စုံစုံလင်လင် ရဲရဲရင့်ရင့် လှူဒါန်းကောင်းရော် ပူဇော်တာတွေတွေ့ရပါ တယ်။ ဒါကြောင့် အဲ့ဒီ ဒါန-လှူဒါန်းပေးကမ်းခြင်းဆိုတဲ့လာဘ်ကို ဆောင်လိုလည်းပဲ ဆရာတော်အရှင် နာရဒါဘိဝံသဟာ ချမ်းသာတယ် ဆိုတာကို တွေ့ရပါတယ်။

ယနေ့ တရားဟောသူ တရားနာသူ အားလုံးသော ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေ ချမ်းသာ ချင်တယ် မင်္ဂလာ ရှိချင်တယ်ဆိုရင် ယုံကြည်ချက် သဒ္ဓါတရားဆိုတဲ့ လာဘ်ကိုဆောင် ရင် အခုဘဝ၊ နောင်ဘဝ မင်္ဂဖိုလ်နိဗ္ဗာန်ရသည့်အထိ ချမ်းသာ ပါတယ် မင်္ဂလာရှိပါတယ်လို့ အသိဉာဏ်ပေးပါတယ် ဝိနယေ မစ္ဆေရမလံ-

http://www.dhammadownload.com

မပေးချင်၊ မကျွေးချင်၊ မလှူချင်တဲ့ ဝန်တိုခြင်း မစ္ဆရိယကို ဆရာတော်အရှင်နာရဒါဘိဝံသဟာ ပယ်ရှားပြီးတော့ ဘုရား အတွက်၊ တရားအတွက်၊ သံဃာအတွက် လောကသာသနာ အရာရာအတွက် ရဲရဲရင့်ရင့် လှူဒါန်းကော်ရော် ပူဇော်တာ ကိုတွေ့ရပါတယ်။ အဲ့ဒီယုံကြည်ချက် သဒ္ဓါတရား ဒါနလာဘ်ကို ဆောင်ထားတဲ့ အတွက်လည်းပဲ ချမ်းသာပါတယ်။

ဒီတော့ ဒီနေရာလေးမှာ အခုစောစောက ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးက ဆံတော်ရတနာ စေတီအတွက် လှူတာ ဘယ်နှစ်သိန်းမျှား ဖြစ်သွားပြီလည်းဆိုတော့ တရားနာပရိသတ်တွေတွေ့ပါတယ် ဘယ်နှစ်သိန်းတဲ့ သိန်း(၅၀၀)ကျော်တဲ့ ဆရာတော်ကြီးက သိန်း(၇၀၀)ကျော်လို့ ပြောတာကြားလိုက်တယ် ကိုသီဟရေ ဖြည်းဖြည်းလုပ်ပါ ဘုန်းကြီး လန့်သွားတယ်။ သိန်း(၂၀၀)ကျော်လောက် လိုသေးတယ် ဒီတော့ ပြောလိုတာက ဘာလည်းဆိုတော့ ရှေးတုန်းက ဆရာတော်ကြီးတစ်ပါးက ဒကာ ဒကာမတွေကိုမေးတယ် ဒကာတို့ ဒကာမတို့ ချမ်းသာ ချင်သလား လို့မေးတယ် ချမ်းသာချင်ပါတယ်ဘုရား အဲ့တော့ ဆရာတော်ကြီးကပြောတယ် ချွေလွှတ် ချွေလွှတ်တဲ့ ကိုသီဟ ဘာတဲ့လဲ ချွတ်လှူခိုင်းတာပါဘုရား အေး . . . သိန်း(၂၀၀)ကျော် လိုသေး တယ် အခုချွေလွှတ် ချွေလွှတ် လို့ဒါလေးပြောပါတယ်။

အဲ့တော့ ပြောချင်တာက ဘာလည်းဆိုတော့ အရှင်နာရဒါဘိဝံသ ချမ်းသာတာ အဲဒီ တိဋ္ဌာန သုတ္တန်နဲ့အညီ လိုက်နာကျင့်သုံးတဲ့အတွက် ချမ်းသာတာပဲ။ ဒေါ်ရွှေဥ မွေးနေ့ရှင်ကို ဂုဏ်ပြုပူဇော်တာ ဒေါ်ရွှေဥ ရွှေဥ ရွှေဥနဲ့ လောကမှာ အောင်မြင်ကျော်ကြားတာဟာလည်းပဲ အဲဒီစောစောက အချက်(၃)ချက်များကို လိုက်နာ

http://www.dhammadownload.com

ကျင့်သုံးတဲ့အတွက် မွေးနေ့ရှင်နဲ့၊ မွေးနေ့ရှင်ကိုဂုဏ်ပြုသူ တွေအားလုံး ချမ်းသာတာပါလို့ အသိဉာဏ်ပေးတဲ့ လာဘ်ဆောင် ချမ်းသာ မင်္ဂလာစကားဆိုတဲ့ ဝမ်းသာစရာစကားလေး ပြောပြီးတော့ ဘုန်းကြီးတို့ ဝါသနာအရ ပိတိဝမ်းသာ မင်္ဂလာဆုတောင်းဆိုတဲ့ နောင်တော်ကြီး အတွက် မနက်ကရေးသားတဲ့ ကဗျာလေးတစ်ပုဒ်နဲ့ နိဂုံးချုပ်ပါမယ်။

ပီတိဝမ်းသာ မင်္ဂလာဆုတောင်း

ရန်ကုန်တိုင်းတွင် သမိုင်းဝင်ဆန်း မြို့ဟဟန်း၌ ညောင်တုန်း တိုက်ဝယ် နှစ်ခြိုက်စာချ နာယကခေါ် ဆရာတော်၏ သက်ဖေါ် စိစစ် (၅၃)နှစ်ပြည့် မွေးနေ့မင်္ဂလာ ရောက်ရှိရာ၌ မြတ်စွာဘုဒ္ဓ အမှူးပြသည့် မြတ်လှ သံဃာ အဖြာဖြာအား သဒ္ဓါထားလျက် လေးစားဖူးမြော် တရားတော်နာ လှူတာရဲရင့် လနှယ်တင့်သည့် အရှင့် မဟာဂုဏ်မျှားစွာကို အားရပိုမိ ပီတိဝမ်းသာ မင်္ဂလာဆုတောင်း စကားကောင်းစေ ဆုတောင်းပေအံ့ လနေပမာ လှဝေဖြာသည့် လှရတနာထေရ်ဆရာသည် ခန္ဓာတည်သမျှ လောကသာသနာ အရာရာ ပြောပြုကြံစည်မှုတွေ အောင်ပါစေပေါ့ သက်ရှည်ကျန်းမာ ဘေး ဘယာကင်းဝေးကွာရှင်း၍ ကောင်းခြင်းချမ်းသာ လိုတတာလည်း ကာလဒါန ဝိဇာတကြောင့် ခဏမကြာ ပြည့်ဝပါစေ အေးမြစေ ကြောင်းဆုခွေတောင်းသည် အကောင်းကုသိုလ်ပြုတိုင်းတည်း။

****

http://www.dhammadownload.com

ဒေါ်ရွှေဥ၏ ရင်တွင်းစကား လျှောက်ထားချက်များ

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ဤအချိန်ရက်မြတ် အခါဝယ် ကြွရောက်လာကြကုန်သော သက်တော်ရှည်ဆရာတော် ဘုရားကြီးများနှင့်တကွ ဥက္ကဋ္ဌ ဆရာတော် မွေးနေ့ရှင် ဘုန်းဘုန်း ဦးနာရဒနှင့်တကွ သံဃာတော်အရှင်သူမြတ် အပေါင်းတို့ဘုရား တပည့်တော်ရွှေဥမှ ရိုသေစွာ လက်စုံမိုး၍ ရှိခိုးဂါရဝပြုပါတယ် ဘုရား။

အရှင်သူမြတ်အပေါင်းတို့ဘုရား တပည့်တော်၏ ရင်တွင်းလျှောက်ထားမှုလေးအား သည်းခံခွင့်ပြုပေး သနားတော်မူပါ အရှင်ဘုရား ခွင့်ပြုတော်မူပါဘုရား။ ယနေ့ဤအချိန်အခါဝယ် တပည့်တော်တို့၏ ရိုသေ မြတ်နိုး ကိုးကွယ်ဆည်းကပ်ရသော မွေးနေ့ရှင်လည်းဖြစ်သော အချိန်အခါခပ်သိမ်းသော အချိန်တိုင်း၌ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို ဆင်ခြင်ပွားများကြည်ညိုလျက် အမြဲတမ်း ဘုရားရှင်ကိုသာလျှင် ပူဇော်သော ဘုန်းဘုန်းဦးနာရဒသည် ဒကာ၊ ဒကာမတို့၏ အကျိုးငှာ မြတ်ဗုဒ္ဓကို အထက်တန်းကျစွာ ပူဇော်နိုင်စေရန် လမ်းညွှန်ပြသ၍ တပည့်တော်နှင့်တကွသော ဒကာ၊ဒကာမအပေါင်းတို့၏ မြတ်စွာဘုရားရှင်အမှတ်နှင့် ဆံတော် ပွားရတနာစေတီတော် ဖြစ်မြောက်အောင် စီမံခဲ့ပြီး ယနေ့ယခု အခါဝယ် ကြည်ညိုဖွယ်ဆောင်သော မြတ်ဗုဒ္ဓ၏ ဆံတော်ရတနာ စေတီတော်အား တပည့်တော်တို့ ပြီးစီးထမြောက် ဖူးမျှော် ကြည်ညို ခွင့်ရကြပါသည်ဘုရား . . .

ဤဆံတော်ပွားရတနာစေတီတော်အား ဦးဆောင် တည်ထားပူဇော်သော မွေးနေ့ရှင်လည်းဖြစ်သော ဘုန်းဘုန်း ဦးနာရဒသည် တပည့်တော်နှင့် ရှေးငယ်ရွယ်စဉ်ကာလကတည်းက ဆည်းကပ်

http://www.dhammadownload.com

ဆုံစည်းကြည်ညိုခွင့် ရခဲ့ပါတယ်ဘုရား။ ဆရာတော်သည် စာသင်သား ငယ်ရွယ်စဉ်ကတည်းကိုက မြတ်ဗုဒ္ဓ၏ ဓမ္မစာပေများကို နှံ့စပ်ပြည့်စုံအောင် အထူးပင်ကြိုးစား ဝီရိယစိုက်ပြီး ဆည်းပူးခဲ့ရာ အလွန်တရာမှ သံယာလောကမှာ ထင်ရှားသော ထူးချွန်ထက်မြတ် သော၊ သံယာအပေါင်းက ဂုဏ်ယူရသော၊ စာသင်သားများကြား၌ အလွန်တရာမှအားကျဖွယ်ကောင်းသော သံယာ့အာဇာနည် တစ်ပါးအဖြစ်နှင့် ထင်ရှားကျော်စော ကြည် ညိုဖွယ်ဆောင်ခဲ့ပါတယ် ဘုရား။ ဓမ္မာစရိယပညာ ပြည့်စုံသည့်အခါ၌လည်းပဲ ဗဟန်းမြို့ နယ်၌ရှိသော ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ စာချ ဆရာတော် ဘုရားအဖြစ်နှင့် သံယာအပေါင်းအား စာဝါများ ပို့ချ လျက်လည်း ကောင်း ကျောင်းတိုက်အကျိုးစီးပွားအလို့ငှာ အဖက်ဖက်က အားသွန်ခွန်စိုက် နေ့မအား ညမအား စွမ်းစွမ်းတမံ သည်ပိုး ရွှက်ဆောင်သော သာသနာ့ဝန်ထမ်း ရှင်ရဟန်းမြတ် ဖြစ်ပါသည်ဘုရား၊ ဤကဲ့သို့ သာသနာ့ဝန်တွေကို ထမ်းဆောင်နေရင်း ဒကာ၊ ဒကာမတို့ အကျိုးစီးပွားအလို့ငှာ တရားဓမ္မများအား ဟောကြားခြင်း ဟောဖော်ညွှန်ပြ ဆိုဆုံးမခြင်း ပို့ချသင်ကြား ပေးခြင်းလည်း ပြုပါသည်ဘုရား။

ဒါ့အပြင် ဓမ္မစာပေများကိုလည်း စာအုပ်အဖြစ်နှင့် များစွာ ရေးသားရိုက်နှိပ်ပြီး လောကီသားများအကျိုး ဆောင်ရွက် တော်မူပါသည်ဘုရား၊ ဤကဲ့သို့ပင်လျှင် ဆရာတော်ဘုရား ဂုဏ်သီတင်းတို့၏ ယခုအခါဝယ် အထက်တန်းကျကျ ကြည်ညို ဖွယ်ဆောင်ကာ ထင်ရှား ကျော်စောလှသော သာသနာ့ဝန်ထမ်း အရှင်သူမြတ်တစ်ပါးဖြစ်ပါသည်ဘုရား။ ဆရာတော်ဘုရား ရရှိခဲ့သော ဂုဏ်ထူးများက အသိသက်သေသာဓကအဖြစ်နှင့် တည်ရှိနေပါတယ်ဘုရား။ ဤကဲ့သို့

http://www.dhammadownload.com

သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့်တကွ များလှစွာသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံလျက်ရှိသော ဆရာတော်အရှင်သူမြတ်ထံ၌ တပည့်တော်၏ ရှေ့လွန်ခဲ့သော ကာလများစွာကတည်းက ဆုံစည်းကြည်ညို ပူဇော်ခွင့် ရရှိခဲ့ရာဝယ် တပည့်တော်အနေဖြင့် အထူးပင်လေးစား ကြည်ညိုလှသော ဂုဏ်အချို့အား တပည့်တော် လျှောက်ထား လိုပါသည်ဘုရား။

ဆရာတော်သည် အခါခပ်သိမ်း ငယ်ရွယ်စဉ်ကတည်းက ယနေ့ထက်တိုင်အောင် မာနကင်းရှင်းပါသည် ဘုရား။ ဒါ့အပြင် မနာလို ဝန်တို ကျသာ မစ္ဆရိယနှင့် ကင်းရှင်းပါသည်ဘုရား ဤကဲ့သို့ ကျသာ မစ္ဆရိယ ကင်းရှင်းသည့်အပြင် သူတထူးတို့၏ အကျိုးစီးပွား ဖြစ်ထွန်းလာစေရန်လည်းကောင်း၊ သူတထူးတို့၏အကျိုးစီးပွား သာလွန်စွာ ဖြစ်ထွန်းလာစေရန်လည်းကောင်း၊ ဤသို့မျှားမြောင်လှစွာသော ဂုဏ်တို့နှင့်ပြည့်စုံသော အရှင်သူမြတ်ကို တပည့်တော် ဤဘဝ ဤသံသရာ၌ ကာလကြာမြင့်စွာကတည်းက ဆုံစည်းခွင့်၊ ကြည်ညိုခွင့်၊ ပူဇော်ခွင့် ရရှိခဲ့ တာကိုလည်း တပည့်တော်အနေဖြင့် တစိမ့်စိမ့်ပြန်လည်တွေးတော ကြည်နူးဝမ်းမြောက်ပူဇော်ရခြင်း အခါခါ ပီတိဖြာခဲ့ရပါတယ်ဘုရား။ မွေးနေ့ရှင် ဆရာတော်ဘုရား သည် ယနေ့မွေးနေ့အချိန်အခါမှ စ၍ မိမိရဲ့အကျိုးစီးပွားဟူသမျှ ချမ်းသာစွာ ရွှင်ဆောင်နိုင်ခြင်းရှိပါစေကြောင်း မေတ္တာဖြင့် ဆုတောင်းအပ်ပါသည် ဘုရား။ တပည့်တော်မနှင့် တကွသော ဒကာ၊ ဒကာမ အပေါင်းတို့ သည်လည်း ဆရာတော်၏ အဆုံး အမတို့ လမ်းညွှန်မှုတို့ကို ခံယူပြီးလျှင် ပူဇော်ခွင့်ကို ကာလရှည်ကြာစွာ ရရှိပါစေရန်လည်း ဆန္ဒပြု၊ အပ်ပါသည်ဘုရား။

http://www.dhammadownload.com

ထပ်မံ၍ တပည့်တော်အား လျှောက်ထားခွင့်ပြုတော်မူပါဘုရား မွေးနေ့ရှင်ဘုန်းဘုန်းဘုရား တပည့်တော်နှင့် ဘုန်းဘုန်းဘုရားတို့ ကာလကြာမြင့်စွာကတည်းက ဆုံစည်းပူဇော်ကြည်ညိုခွင့်ရခဲ့တဲ့ကာလတစ်လျှောက် ယုံကြည်ချက်ခြင်း လွဲခဲ့သည့်အခါ၌ လည်းကောင်း သဘောထားခြင်း မတိုက်ဆိုင်သည့်အခါများ၌ လည်းကောင်း ဆရာတော်၏ စိတ်နှလုံး ပင်ပန်းဆင်းရဲခဲ့ရသည်များ ရှိခဲ့လျှင် တပည့်တော်အား ယနေ့ရက်မြတ်အခါမှစ၍ နားလည် သည်းခံခွင့်လွှတ်ပေးပါရန်လည်း တပည့်တော် တောင်းပန် အပ်ပါသည် အရှင်သူမြတ်ဘုရား၊ တောင်းပန်အပ်ပါသည် အရှင်သူမြတ်ဘုရား ခွင့်လွှတ်တော်မူပါ အရှင်သူမြတ်ဘုရား။

ကြွရောက်လာကြကုန်သော သက်တော်ရှည်ဆရာတော်ဘုရားကြီးများနှင့်တကွ ဥက္ကဋ္ဌ ဆရာတော်ဘုရားနှင့်တကွ မွေးနေ့ရှင်ဘုန်းဘုန်းနှင့်တကွ သံဃာတော်အပေါင်းတို့သည် လည်းကောင်း ကြွရောက်လာကြကုန်သော မင်းပရိသတ် သူတော်ကောင်းအပေါင်းတို့ သည်လည်းကောင်း ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာ၊ လန်းဖြာခြင်း ရှိပါစေကြောင်းနှင့် သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေကြောင်း ဂါရဝပြုဆုတောင်း နိဂုံးချုပ်အပ်ပါ၏ အရှင်သူမြတ်အပေါင်းတို့ဘုရား။(သာဓု- သာဓု- သာဓု)

****

http://www.dhammadownload.com

မွေးနေ့ရှင် လှရတနာဆရာတော်၏
အနုမောဒနာရေစက်ချတရား

စတိတ်ခုံအောက်မှာ ထေရ်ကြီးဝါကြီးဆရာတွေ ထိုင်နေရပါတယ်။ ဒါဟာ အခမ်းအနားရဲ့ သဘာဝအရ အခမ်းအနားမှာ ပါတဲ့ ပုဂ္ဂိုလ်တွေပဲ စတိတ်ခုံပေါ်မှာ နေရာစီစဉ်ထားတာဖြစ်လို့ ဆရာက အောက်က ငယ်တဲ့ တပည့်တွေက အပေါ်က ဖြစ်နေတာကို အထူးသဖြင့် ခွင့်လွှတ်ဖို့ ခွင့်ပြုဘို့ တောင်းပန်စကား လျှောက်ကြားအပ်ပါတယ်ဘုရား။ ဆရာသမားတွေ အနေနဲ့လည်း သူ့ခေတ်သူ့အခါ အခမ်းအနားပြင်ဆင်နည်းအရ ဒီလို ပြင်ဆင်တာကို နားလည်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်ဘုရား။ ထေရ်ကြီး ဝါကြီးဆရာတော်များ နှင့် စာချပေးဘူးတဲ့ ကျေးဇူးရှင် ဓမ္မာစရိယ ဆရာတော်တို့အား တောင်းပန်ပြီးတဲ့နောက် ဒီရတနာ သုံးပါး ပူဇော်ပွဲမှာ အကြီးဆုံး သက်တော်ရှည် (၉၃)နှစ်အရွယ်ရှိတဲ့ ဟံသာဝတီဆရာတော်ကြီး အပါအဝင် ဆရာတော် အားလုံး ကျေးဇူးအထူး တင်ကြောင်းကိုလည်း လျှောက်ထားလိုပါတယ် ဘုရား။

ရတနာသုံးပါး ပူဇော်ပွဲမှာ ပင့်လိုက်တဲ့ ဆရာတော် သံဃာတော်တွေဟာ မွေးနေ့ရှင်ဖြစ်တဲ့ တပည့်တော်ပင့်တဲ့ သံဃာတော်တွေကြီးပဲ ဖြစ်ပါတယ်။ မွေးနေ့ပွဲလုပ်ပေးတဲ့ ရဟန်းအစ်မကြီး ဒေါ်ရွှေဥ ပင့်တဲ့သံဃာတွေ မဟုတ်ပါဘူး။ အရှင်ဘုရားကို မွေးနေ့ပြုလုပ်ပေးတာဖြစ်တဲ့အတွက် အရှင်ဘုရားပင့်ချင်တဲ့ သံဃာတွေပဲ ပင့်ပါလို့ လျှောက်ထားချက်အရ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး တွေ ပရိယတ္တိသာသနာမှာ စွမ်းစွမ်းတမံဆောင်ရွက်နေကြတဲ့ တိပိဋကဓရ ဆရာတော်တွေ၊ တိပိဋကစာမေးပွဲမှာ ကြီးမှူးကျင်းပ ပေးနေတဲ့ တိပိဋကဩဝါဒိစရိယဆရာတော်ကြီးတွေ၊ သကျသီဟ စေတီယင်္ဂဏ စာမေးပွဲမှာ ကြီးမှူးကျင်းပပေးနေတဲ့ ဆရာတော်ကြီးတွေ၊

http://www.dhammadownload.com

ပါဠိပထမပြန်နှင့် အစိုးရစာချတန်း စာမေးပွဲတွေမှာ ကြီးမှူးကျင်းပ ပေးနေတဲ့ ဗဟိုပညာရေးအဖွဲ့ဆရာတော်တွေ ၊ပရိယတ္တိစာသင်တိုက် တွေမှာ ဦးဆောင်ပြီးတော့ စာချနေတဲ့ ဓမ္မာ စရိယ စာချဆရာတော် တွေ၊ ဒကာ ဒကာမတွေအား အသိဉာဏ် ဖြန့်ဝေ ပေးနေတဲ့ ဓမ္မကထိကဆရာတော်တွေ။ ဒီဆရာတော်တွေပဲ အထူးရွေးချယ်ပြီး တော့ ပင့်ဆောင်ပူဇော်တာ ဖြစ်ပါတယ်။ ပင့်ဆောင်တယ်ဆိုပေမယ့် မကြွလာရင်လည်းပဲ ရပါတယ်။ သို့မဟုတ် တခြားပွဲနဲ့ တိုက်နေရင် လည်း မလိုက်နိုင်လို့ရှိရင်လည်း ဘုရား တပည့်တော်တို့အနေနဲ့ နားလည်ပေးနိုင်ပါတယ်။ သို့ပေမယ့် ပင့်လိုက်တဲ့ ဆရာတော်တိုင်း၊ ဆရာတော်တိုင်း တခြားအလှူ တွေကို မကြွပဲနဲ့ ဒီရတနာသုံးပါး ပူဇော်ပွဲကိုပဲ ကြွရောက်လာတဲ့ အတွက် အထူးကိုပဲ ဝမ်းသာအားရ ဂုဏ်ယူမိကြောင်း လျှောက်ထား အပ်ပါတယ်ဘုရား။

ဒုတိယထပ်မံပြီး လျှောက်ထားလိုတာကတော့ ရတနာသုံးပါးပူဇော်ပွဲ ဆံတော်ရတနာစေတီအနေကဇာ တင်ပွဲဟာ ဘုန်းကြီးကျောင်းတွေ၊ ဘုရားကျောင်းတွေမှာ အများအားဖြင့် ပြုလုပ်တာဖြစ်ပါတယ်။ ခု ဟိုတယ်မှာ လာပြီးတော့ ရတနာသုံးပါး ပူဇော်ပွဲလုပ်တဲ့အတွက် မွေးနေ့ရှင်ဖြစ်တဲ့ ဘုရားတပည့်တော်နဲ့ မွေးနေ့ပွဲ ပြုလုပ်ပေးတဲ့ ရဟန်းအမကြီးဒေါ်ရွှေဥကိုလည်းပဲ အထင်မလွဲစေချင်ပါဘူးဘုရား။ ထင်ပေါ်အောင် ကျော်ကြားအောင် စတိုင်(လ်)တစ်ခုနဲ့ပြုလုပ်တယ်လို့ အထင်မမှားတော်မူစေလိုပါတယ် ဘုရား။ ဒီဆံတော်ရတနာစေတီကို အကြောင်းပြုပြီးတော့ မွေးနေ့ရှင်နဲ့ မွေးနေ့ပွဲလုပ်ပေးတဲ့ရဟန်းမတို့ဟာ နာမည်ကြီးအောင် ဘုန်းကြီး အောင်လုပ်တယ်လို့ အထင်မမှားစေလိုပါဘူးဘုရား။ ဒီစေတီက ဩဂုတ်လ (၁၈)ရက်နေ့မှာ ဗန်းမော်ဆရာတော်ကြီးထံမှ ဆံတော်ပွား နှစ်ဆူ ရရှိတာဖြစ်ပါတယ်။ ဒီဟိုတယ်မှာ မွေးနေ့ ကျင်းပဖို့

http://www.dhammadownload.com

ရဟန်းအမကြီးလျှောက်ထားတာက ဝါဆိုလကတည်းက လျှောက်ထားခဲ့တာဖြစ်ပါတယ်။ တပည့်တော်တို့ ညောင်တုန်း တိုက်ဆရာတော်ကြီးဟာ (၉၅)နှစ်ရှိနေပါပြီ။ အိပ်ယာထဲမှာ လဲလျောင်းနေရရှာပါပြီ။ ရဟန်းမကြီး ဒေါ်ရွှေ့ အနေနဲ့ လစဉ်နီးပါး ဆေးဖိုးဝါးခ လာရောက်ပြီး လှူဒါန်းရင်းနဲ့ ဘုန်းဘုန်းရဲ့မွေးနေ့ပွဲကို ဟိုတယ်မှာ ပြုလုပ်ပေးချယ်တယ်။ ဘုန်းဘုန်း လက်ခံနိုင်ပါ့မလား ဘုရားလို့ လျှောက်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆံတော်နှစ်ဆူ မရသေးပါဘူး။ ရလိမ့်မယ်လို့လဲ မျှော်လင့်မထားပါဘူး။ အဲဒီလို လျှောက်ထားတဲ့အခါသင့်တော်ပါတယ်။ ဟိုတယ်ဆိုတာကတော့ လူ့သားတွေပဲ အများအားဖြင့် ရောက်ကြတယ်။ ဆရာတော် သံယာတော်တွေ အနေနဲ့တော့ မရောက်ဖြစ်ကြဘူး။ အဲဒီတော့ ဒကာမကြီးလုပ်ပေးမယ့် မွေးနေ့အကြောင်းပြုပြီးတော့ ဆရာတော် သံယာတော်တွေ မရောက်ဘူးတဲ့နေရာ ရောက်ဘူးကြ။ မဘုဉ်းပေး ဘူးတာတွေ ဘုဉ်းပေးရရင် သင့်လျော်ပါတယ်လို့ ဘုရားတပည့်တော် လက်ခံလိုက်တာဖြစ်ပါတယ်။

ခုဒီပွဲကြွလာတဲ့ မြေလတ်ပိုင်းက ဆရာတော်ကြီး တစ်ပါးဆိုရင် ဦးနာရဒရေ တပည့်တော် ဘယ်ဟိုတယ်မှ မရောက်ဖူးဘူး။ ခုမှပဲ ရောက်ဖူးမှာ အများကြီးပဲ ဝမ်းသာလိုက်တာလို့ မိန့်ကြားခဲ့ဘူးပါတယ်။ လွန်ခဲ့တဲ့ (၈)နှစ်လောက်ကလည်း ဘုရားတပည့်တော်တို့ စွယ်တော်ရတနာစေတီပွဲပြီးတဲ့အခါ အဲဒီနှစ်က (၄)ရက်ထိ ကျင်းပလိုက်တော့ ညတရားပွဲတွေလဲပါ။ နေ့လယ်ခင်း ဝတ်အသင်းတွေ လည်းကျင်းပဆိုတော့ ဘုရားတပည့်တော်ရော ဂေါပကအဖွဲ့ တွေပါ အလွန်ပင်ပန်းကြပါတယ်။ ဒီအခါမှာ ရဟန်းအမကြီးက ပင်ပန်းမှုတွေ အနားယူနိုင်အောင် ငွေဆောင်ကမ်းခြေ ကိုပင့်ပြီးတော့ အကောင်းဆုံးဟိုတယ်မှာ နှစ်ညအိပ် (၃)ရက် အနားယူစေပါတယ်။ ဒီအခါမှာ

http://www.dhammadownload.com

ဂေါပက ဥက္ကဋ္ဌ ဦးကြည်ဝင်းအပါအဝင် ဆရာတော် (၅)ပါးကြွ ပေးကြပါတယ်။ အဲဒီထဲမှာ ဆရာတော်တစ်ပါးက တိပိဋကရွေးချယ်ရေးအဖွဲ့. ဩဝါဒါစရိယဖြစ်တဲ့ စစ်ကိုင်း သဇ္ဇနော ဒယ ဆရာတော်ဘုရားကြီးပါဘဲ။ သက်တော် (၈၅)နှစ် ကျော်နေ ပါပြီ။ အဲဒီဆရာတော်ကြီးလည်း အပါအဝင်ပါဘဲ။ ငွေဆောင် ကမ်းခြေက အကောင်းဆုံးဟိုတယ်မှာ အနားယူရင်း နဲ့ ပင့်ဆောင် လာတဲ့ ရဟန်းအမကြီးကို ပြောပြပါတယ်။ ဘုန်းကြီးက စစ်ကိုင်းက ဘုန်းကြီးပါ။ ရန်ကုန်မြို့ကို တိပိဋက စာမေးပွဲ ဩဝါဒါစရိယအနေနဲ့ လာရောက်ဆောင်ရွက်တာပါ။ ရန်ကုန်မြို့ထဲ ပင့်တဲ့အခါ ဆူးလေ ဘုရားလမ်း ဖြတ်သွားတဲ့အခါ လမ်းဘေးမှာရှိတဲ့ ဟိုတယ်ကြီးတွေ မော်ပြီးကြည့်ခဲ့ရတယ်။ ကမ္ဘာအေးဘုရားလမ်း ဖြတ်သွားတဲ့အခါ လည်း လမ်းဘေးမှာရှိတဲ့ဟိုတယ်ကြီးတွေ မော်ပဲကြည့်ခဲ့ရတယ်။ ခု ဒကာမကြီးပင့်မှ ငွေဆောင်ကမ်းခြေ အကောင်းဆုံးဟိုတယ်မှာ ရောက်ဖူးပြီး အနားယူရလို့ အမျှားကြီး ဝမ်းသာ ပါတယ်လို့၊ အဲဒီလို စစ်ကိုင်းသဇ္ဇနောဒယဆရာတော်ကြီးက မိန့်ကြားတာကို တပည့်တော် ကြားလိုက်ရ ပါတယ်။ ညနေပိုင်း မနက်ပိုင်းဆို ဆရာ တော်ကြီးက ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်ပါတယ် ဓာတ်ပုံ ဆရာကို ရိုက်ခိုင်းပြီးတော့ အဲဒီဓာတ်ပုံကို ပုံအကြီးကြီးချဲ့. ပြီးတော့ ဒီလို ဒီလို အနားယူခဲ့တယ်ဆိုပြီးတော့ အနားယူဖို့ ပင့်ဆောင်တဲ့ အလှူရှင်တွေကို မေတ္တာပို့ပေးခဲ့ပါတယ်။

အဲဒီအတွေ့.အကြုံအရ ခုလည်းပဲ ထင်ရှားကျော်ကြားတဲ့ ဆရာတော်ကြီးတွေ၊ ရန်ကုန်မြို့ပေါ်က ဟိုတယ်ကြီးတွေကို ရောက်ဖူး ပေမယ့် ခု ဒီသံဃာတွေထဲမှာ အညာ မြေလတ်ပိုင်းက ဆရာတော်တွေ၊ အဖွဲ့.အစည်းထဲမပါတဲ့ ဆရာတော်ကြီးတွေအဖို့ ဒီလိုဟိုတယ်နေရာမျိုး မှာ ရောက်ဖို့ အလွန်ခဲယဉ်းလှပါတယ်။ ဒါနဲ့ပဲ ဘုရားတပည့်တော်

http://www.dhammadownload.com

လက်ခံလိုက်တာဖြစ်ပါတယ်။ အဲဒီတော့ စေတီ အနေကဇာတင်ပွဲ မွေးနေ့ပွဲပြုလုပ်တာဟာ ဆရာတော်ကြီးတွေ မရောက်ဖူးတဲ့နေရာကို ရောက်ဖူးပြီး၊ မဘုဉ်းပေးဖူး သေးတာတွေ ဘုဉ်းပေးဘူးအောင် သံဃာတော်တွေကို ငဲ့ပြီးတော့ ဒီနေရာ ဒီဌာနမှာ ကျင်းပတာ ဖြစ်ပါတယ်။ ကြွရောက်ချီးမြှောက်တဲ့ ဆရာ တော်တွေဟာလည်းပဲ ပါဠိတော်မှာလာတဲ့ မနော ဘာဝနိယ ဂုဏ်နှင့်ပြည့်စုံတော်မူကြပါတယ်၊ ပင့်လိုက်တဲ့ သံဃာတော် တစ်ပါး တစ်ပါးစီရဲ့ ဂုဏ်တွေ အာရုံပြုကြည့်ရင် စိတ်နှလုံး ဝမ်းသာကျေနပ် အားရလောက်တဲ့ ဂုဏ်ရှိတဲ့ ဆရာတော်တွေ ဖြစ်ပါတယ်။ အထူး အားဖြင့် ပညာရေးနဲ့ ပတ်သက်ပြီး တော့ ထူးချွန်တဲ့ဆရာတော်တွေ ဖြစ်ပါတယ်။ အစိုးရမမှာစရိယစာမေးပွဲ ဖြေဆိုအောင်မြင်တဲ့ ဘွဲ့ရပုဂ္ဂိုလ် တွေမက ထိုအစိုးရ စာမေးပွဲရဲ့ ဗဟိုပညာရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်တွေ သက္ကသီဟအသင်း စေတီယင်္ဂဏ အသင်း အဘိဝံသဘွဲ့ အောင်မြင်ယုံတင်မက ထိုစာမေးပွဲတွေကို ဦးဆောင် ကျင်းပနေတဲ့ ဆရာတော်တွေ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက သုံးပုံလုံးအောင်ပြီးတဲ့ ရေစကြီဆရာတော် ရွှေစင်တိပိဋက ဆရာတော်အပါအဝင် တိပိဋက ဆရာတော်တွေတင်မက ထိုတိပိဋက စာမေးပွဲမှာ ဦးဆောင်ပြီးကျင်းပ နေတဲ့ တိပိဋက ဩဝါဒါ စရိယ ဥက္ကဋ္ဌ ဆရာတော်တွေ၊ အတွင်းရေးမှူး ဆရာတော်တွေ၊ ပုစ္ဆကဆရာတော်တွေ စသည်ဖြင့် ဒီဆရာတော် တွေကို ဒီလိုနေရာ မှာ တစ်စုတစ်စည်းတည်း မြင်ခွင့်ရဖို့ဆိုတာ အလွန်ခဲယဉ်း ပါလိမ့်မယ်။ ရတနာသုံးပါးပူဇော်ပွဲ၊ ဆံတော်ရတနာ စေတီ၊ အထူး သဖြင့် ဖူးမျှော်ကြည်ညိုဖို့ ကြွရောက်လာကြတာ ဖြစ်ပါတယ်။ မွေးနေ့ရှင် ပုဂ္ဂိုလ်ကိုခင်လို့ လေးစားလို့ ကြွလာတယ် ဆိုပေမယ့် ဆံတော်ရတနာစေတီဖူးဖို့ ဘုရားကို ကြည်ညိုလို့ ကြွလာတာက ပိုပြီးတော့ များပါတယ်။

http://www.dhammadownload.com

တပည့်တော်တို့နဲ့ ရင်းနှီးတဲ့ ဆရာတော်တစ်ပါးဆိုရင် ဟိုတယ်တွေမှာ ပင့်ရင် မလိုက်ပေမယ့် ခုဒီဟိုတယ်မှာ ကျင်းပတဲ့ အခါ ဆံတော်ရတနာစေတီ တည်ထားပုံ ပန်းတိမ်ပညာ အနုပညာ မြောက်ပုံ ဖူးမျှော်ချင်တာနဲ့ ဟိုတယ်မှာ ကျင်းပပေမယ့် တကူးတက လာရောက်ပြီး ဖူးမျှော်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဘုရား တပည့်တော်တို့ အနေနဲ့လည်းပဲ သံဃာတော်အရှင်မြတ်တွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒကာဒကာမတွေအနေနဲ့လည်း ပညာရေးထူးချွန်တဲ့ စာချဆရာတော်တွေ ဓမ္မကထိက ဆရာတော်တွေ တိပိဋကဆရာတော်တွေ ပညာရေးအဖွဲ့ အစည်း အသီးသီးက ဦးဆောင်ဆရာတော်တွေ ဖူးမျှော်ခွင့်ရတာဟာလည်းပဲ အလွန် ကံကောင်းလှပါတယ်။ ဒီရောက်မှ ပင့်လိုက်တဲ့ ဆရာတော်တွေ အစုံအလင် ကြွရောက် ချီးမြှောက်တာကို တွေ့တဲ့အခါ ဘုရား တပည့်တော်တို့ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိသုတ္တန်ကို သွားရောက်ပြီး သတိရ ရပါတယ်။ တရားနာ ပရိသတ်တွေ မိုးကုတ်နည်းနဲ့ပဲ တရားအားထုတ် အား ထုတ်၊ မဟာစည်နည်းနဲ့ပဲ တရားအားထုတ်၊ အားထုတ်၊ စွန်းလွန်း နည်းနဲ့ပဲ အားထုတ် အားထုတ်၊ နှာသီးဖျားပဲ မှတ်မှတ်၊ ဗိုက်ပဲ မှတ်မှတ်၊ အာနာပါန ဿတိသုတ္တန်မှာလာတဲ့အတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်တွေ ဟောပြကြတာဖြစ်ပါတယ်။

အဲဒီ အာနာပါနဿတိသုတ္တန်က မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ကျောင်းအမကြီး ဝိသာခါရဲ့ ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံး နေစဉ် ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။ သံဃာတော် အရှင်မြတ်တွေအနေနဲ့ ပုံမှန်အတိုင်း ပဝါရဏာပြုတာ သီတင်းကျွတ် လပြည့် မဟာပဝါရဏာနေ့မှာ ပဝါရဏာ ပြုရတာဖြစ်ပါတယ်။ အဲဒီ ပုဗ္ဗာရုံကျောင်း သီတင်းသုံးတဲ့အချိန်မှာ ထေရ်ကြီးဝါကြီး ဆရာတော်

http://www.dhammadownload.com

ကြီးတွေက သီတင်းငယ်သံယာ ငယ်တွေကို ဩဝါဒပေးကြ စာချကြ၊ တရားပြပေးကြတယ်။ သီတင်းငယ် သံယာတွေကလည်း ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးတွေ ဆုံးမတဲ့အတိုင်း ပရိယတ်စာပေ ကြိုးစားကြ၊ ပဋိပတ်ကမ္မဋ္ဌာန်း အလုပ်တွေ အားထုတ် ကြတော့ မဂ်ဖိုလ် နိဗ္ဗာန်တွေရ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အရိယာတွေဖြစ်ကြတယ်။ ဒီအခါမှာ မြတ်စွာဘုရားရှင်က အလွန် အားရ ကျေနပ်နေတော်မူ ပါတယ်။ အဲဒီနှစ်ဝါက ထူးထူး ခြားခြား ပုဗ္ဗာရုံမှာ မြတ်စွာဘုရားရဲ့ ထိပ်တန်းတပည့်ကြီး (၁၀)ပါးလည်း သီတင်းသုံးနေပါတယ်။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန်၊ အရှင်မဟာကဿပ၊ အရှင်မဟာကစ္စည်း၊ အရှင်မဟာကောဋ္ဌိက၊ အရှင်မဟာကပ္ပိန၊ အရှင်မဟာစုန္ဒ၊ အရှင်ရေဝတ၊ အရှင်ရာဟုလာ၊ အရှင်ဥပါလိ၊ ဒီထိပ်တန်းတပည့်ကြီး ဆယ်ပါးအပြင် ထင်ရှားတဲ့ တပည့်ကြီးတွေ လည်း သီတင်းသုံး နေပါတယ်။ ထေရ်ကြီး ဝါကြီးတွေ ဩဝါဒ ပေးတိုင်း သီတင်းငယ် တွေက လိုက်နာပြီး ကျင့်သုံးတဲ့အတွက် အရိယာဖြစ်တာတွေ ကြည့်ပြီးတော့လည်း ဘုရားရှင်က အလွန် ကျေနပ်အားရ နေပါတယ်။ ဒါနဲ့ သီတင်းကျွတ်လပြည့်နေ့ ရောက်ခါနီး တဲ့အခါ ဘုရားရှင်က ပြန်တမ်းတစ်ခု ထုတ်ပြန် လိုက်ပါ တယ်။

ဒီနှစ် မဟာပဝါရဏာကို သီတင်းကျွတ်လပြည့်နေ့မှာ မပြုရဘူး။ တန်ဆောင်မုန်းလပြည့်နေ့ ကျမှ မဟာပဝါရဏာပြုရမယ် ဒီလို ဝိနည်း အမိန့်ထုတ်ပြန်လိုက်ပါတယ်။ တန်ဆောင်မုန်းလပြည့် နေ့ ပဝါရဏာပြုဆိုတာက ပစ္ဆိမဝါ ဝါခေါင်လပြည့်နေ့ ဝါဆိုတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ပုံမှန်အတိုင်း တန်ဆောင်မုန်းလပြည့်နေ့မှာ ပဝါရဏာပြုရမှာဖြစ်ပါတယ်။ ခုတော့ ဝါဆိုလပြည့်နေ့ ပုရိမဝါ ဝါဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက် သီတင်းကျွတ် လပြည့်နေ့မှာ ပဝါရဏာ မပြုရဘူး။ တန်ဆောင် မုန်းလပြည့်နေ့မှ ပဝါရဏာပြုရမယ်လို့ အမိန့်ထုတ်လိုက်

http://www.dhammadownload.com

တော့ သံယာတွေ ပိုပြီးတော့ ဝမ်းသာအားရဖြစ်ကြ ပါတယ်။ ဒါကို ဝိနည်းစကားနဲ့ ပဝါရဏာသင်္ဃကံပေးတယ်လို့ ခေါ်ရပါတယ်။ ပဝါရဏာသင်္ဃကံ ပေးတဲ့အခါ ဘုရားရှင်ကိုယ်တိုင်ပဲ ဆုံးဖြတ်ပါတယ်။ ဝါတွင်းမှာ အားထုတ်တဲ့ ယောဂီရဟန်းတော်တွေ သမာဓိ မရင့်ကျက်သေးဘူး။ ဝိပဿနာဉာဏ်နုသေးတယ်၊ အရေ အတွက်ကလည်း များနေတယ်။ သူတို့ကို ပုံမှန်ဝိနည်း စည်းကမ်း အရ သီတင်းကျွတ်လပြည့်နေ့ ပဝါရဏာ ပြုမယ်ဆိုရင် ဒီသမာဓိ မရင့်ကျက်သေးတဲ့ ဝိပဿနာဉာဏ် နုသေးတဲ့ ပုဂ္ဂိုလ်တွေဟာ သီတင်းကျွတ်လပြည့် မဟာပဝါရဏာ ပြုပြီးရင် ခရီးသွားကြမယ်။ ခရီးသွားရင် သူတို့ရဲ့ သမာဓိတွေပျက်၊ ဉာဏ်တွေလျော့သွားရင် မဂ်ဖိုလ် နိဗ္ဗာန် မရနိုင်ဘူး။ အရိယာ မဖြစ်နိုင်ဘူး။ အဲဒီလို ကမ္မဋ္ဌာန်း အလုပ်အားထုတ်တဲ့ ယောဂီကာရကပုဂ္ဂိုလ်တွေ များနေတဲ့ အတွက် ဘုရားရှင်က တန်ဆောင်မုန်းလပြည့်နေ့ကျမှ ပဝါရဏာ ပြုရမယ်လို့ ပြန်တမ်းထုတ်ပြန်လိုက်ပါတယ်။

ဒီအခါ သံယာတော်တွေ ဆက်ပြီး ကြိုးစားတဲ့ အခါ သမာဓိ နုတဲ့ ပုဂ္ဂိုလ်တွေ၊ သမာဓိရင့်ကျက်လာပြီး၊ ဉာဏ်နုတဲ့ပုဂ္ဂိုလ်တွေ ဉာဏ်တွေရင့်ကျက်ပြီးတော့ မဂ်ဖိုလ် နိဗ္ဗာန်တွေ ရသွားကြပါတယ်။ ခါတိုင်းနှစ်တွေထက်ကို ပိုပြီးတော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်တဲ့ အရိယာတွေ အလွန်များသွားပါတယ်။ ဒါနဲ့ပဲ တန်ဆောင်မုန်းလပြည့်နေ့ မဟာပဝါရဏာ ပြုခွင့်ပေးလိုက် ပါတယ်။ မဟာပဝါရဏာပြုပြီးတော့ ညပိုင်း တန်ဆောင်မုန်းလပြည့်နေ့ည လကလည်း ထိန်ထိန်သာ နက္ခတ်ကြယ်တာရာတွေကလည်း အပြည့်အစုံ ကောင်းကင်မှာ ထွက်နေတဲ့အချိန် မြတ်စွာဘုရားရှင် အမျှားရှိတဲ့ ထိပ်တန်းတပည့်ကြီး ဆယ်ပါးအပါအဝင် မဂ်ဖိုလ် နိဗ္ဗာန်ရတဲ့ ရဟန်းသံယာတွေ လွင်တီးခေါင်ပြင်မှာ တရားထိုင် နေကြပါတယ်။

http://www.dhammadownload.com

လမင်းကြီးကလည်း ထိန်ထိန်သာပြီး ကောင်းကင် မှာလည်း နက္ခတ် ကြယ်တာရာတွေက အလွန်ပဲ ပြည့်စုံနေပါတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားရှင်က ထူးထူးခြားခြား စကား သံယာတော်အရှင်မြတ်တွေကို မိန့်ကြားလိုက်ပါတယ်။ "ချစ်သားတို့ ခုဟာဒီသံယာပရိသတ်ကြီးထဲမှာ အလွန်ထင်ရှားကျော်ကြားတဲ့ တပည့်ကြီးဆယ်ပါးလည်း ပါတယ်။ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် အရိယာပုဂ္ဂိုလ်တွေလည်းပါတယ်။ သတိပဋ္ဌာန် လေးပါးစတဲ့ ဗောဓိပက္ခိယတရား(၃၇)ပါး ပွားများတဲ့ယောဂီတွေ လည်းပါတယ်။ အသုဘသညာကို ပွားများတဲ့ပုဂ္ဂိုလ်၊ အနိစ္စသညာ ကို ပွားများတဲ့ပုဂ္ဂိုလ် တွေလည်းပါတယ်။ ထွက်လေဝင်လေ အာနာပါနသတိ ပွားများတဲ့ပုဂ္ဂိုလ်တွေ လည်းပါနေတယ်။ ဒီလိုဂုဏ်ကြီးမားတဲ့ သံယာပရိသတ်ကို ဖူးမျှော်ရဖို့ အလွန်ခဲယဉ်းပါတယ်။ အကယ်၍ ဒီလိုဂုဏ်ကြီးမားတဲ့ သံယာ့ ပရိသတ်ရှိတဲ့နေရာကို အမျိုးကောင်းသား၊ အမျိုးကောင်းသမီးက ကြားလို့ရှိရင် ယူဇနာ တစ်ရာတစ်ထောင် ကနေပြီးတော့ ဆွမ်းထုတ်ကို သယ်ပြီးတော့ ဆွမ်းကပ်လှူသင့်ပါတယ်။ အဲဒီလို မြတ်စွာဘုရားရှင်ဟာ အာနာပါနသတိသုတ္တန်ဒေသနာမှာ ဟောကြား ထားပါတယ်။

ဗဟိုပညာရေးအဖွဲ့ တိပိဋကဿဝိဒါစရိယအဖွဲ့တွေရဲ့ အတွင်း၏ရေးမှူးဆရာတော်တွေ ဥက္ကဋ္ဌဆရာတော် တွေတင်မက သက္ကသီဟ စေတီယင်္ကာ ဓမ္မာစရိယတွေရော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်တွေရော၊ နာမည်ကျော် ဓမ္မကထိက ဆရာတော်တွေရော နာမည်ကြီးစာရေး ဆရာဆရာတော်တွေပါ အလွန်စုံလင်စွာ ကြွရောက်ချီးမြှောက်တဲ့အတွက် အာနာ ပါနသတိ သုတ္တန် ဒေသနာအတိုင်းပဲ ဒီလိုသံယာ ပရိသတ်ကို ဖူးမျှော်ခွင့်ရဖို့ ဆိုတာ အလွန်ခဲယဉ်းလှပါတယ်။ စောစောပိုင်းကမှ ကြွလာတဲ့

http://www.dhammadownload.com

ဆရာတော်ဟာ တိပိဋကဓရမဟာဓမ္မကထိက ရွှေစင် ဆရာတော် ဦးဂန္ဓမာလင်္ကာရ ဖြစ်ပါတယ်။ စောစောပိုင်းက သီလပေးတဲ့ ဆရာတော်ကတော့ ရေစကြိုတိပိဋကဓရမဟာ ဓမ္မကထိက အဂ္ဂမဟာအက္ကော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဖြစ်ပါတယ်။ အဲဒီလို တိပိဋကဆရာတော်တွေ၊ တိပိဋကဩဝါဒါစရိယ ဥက္ကဋ္ဌ အတွင်းရေးမှူး ပုစ္ဆကဆရာတော်တွေ စုံစုံလင်လင် တစ်နေရာထဲမှာပဲ ဖူးမြင်ခွင့်ရဖို့ဆိုတာ အလွန်ပဲခဲယဉ်းလှပါတယ်။ အဲတော့ ခုရတနာသုံးပါး ပူဇော်ပွဲတက်ရောက်လာတဲ့ ပရိသတ် တွေအဖို့ အာနာပါနဿတိ သုတ္တန်ဒေသနာမှာ လာတဲ့ အတိုင်း တကယ့် အကျင့်သီလပညာနဲ့ပြည့်စုံတဲ့ ဆရာတော်တွေကို ဖူးမျှော် ရတဲ့အတွက် စိတ်ထားကို ရှင်းရှင်းလင်းလင်း ကြည်ကြည် လင်လင်လေးနဲ့ ကြည်ညိုပေးကြပါ။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော အစရှိတဲ့ သံဃာ့ ဂုဏ်တော်ကိုးပါးကို ဆင်ခြင် ပြီးတော့ ကြည်ညိုကြပါ။ ဘုရားရှင်ရဲ့ဆံတော်ပွားနှစ်ဆူကို ဌာပနာ ပြီးတည်ထားတဲ့ ဆံတော် ရတနာစေတီကို ပူဇော်တာကတော့ ဗုဒ္ဓပူဇာဖြစ်ပါတယ်။ ခုပြောပြ နေတဲ့ သံဃာတော် အရှင်သူမြတ်တွေ ကို ပူဇော်ခွင့်ရတာကတော့ သံဃာ့ပူဇာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ဓမ္မပူဇာကို ပြောကြားတော့မှာ ဖြစ်ပါတယ်။ ဘုန်းဘုန်းတို့ စောစောပိုင်းက ရဟန်းအမကြီး ဒေါ်ရွှေဥက ဘုန်းဘုန်းတို့နဲ့ ဆက်စပ် တာတွေ ပြောပြသွားပါတယ်။ ရှေ့မှာဝို့းခဲ့ပြီးနဲ့ ထိုင်နေတာက ရဟန်းအမကြီး ဒေါ်ရွှေဥရဲ့မယ်တော် ဒေါ်မြဝင်း ဖြစ်ပါတယ်။ အဲဒီ ဒေါ်မြဝင်းဟာ ညောင်တုန်းတိုက်ဆရာတော်ကြီး နဲ့ ဘုန်းဘုန်းတို့ကို ဦးဇင်းပေါက်စဘဝ ငယ်ငယ်လေး ထဲက ရဟန်းခံ လာပြီးတော့ ပစ္စည်းလေးပါးထောက်ပံ့လာတာဖြစ်ပါတယ်။ နောက်မှ ဒေါ်ရွှေဥက မိမိရဲ့ မိခင် ဒေါ်မြဝင်းထံကနေ ကုသိုလ်အမွေ ဆက်ခံတဲ့

http://www.dhammadownload.com

အတွက် သိမ်ထပ်ရဟန်းအမ ဖြစ်ရပါတယ်။ အဲဒီတော့ မိမိတို့အနေနဲ့ ဒီလိုပရိသတ်အလယ် မိမိတို့ရဲ့မိခင် မိမိတို့ရဲ့ ဆရာတော်တွေ စုံစုံလင်လင် ကြွရောက်တဲ့အချိန် ကုသိုလ်ကောင်းမှု ပြုရတာဟာ ပိုပြီးတော့ ဝမ်းသာရပါတယ်။ ဓမ္မပူဇာအနေနဲ့ နောက်ဆုံး နိဂုံးချုပ် ပြောပြ တော့မှာဖြစ်ပါတယ်။

စောစောပိုင်းက ဆင်ဖြူတောင်ဆရာတော်က ချမ်းသာသုံးမျိုးနဲ့ ပြည့်စုံလို့ ဘုန်းကြီး တယ်ဆိုပြီးတော့ ဘုန်းဘုန်းကို ပြောသွားပါတယ်။ ဗန်းမော်ဆရာတော်ကြီးကလည်း ဘုန်းဘုန်းကို ဒကာဒကာမတွေ တောင့်တင်းတယ်ဆိုပြီးတော့ ပြောပြသွားပါတယ်။ အဲဒီဆရာတော်ကြီး (၂)ပါးပြောတဲ့ စကားအရ အခု ဘုန်းဘုန်းက ထည့်ပြောမှာဖြစ်ပါတယ်။ မူလပြောမယ့် အစီအစဉ်ထဲမှာ အခု အစီအစဉ် မပါ,ပါဘူး။ ဒါပေမယ့် ဗန်းမော်ဆရာတော်ကြီးနဲ့ ဆင်ဖြူတောင်ဆရာတော်တို့ ပြောလိုက်တော့ သံဃာထု ပရိသတ်ကရော အခမ်းအနားတက်ရောက်လာတဲ့ လူပရိသတ်တွေကရော ဘုန်းဘုန်းကို အလွန်ဘုန်းကြီးတယ် ချမ်းသာတယ်လို့ ထင်သွားမှာစိုးလို့ ထည့်ပြောလိုက်တာဖြစ်ပါတယ်။ ဘုန်းဘုန်းတို့ ဆံတော်ရတနာစေတီ တည်တဲ့အခါ ဩဂုတ်လ(၁၈)ရက်နေ့က စပြီးတော့ ဒီနေ့ အနေကဇာတင်တာဆိုတော့ (၃)လနဲ့ပဲ ပြီးသွားပါတယ်။ ဒါပေမယ့် ပန်းထိမ်ဆရာ ဦးထွန်းသိန်းအနေနဲ့ ဆောင်ရွက်တာက တော့ (၂)လနဲ့ပဲ အပြီး ဆောင်ရွက်သွားပါတယ်။ ဒီလို (၂)လနဲ့ အပြီးဆောင်ရွက်တာလည်း ရဟန်းမကြီးက မွေးနေ့လုပ်ပေးချင်ပါတယ်ပြောတော့ ဘုန်းဘုန်းအနေနဲ့ တောင်းဆိုလိုက်ပါတယ်။ ဘုန်းဘုန်းမွေးနေ့ဟိုတယ်မှာ လုပ်ပေးတာကိုလည်း လက်ခံပါ တယ်။ ဒါပေမယ့် ဆံတော်ရတနာစေတီကိုတော့ မွေးနေ့အမီ စီစဉ်ပေးပါလို့ တိုက်တွန်းရပါတယ်။

http://www.dhammadownload.com

ဒါနဲ့ပဲ ဘုရားတပည့်တော်တို့ တနင်္ဂနွေတိုင်း တနင်္ဂနွေ တိုင်းပဲ အလှူငွေပေးအပ်ပွဲ ကျင်းပပြီးလှူဖွယ် ပစ္စည်းဝတ္ထုတွေကို နောက်နေ့မှာ ပန်းတိမ်ဆရာဆီကို ပို့ပေးလိုက်ပါတယ်။ စေတီတည်တာက မြေစိုက်စေတီ မြေပေါ်စေတီ အင်္ဂတေ အုတ်တွေနဲ့ တည်တာ မဟုတ်ပါဘူး။ တစ်ကျပ်သား (၇)သိန်းကျော်ထိ ပေးနေရတဲ့ ရွှေတွေနဲ့ တည်တာ ဖြစ်ပါတယ်။ တရံတစ်ခါ အလှူငွေရတာက ပန်းထိမ်ဆရာရဲ့ လိုအပ်ချက်ကို မမီပါဘူး။ ဒီအခါမှာ ပန်းထိမ်ဆရာအနေနဲ့ (၂)လတွင်း လုပ်ငန်းပြီးအောင် ရဟန်းမကြီးဆိုင်ကပဲ အကြွေးနဲ့ ရွှေတွေ ကျောက်မျက်ရတနာတွေ ယူရတာဖြစ်ပါတယ်။ အဲဒီတော့ အလှူငွေပေးအပ်ပွဲ တနင်္ဂနွေနဲ့တိုင်းလုပ်နေတော့ တစ်ချို့ကလည်း အလွန်အထင်ကြီးကြပါတယ်။ လှူလိုက်ကြတာ တနင်္ဂနွေနဲ့တိုင်းပဲ အလှူငွေပေးအပ်ပွဲလုပ်နေတယ်။ အဲဒီလို အထင်ကြီးကြပါတယ်။ ဒါပေမယ့် ကြွေးတွေတင်နေတာကိုတော့ ဘယ်သူမှလည်း မသိပါဘူး။ ဘုန်းဘုန်း အနေနဲ့လည်း ပရိသတ်တွေကို ပြောမပြရက်ပါဘူး။ ကြွေးတင်နေတော့လည်း ပြောရင်တော့ ဒါ ငိုပြီးတော့ စေတီတည်တာဖြစ်တဲ့အတွက် လုံးဝမပြောပါဘူး။ ကြွေးတွေတင်နေပါတယ်။ အဲဒီတော့ ဆင်ဖြူတောင် ဆရာတော် ဒါဆိုရင်တော့ အဖြစ်မှန်သိသွားလောက်ပါပြီ။ မွေးနေ့ပွဲကလည်း နီးလာပြီ။ စေတီကလည်း ပြီးဖို့လိုလာပြီ။ အကြွေးတွေကလည်း တင်နေတော့ အလွန်ရင်းနှီးတဲ့ ဖိတ်မံထားတဲ့ ဒကာ+ဒကာမတွေ ရှိပါတယ်။ ဘုန်းဘုန်းလိုအပ်တာရှိရင် အမိန့်ရှိပါလို့ ပြောထားတဲ့ ဖိတ်ထားတဲ့ ပဝါရိတ ဒကာ ဒကာမတွေ ရှိပါတယ်။ အဲဒါနဲ့ အဲဒီဒကာ ဒကာမ ခေါ်ပြီးတော့ ပြောလိုက်တယ်။ ဒီလို ဒီလိုပဲ စေတီတော့ တည်နေပြီ အကြွေးတွေလည်း ဒီလောက်တင် နေတယ်လို့ပြောလိုက်

http://www.dhammadownload.com

ပါတယ် ဒီအခါ အဲလိုဆိုရင် တပည့်တော် တစ်ဦးတည်းပဲ အဲဒီ အကြွေးတွေ ဆပ်ပေးလိုက်မယ်လို့ လျှောက်ထားတဲ့အခါ အဲဒီလိုကြီး တော့လည်း မလုပ်ပါနဲ့၊မလှူရသေးတဲ့ အလှူရှင်တွေရှိပါ သေးတယ်။ သူတို့ပါ လှူလိုက်ရင်တော့ ပြည့်သွား မှာပါ ဆိုပြီးတော့ အဲဒီ (၂) ဦး (၃) ဦးကို လှမ်းအကြောင်းကြား လိုက်တဲ့အခါမှာတော့ အကြွေးတွေ ကျေသွားပါတယ်။ အကြွေး တွေ ကျေရုံတင်မက အခုဒီစေတီအတွက် သင့်တော်တဲ့လမှာ ဘုရားပွဲကျင်းပဖို့ စောစောပိုင်းက ရဟန်းအမကြီး (၁၀)သိန်း ပဒေသာပင်စိုက်သွားသလို အလှူငွေတွေ အနေနဲ့ နောက်ပိုင်းမှာ ပိုရလာတဲ့အတွက် ပိုရလာတဲ့ အလှူငွေတွေလည်းပဲ ဒီဘုရားရဲ့ ပဒေသာပင်အနေနဲ့ ထည့်ပေးလိုက်ပါတယ်။

အဲဒီတော့ ဘုန်းဘုန်းတို့ အနေနဲ့ ဘုရားဂုဏ်တော် ပွား တာပဲ ဂုဏ်တော်ပွားတဲ့ကုသိုလ်တွေပဲ ချမ်းသာပါတယ်။ ငွေကြေးတွေလဲ မချမ်းသာပါဘူး။ ဒကာ+ဒကာမတွေလည်း ပြောလောက်အောင် မတောင့်တင်းပါဘူး။ စာချဘုန်းကြီးဆိုတော့ စာချဘုန်းကြီး အဆင့်ပဲ ရှိပါတယ်။ မိမိကိုယ်ကိုယ် မိမိလည်း ဘုန်းကြီးတယ်လို့ ချမ်းသာတဲ့ ဒကာဒကာမတွေ ကြည်ညိုတယ်လို့လည်းပဲ စိတ်ထဲမှာ မထားပါဘူး။ ဒီစေတီတည်တဲ့အခါမှာတော့ သီရိလင်္ကာနိုင်ငံက မဂ်လာစေတီလို့ ရှေးခေတ်က ခေါ်ပြီးတော့ ခုခေတ်မှာ တိဿမဟာ ရာမစေတီလို့ ခေါ်တဲ့ ဆံတော်စေတီကို ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီး တည်တဲ့အခါ ကာကဝဏ္ဏတိဿ မင်းကြီးကို ဂီရိအဘယမင်းက လျှောက်ထားလာခဲ့ပါတယ်။ တိုင်းပြည်ကလည်း စီးပွားရေးက မကောင်း၊ စစ်ဘေးကလည်း တစ်မျိုးတစ်ဖုံတွေ ဖြစ်နေတော့ ကာကဝဏ္ဏတိဿမင်းကြီး ဆံတော်စေတီတည်ဖို့ ဘဏ္ဍာရေးအခက်အခဲ ဖြစ်တဲ့အခါ ဂီရိအဘယ မင်းက စကား(၃) ခွန်းနဲ့ လျှောက်ထားခဲ့ပါတယ်။ ဒေဝ - မြတ်သော မင်းကြီး၊ (၁)

http://www.dhammadownload.com

သတ္ထာ - မြတ်စွာဘုရားရှင်သည်၊ မဟာပုညော - ဘုန်းကံကုသိုလ် ပါရမီ အလွန်ကြီးမားတော်မူလှပါပေ၏။ ဒါ ပထမ စကားတစ်ခွန်း။(၂) မဟန္တံ ပုဇာသက္ကာရံ လဘိဿတိ - မြတ်စွာ ဘုရားရှင်ရဲ့ ဆံတော် နဖူးသင်းကျစ်တော်ဟာ ကြီးစွာသော ပူဇော်မှု ကို ခံယူရလိမ့်မည်။ ဒါ ဒုတိယစကားတစ်ခွန်း။(၃) တတိယစကား တစ်ခွန်းကတော့၊ တို့ အစိန္တေတွာ စေတိယကမ္မံ ပဌာပေဟိ-သင်မင်းကြီးအနေနဲ့ ဘဏ္ဍာရေး ကို ဘယ်လိုရပါ့မလဲ မကြောင့်ကြပဲနဲ့၊ စေတီတည်ဖို့ ကိစ္စကိုသာ စီစဉ်တော်မူပါ။

အဲဒီလို ဂီရိအဘယမင်းလျှောက်ထားတဲ့ စကား(၃)ခွန်း ထဲက ပထမစကားတစ်ခွန်း ဖြစ်တဲ့ "သတ္ထာ မဟာပုညော" ဆိုတဲ့ စကားဟာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးထဲက ဘဂဝါ ဂုဏ်တော်ကို ပြောတာပါဘဲ။ အဲဒီတော့ စေတီတည်တဲ့အခါ ဂီရိ အဘယမင်း လျှောက်ထားတဲ့အတိုင်း ဘဂဝါဂုဏ်တော်ကို ပွားပြီး တည်ခဲ့ပါတယ်။ ဒါကိုလည်း ဖြန့်ဝေလှူဒါန်းတော့မယ့် ကေသစေတီယဝန္ဒနာ စာအုပ်ထဲမှာ ဘဂဝါဂုဏ်တော်ပွားနည်း အပြည့်အစုံ ဖော်ပြလိုက ်ပါတယ်။ အဲတော့ ဘုန်းဘုန်းအနေနဲ့ ချမ်းသာတာ ဆိုရင်တော့ ဘုရားဂုဏ်တော်တွေ ပွားများတာပဲ ချမ်းသာတာ ရှိပါတယ်။ ငွေကြေးတွေ ဒကာ ဒကာမတွေ ချမ်းသာတာ တောင့်တင်းတာတွေ မရှိပါဘူး။ အခုဓမ္မပူဇာအနေနဲ့ ပြောလို တာကတော့ စောစောပိုင်းက သြဝါဒကထာချီးမြှင့်တဲ့ ဆားလင်းကြီး ဆရာတော် စပ်ပြီးတော့ ပြောပြမှာဖြစ်ပါတယ်။ ရဟန်းအမကြီး ဒေါ်ရွှေဥ ခုနက နောက်ဆုံး လျှောက်ထား တဲ့အထဲမှာ ဘုန်းဘုန်းနဲ့ ဘုရားတပည့်တော်တို့ ငယ်ငယ်လေးထဲက အတူသာသနာပြုလာတဲ့အခါ သဘောချင်း မတိုက်ဆိုင်တာတွေ အယူအဆကွဲလွဲတာတွေရှိပါတယ်။ အဲဒါတွေ အတွက် ခွင့်လွှတ် သည်းခံပါလို့ အထူးတောင်းပန်သွားတာကို

http://www.dhammadownload.com

ကြားလိုက်ရပါတယ်။ ဘုန်းဘုန်းအနေနဲ့ ရဟန်းအမကြီး ဒေါ်ရွှေညကို သဘောထား မတိုက်ဆိုင်တာတွေ အယူဆကွဲလွဲတာတွေကို ခွင့်လွှတ်သည်းခံ ပါတယ်။ နားလည် ပေးပါတယ်။ ရဟန်းမကြီးမှသာမက ကျောင်း ဒကာကြီးတွေ တခြားရဟန်းဒကာ ရဟန်းမတွေနဲ့ သဘောထား ချင်း မတိုက်ဆိုင်တာတွေ အယူအဆမတူတာတွေ ရှိပါတယ်။ ဒါတင်မက ဘုန်းဘုန်းတို့ဆရာတွေ တပည့်တွေနဲ့ လည်းပဲ အရာရာ မှာ အကုန်လုံးကြီး သဘောထားမတိုက်ဆိုင်နိုင်ပါဘူး။ အယူဆချင်း မတူနိုင်ပါဘူး။ သီလကွန် အဋ္ဌကထာမှာလည်းပဲ အဋ္ဌကထာ ဆရာက ဖွင့်ပြထားပါတယ်။ သတ္တဝါတစ်ဦးနဲ့တစ်ဦး နှစ်ယောက် တည်း အတူနေဦးတော့ ဆန္ဒသဘောထားချင်း တစ်ထပ်တည်း မကျနိုင်ဘူးလို့ ဖွင့်ပြထားပါတယ်။ အဲဒီတော့ ရဟန်း အမနဲ့ပဲ ဖြစ်ဖြစ် ကျောင်းဒကာ ကျောင်းအမနဲ့ပဲဖြစ်ဖြစ် ဆရာတပည့် နဲ့ပဲဖြစ်ဖြစ် တစ်ခြား ဒကာ ဒကာမနဲ့ပဲဖြစ်ဖြစ် သူငယ်ချင်း သီတင်းသုံး ဖော်ချင်းပဲ ဖြစ်ဖြစ် သဘောထားချင်း မတိုက်ဆိုင်တာတွေ အယူ အဆခြင်း မတူတာတွေရှိပါတယ်။ အဲဒီအခါကျရင်လည်းပဲ သဘော ထားချင်း မတိုက်ဆိုင်တာတွေ အယူအဆချင်းမတူတာတွေကို နားလည် ခွင့်လွှတ်ပေးလိုက်တာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ သတ္တဝါတွေရဲ့ သန္တာန်မှာ အာသယ ဆိုတာ ကိန်းအောင်းနေပါတယ်။ အာသယ အရ ကောက်တဲ့အခါ ဒိဋ္ဌိအာသယနှင့် ပညာအာသယ နှစ်မျိုးကောက်ပါတယ်။ ပညာအားကြီးတဲ့ ပုဂ္ဂိုလ်ရောက်တော့ အရာရာနားလည် ပေးနိုင်တယ်။ ဒိဋ္ဌိအာသယ အားကြီးတဲ့ ပုဂ္ဂိုလ်ရောက်တော့ ကိုယ်လုပ်တာမှ အမှန် ကိုယ်ပြောတာမှ အမှန်ဆိုပြီးတော့ စွဲကိုင် ဆုပ်ကိုင် ထားပါတယ်။ အဲဒီတော့ သတ္တဝါတွေရဲ့ သဘာဝဟာ ဒိဋ္ဌိအာသယက ပညာ အာသယထက် များပြားတဲ့ အတွက် တစ်ဦးနဲ့ တစ်ဦး အယူအဆခြင်း

http://www.dhammadownload.com

မတူတဲ့အခါ သဘောထားချင်း မတိုက် ဆိုင်တဲ့အခါ ဒါ သတ္တဝါတွေရဲ့ သဘာဝပဲ ဒီဌိအာသယရဲ့ စွမ်းအင် ပဲဆိုပြီးတော့ နားလည်ပေးလိုက်ပါတယ်။ ဒီအခါမှာ သဘောထားချင်း မတိုက်ဆိုင်လို့ အယူအဆချင်းမတူလို့ မကျေနပ်တာတွေ အငြိုးအာဃာတတွေ မထားပါဘူး။ ဒီဌိအာသယရဲ့ စွမ်းအင်ပဲလို့ နားလည်ပေးလိုက်ပါတယ်။

ခုလည်းပဲ ဒီအခမ်းအနားကျင်းပတုန်း နားလည်ပေးလိုက်ရတယ်။ ဘာကိုနားလည်ပေးလိုက်ရလဲဆိုတော့ အခမ်းအနားမှူး ကိုသီဟအပေါ် နားလည်ပေးလိုက်ရတယ်။ အခမ်းအနားကြေညာလိုက်တဲ့အခါ ဆားလင်းကြီးဆရာတော်က သြဝါဒကထာချီးမြှင့်ပါလိမ့်မယ်လို့ ကြေညာ သွားတယ်။ ဆရာတော်ကြီးကလည်း သြဝါဒကထာကိုချီးမြှင့်မှာပဲ၊ မချီးမြှင့်ခင် ဒီပရိသတ်ကို ဆုတောင်းဆုပေးတဲ့အနေနဲ့ "ဘဝတု သဗ္ဗမင်္ဂလံ" ဂါထာလေး နိဿယပေးလိုက်တယ်။ နိဿယလည်း ပေးပြီးတော့ သာဓုခေါ်ချပြီး နောက်အခမ်းအနားအစီအစဉ်ကိုကူးသွားရော၊ ဒီဆရာတော်ကြီး မှာ သြဝါဒပေးဖို့ တန်းလန်းကြီး ဖြစ်ကရော၊ အဲဒီတော့ ဆရာတော် ကြီးက ဘုန်းဘုန်းကို လှမ်းကြည့်တယ်၊ ဘုန်းဘုန်းကလည်း နားလည်တယ်။ သြော် ကိုသီဟက ဓမ္မကထိကတွေ တရားထောက် နေတော့ သတည်းလို့ ချလိုက်ရင် သာဓု ခေါ်ပြီး ပြီးပြီလို့ပဲ သူနား လည်မှာပဲ။ အခမ်းအနားအစီအစဉ် ပြီးပြီလို့ပဲ သူသတ်မှတ် လိုက်တယ် ဆိုတော့ ကိုသီဟအပေါ် စိတ်မဆိုးပါဘူး။ နားလည်ပေးလိုက်ပါတယ်။ ဆရာတော်ကြီးမှာတော့ ပြောမယ့်ဟာ မပြောလိုက်ရတော့ဘူး။

အဲဒီတော့ ဆရာတော်ကြီး မပြောလိုက်ရတာကို ဘုန်းဘုန်းကပဲ ပြောပေးပါ့မယ်။ ဘုန်းဘုန်းတို့ ဒီရေမွေးကတ် စာရွက်လေးကို အခမ်းအနားပြီးရင် ဖြန့်ဝေပေးပါလိမ့်မယ်။ ခေါင်းစည်းက **"သက်ရှည်ကျန်းမာ လိုရာဆန္ဒမှန်သမျှကို ပြည့်ဝစေပြီး၊**

http://www.dhammadownload.com

အမှောင့်ပယောဂ ဟူသမျှကို ပယ်ရှား နိုင်လျက်၊ နိဗ္ဗာန် ရောက်ကြောင်း ကျင့်စဉ်ဖော်ပြ "နာညတြ ဗောဇ္ဈာ ဂါထာ အလင်္ကာ"၊ ဂါထာက သံယုတ် ပါဠိတော် သုဇြဟ္မသုတ်မှာလာတဲ့ ဘုရားဟောဂါထာပါ။ အလင်္ကာကတော့ ဆားလင်းကြီး ဆရာတော်ဟာ ဘုန်းဘုန်းတောင်းပန်လို့ ဘုန်းဘုန်းရဲ့ မွေးနေ့ လက်ဆောင်အနေနဲ့ ရေးသားခ်ီးမြှင့်လိုက်တဲ့ အလင်္ကာဖြစ်ပါတယ်။ စောစောပိုင်းက ဆင်ဖြူတောင် ဆရာတော်က ချမ်းသာသုံးမျိုး ပြောပြသွားပါတယ်။ အခု ဆားလင်းကြီးဆရာတော်ကတော့ ချမ်း သာလေးမျိုးအထိ ဒီဂါထာမှာ ပြောပြသွားပါတယ်။

ဂါထာက------

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနံ၊

ဒီဂါထာ သည်ပင်လျှင် ဒီရတနာသုံးပါးပူဇော်ပွဲရဲ့ အနှစ် သာရ ဖြစ်ပါတယ်။ ဒီဂါထာကို ရွတ်တဲ့ပုဂ္ဂိုလ်တွေ အသက်ရှည် နိုင်ပါတယ်။ ရောဂါတွေလည်း ကင်းပြီးတော့ လိုအင်ဆန္ဒတွေ ပြည့်ဝနိုင်ပါတယ်။ ဒါတင်မက အမှောင့်ပယောဂ ဟူသမျှကိုလည်း ပယ်ရှားနိုင်ပြီး ဒီဂါထာမှာလာတဲ့ ကျင့်စဉ်အတိုင်းကျင့်ရင် နိဗ္ဗာန်အထိ ရောက်ရှိ နိုင်ပါတယ်။ ဂါထာမှာ ချမ်းသာလေးမျိုးပြတဲ့အခါ ရှေ့ချမ်းသာသုံးမျိုးက အကြောင်းကျင့်စဉ်ဖြစ်ပါတယ်။ (၁)နံပါတ် သတိသမ္ဗောဇ္ဈင် အစရှိတဲ့ ဗောဇ္ဈင်တရား (၇)ပါးကို ကျင့်ရင်လည်းပဲ ချမ်းသာပါတယ်။ (၂) နံပါတ် ကိလေသာကို ပယ်ခွာကြောင်းဖြစ်တဲ့ ဓုတင်အကျင့် ဓုတင်အကျင့်ဆိုတာက ပါဠိဝေါဟာရဖြစ်ပါတယ်။ ရဟန်းသံဃာတွေပဲ ဓုတင်ကျင့်ရတယ်။ ဒီလို မဟုတ်ပါဘူး။ မိမိ တို့နေ့စဉ် လုပ်နေကျ ဒါန သီလ ဘာဝနာ အလုပ်တွေဟာလည်းပဲ ကိလေသာကို ပယ်ခွါ ကြောင်းဖြစ်တဲ့ ဓုတင်အကျင့်တွေပါပဲ။ ဒီဒါန၊ သီလ၊ ဘာဝနာ

http://www.dhammadownload.com

အကျင့်ကို ကျင့်ရင်လည်း ချမ်းသာတဲ့ ကျင့်စဉ် ဖြစ်ပါတယ်။ တတိယကျင့်စဉ်ကတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေ(၆)ပါးကို ထိန်းသိမ်း စောင့်ရှောက်တဲ့ ဣန္ဒြေယသံဝရဖြစ်ပါတယ်။ ဣန္ဒြေ(၆)ပါးကို ထိန်းသိမ်းရင်လည်း ချမ်းသာတဲ့ ကျင့်စဉ်ပါပဲ။ ဒီချမ်းသာကျင့်စဉ် (၃)ပါးကို ကျင့်လို့ရှိရင် နောက်ဆုံး အချမ်းသာဆုံး ဖြစ်တဲ့ သဗ္ဗနိဿဂ္ဂလို့ခေါ်တဲ့ နိဗ္ဗာန် ချမ်းသာကို ရရှိမှာဖြစ်ပါတယ်။ သုဇြဟ္မ နတ်သားကို မြတ်စွာဘုရားရှင် ဒီချမ်းသာ လေးမျိုး ဟောလိုက်တဲ့အခါ အပါယ်ငရဲဘုံကို နတ်သမီး ဇနီးမယား ငါးရာနဲ့ ကျရမယ့်ဒုက္ခကနေ ကင်းလွတ် သွားပါတယ်။ သောတာပန် အရိယာလည်း ဖြစ်သွားပါတယ်။

ဂါထာ အနေနဲ့ တရားသားအနေနဲ့ အလွန် ပြောင်မြောက် ပေမယ့် အလင်္ကာအနေနဲ့ ရေးသားထားတာ မရှိသေးပါဘူး။ ဒီဆားလင်းကြီးဆရာတော် ဆိုတာက မြန်မာနိုင်ငံ မြန်မာစာအဖွဲ့မှာ ဥက္ကဋ္ဌဖြစ်သလို သမိုင်းရေးရာမှာလည်း အလွန်နိုင်တဲ့ ဆရာတော် ဖြစ်ပါတယ်။ ရွှေကျင်ဂုဏ်းက ဆရာတော်တွေ သမိုင်းနဲ့ ဆက်စပ်လာရင် ဒီဆရာတော် ကိုပဲ မေးမြန်းရတာဖြစ်ပါတယ်။ ရှေ့ပိုင်းမှာ ပြထားတဲ့ ဗောဇ္ဈင် (၇)ပါး ကျင့်ခြင်းချမ်းသာ၊ ကိလေသာ ခါတွက် ကြောင်း ဒါန သီလ ဘာဝနာ ဓုတင်ချမ်းသာ ဣန္ဒြေ (၆)ပါး စောင့်စည်းခြင်းဣန္ဒြေယသံဝရ ချမ်းသာ(၃)မျိုးကို ကျင့်နိုင်တဲ့အတွက် နောက်ဆုံးနိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။

(သာဓု သာဓု သာဓု)

****

http://www.dhammadownload.com

(၃) ဈေးကွက်ဝင် ရတနာပန်းကုံးများ ရတနာပန်းများပွင့်လန်းခြင်း

ရတနာ(၃)ပါးပွင့်ထွန်းပေါ်ပေါက်လာပုံ

ဗုဒ္ဓါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညခေတ္တံ အနုတ္တရံ။

ဗုဒ္ဓါ - သစ္စာလေးပါး မြတ်တရားကို ပိုင်းဖြတ်ထင်ထင် သိမြင်တော်မူသော ဘုရားရှင်သည်၊ **လောကေ** - ကာမ, ရူပ, အရူပ ဟု လောကသုံးခွင် ဘုံအပြင်၌၊ **သဗ္ဗပါဏိနံ** - သံသရာကြော စုန်ဆန်မျောရင်း အတောမသတ် စက်ရဟတ်သို့ မပြတ်လည်စွာ များသတ္တဝါတို့၏။

ဟိတာယ- လူနတ်နိဗ္ဗာန် သုံးတန်မျိုးစား အစီးအပွား အလို့ငှာ၊ **သမုပ္ပန္နော** - အမြတ်ဆုံးရတနာ ကိုးကွယ်ရာဟု ထင်စွာ မသွေ ပွင့်ထွန်းပေါ်ပေါက်၍ လာပါပေ၏။

http://www.dhammadownload.com

ဝမ္မော- မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည်။ **လောကေ** - ကာမ ရူပ အရူပဟူ လောကသုံးခွင် ဘုံအပြင်၌။

သဗ္ဗပါဏိနံ- သံသရာကြော စုန်ဆန်မျောရင်း အတောမသတ် စက်ရဟတ်သို့ မပြတ်လည်စွာ များသတ္တဝါတို့၏။ **သုခါယ** - လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ပွားတိုးခြင်းအကျိုးငှာ၊ **သမုပ္ပန္နော** - အမြတ်ဆုံး ရတနာ ကိုးကွယ်ရာဟူ ထင်စွာမသွေ ဖြစ်ထွန်း ပေါ်ပေါက်၍ လာပါပေ၏။

သံယော- ကိလေသာရန် ချိုးလှန်ပယ်ဖျောက် ရှစ်ယောက် အရိယာ သမ္ဃတိထေရ်သံဃာအပေါင်း သည်။ **လောကေ** - ကာမ ရူပ အရူပဟူ လောကသုံးခွင် ဘုံအပြင်၌။ **သဗ္ဗပါဏိနံ** - သံသရာ ကြော စုန်ဆန်မျောရင်း အတောမသတ် စက်ရဟတ်သို့ မပြတ် လည်စွာ များသတ္တဝါတို့၏။

အနုတ္တရံ - အတုမရှိ မြတ်လှစွာသော။ **ပုညခေတ္တံ** - ကောင်းမှုပုည ကုသလကို ကျဲချစိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ် အံ့ဖွယ်အစစ် အဖြစ်ကြီး ဖြစ်ပေတော့သည်တကား။

အနန္တဂုဏ်တော်များထဲက
ပဓာနဂုဏ်တော်များ

မြတ်စွာဘုရားရှင်သည် ဘုန်းတော်အနန္တ,ကံတော်အနန္တ, ဉာဏ်တော်အနန္တ,တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသလို ဂုဏ်တော်အနန္တတို့နှင့်လည်း ပြည့်စုံတော်မူပါပေ၏၊ မြတ်စွာ ဘုရားသခင် ဂုဏ်တော်အနန္တပိုင်ရှင်ဖြစ်ပုံမှာ **"အသင်္ချေယျာနိ နာမာနိ၊ သဂုဏာနေန မဟေသိနော"** စသော ဂါထာ၊

http://www.dhammadownload.com

"ဗုဒ္ဓါ ဝိ ဗုဒ္ဓသ ဘကေယျ ဝက္ကံ" စသော ဂါထာများနှင့် **"အပွမာကော ဗုဒ္ဓါ"**ဟူသော ခန္ဓသုတ်ပရိတ်၊

"ဗုဒ္ဓမပွမေယျံ အနုဿရ ပသန္နော"ဟူသော ထေရဂါထာပါဠိတော်အရ သိရခြင်းဖြစ်၏၊ ပျို့ဆရာတွေကလည်း-

တစ်ကမ္ဘာလျှင်၊ မဟာပြဟ္မာ၊ လျှာကုဋေဖြင့်၊ ဆန်းနေ ဂိုဏ်းညီ၊ ဂါထာသီချင်း၊ ကျူးချီမြွက်ဖော်၊ ဆိုလှည့် သော်လည်း၊ ဘုန်းတော်ကဲ့ လွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်-ဟူ၍ ဂုဏ်ပြု ပူဇော်ထားကြလေသည်။

အဋ္ဌကထာဆရာတော်တို့သည် ယင်းသို့သော အနန္တဂုဏ်တော်ထဲမှ အဓိကပဓာနကျသော ဂုဏ်တော်ရတနာ ပန်းပွင့်တို့ကို ယူပြီး ကျမ်းအစမှာ ရတနာပန်းကုံးသဖွယ် ပဏာမဂါထာတို့ကို သိကုံး ပူဇော်ခဲ့ကြလေသည်။

ထိုရတနာ ပန်းကုံး ပဏာမဂါထာ မြန်မာနိသယ-တို့ကို ပိဋကအလိုက် စီစဉ်ဖော်ပြလိုက်ပါသည်၊ မိမိတို့ လိုရာကြိုက်ရာ ရွေးချယ်ကာဖြင့် ငုံအာပွင့်ဖူး ရတနာပန်းကုံးထူးတို့ကို ဆွတ်ခူးယူငင် ပန်ဆင်နိုင်ကြ ပါစေသတည်း။

****

http://www.dhammadownload.com

(က) ဝိနယပိဋကလာ အဋ္ဌကထာ ပဏာမများ

ဝိနည်းငါးကျမ်း၏အဖွင့်

(၁) သမန္တပါသာဒိကာ - မည်သော ဝိနည်းအဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ ယော ကပ္ပကောဋိဟိပိ အပ္ပမေယျံ၊
ကာလံ ကရောန္တော အတိဒုက္ကရာနိ။
ခေဒံ ဂတော လောကဟိတာယ နာထော၊
နမော မဟာကာရုဏိကဿ တဿ။

၂။ အသမ္ဘုဧံ ဗုဒ္ဓနိသေဝိတံ ယံ၊
ဘဝါဘဝံ ဂစ္ဆတိ ဇီဝလောကော။
နမော အဝိဇ္ဇာဒိ ကိလေသဇာလ
ဝိဒ္ဒံသိနော ဓမ္မဝရဿ တဿ။

၃။ ဂုဏောဟိ ယော သီလသမာဓိပညာ
ဝိမုတ္တိဉာဏပ္ပဘုတိဟိ ယုတ္တော၊
ခေတ္တံ ဇနာနံ ကုသလတ္တိကာနံ၊
တမရိယသံယံ သိရသာ နမာမိ။

၁။ မဟာကာရုဏိကော၊ ကြီးကျယ်များမြတ် ကရုဏာဓာတ်၌ မပြတ်အစဉ် ယှဉ်တော်မူထသော (၀၊) ကြီးမြတ်လှစွာ ကရုဏာဖြင့် သတ္တဝါတို့အား သနားစောင့်ရှောက်တော်မူပေထသော။ ယော နာထော၊ ဝေနေယျများစွာ သတ္တဝါတို့၏ စီးပွားချမ်းသာကို မေတ္တာစွမ်းဖြင့် တောင့်တတော်မူသဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်အားထားရာတစ်ဆူ ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသည်။ လောကဟိတာယ၊ သတ္တဝါများ၏ အကျိုးစီးပွား အလို့ငှာ။ ကပ္ပကောဋိဟိပိ၊ မုန်ညင်းစေ့ဥပမာ ကျောက်တောင် ဥပမာ

http://www.dhammadownload.com

အဖြာဖြာ တို့ဖြင့် နှိုင်းယှဉ်ဘွယ်ရာ ကမ္ဘာကုဋေတို့ဖြင့် သော်မှလည်း။ အပ္ပမေယျံ၊ ဤမျှလောက်သာ ရှိပေရာဟု မရေ တွက်အပ် မရေတွက်နိုင်သော။ ကာလံ၊ လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတို့ ကာလပတ်လုံး။ အတိ ဒုက္ကရာနိ၊ အလွန်အမင်း ခဲယဉ်း ပင်ပန်းစွာ ပြုအပ်သော စွန့်ခြင်းကြီးငါးပါး ပါရမီဆယ်ပါး ကုသိုလ် ကောင်းမှုများကို။ ကရောန္တော၊ ပြုတော်မူရသည်။ ဟုတွာ၊ ဖြစ်ခြင်း ကြောင့်။ ခေဒံ၊ ခန္ဓာကိုယ်၏ နွမ်းနယ်ပင်ပန်းခြင်းသို့။ ဂတော၊ ရောက်တော်မူရလေပြီ။ မဟာကာရုဏိကဿ၊ ကြီးကျယ်များမြတ် ကရုဏာဓာတ်၌ မပြတ်အစဉ် ယှဉ်တော်မူထသော (ဝါ) ကြီးမြတ် လှစွာ ကရုဏာဖြင့် သတ္တဝါတို့အား သနားစောင့်ရှောက်တော်မူပေ ထသော။ တဿ နာတဿ၊ ဝေနေယျများစွာ သတ္တဝါတို့၏ စီးပွား ချမ်းသာကို မေတ္တာစွမ်းဖြင့် တောင့်တ တော်မူသဖြင့် လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်အား ထားရာတစ်ဆူ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား။ မေ၊ တပည့်တော်၏။ နမော၊ ကိုယ်နှုတ်စိတ် ထား သုံးပါးတို့ဖြင့် ညွတ်တွားရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ သတည်း။

၂။ ပုဒ္ဓနိသေဝိတံ၊ ဘုရားရှင်သည် ဂေါစရာသေဝန ဘာဝနာ သေဝနတို့ဖြင့် ကုန်စင်မလတ် မှီဝဲတော် မူအပ်သော။ ယံဓမ္မဝရံ၊ အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကျန်ဟု ဆယ်တန်သော တရားတော် မြတ်ကို။ အသမ္မုခံ၊ ကောင်းစွာပိုင်ပိုင် မသိနိုင်ခြင်းကြောင့်။ ဇဝလောကော၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းသည်။ ဘဝါ၊ ဘုံဘဝတစ်ခုမှ။ ဘဝံ၊ ဘုံဘဝတစ်ခုသို့ (ဝါ) ဘဝါဘဝံ၊ ဘဝကြီးငယ် အသွယ်သွယ်သို့။ ဂစ္ဆတိ၊ သွားရ ရောက်ရ၏။ အဝိဇ္ဇာဒိ ကိလေသ ဇာလဝိဒ္ဓံသိနော၊ အဝိဇ္ဇာ အစရှိသော ကိလေသာပိုက်ကွန်ရက်ကို ဖျက်ဆီးလေ့ရှိတော် မူသော။ တဿ ဓမ္မဝရဿ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကျန်ဟု ဆယ်တန်သော ထိုတရားတော် မြတ်အား။ မေ၊ တပည့် တော်၏။ နမော၊

http://www.dhammadownload.com

ချီးမွမ်းရှိခိုးခြင်းသည်။ အတ္ထု။ ဖြစ်ပါစေသတည်း။

၃။ ယောအရိယသံယော၊ ကိလေသာတို့မှ ဝေးကွာစင်ကြယ် ၍ သတ္တဝါအပေါင်းသည် ကိုးကွယ်အားထား မှီခိုရာဟူ၍ ဆည်းကပ်အပ်သော အကြင်အရိယာသံယာတော်သည်။ သီလသမာဓိပညာဝိမုတ္တိ ဉာဏဝပ္ပဘုတိဟိ၊ သီလသမာဓိပညာ အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ် အဘိညာဉ် ပဋိသမ္ဘိဒါဉာဏ်အစရှိ ကုန်သော။ ဂုဏ်ဟိ၊ လောကီလောကုတ္တရာဂုဏ်တို့နှင့်။ ယုတ္တာ၊ ယှဉ်တော်မူပါပေ၏။ ကုသလတ္ထိကာနံ၊ ကုသိုလ်ဖြင့် ကောင်းကျိုးကို လိုလားကြကုန်သော။ ဇနာနံ၊ ဝေနေယျမျှားစွာ သတ္တဝါတို့၏။ ခေတ္တံ၊ ကုသိုလ်မျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်း ဖြစ်တော်မူသော။ တံ အရိယသံယံ၊ ဂုဏ်ပေါင်းစုံ ခသဖြင့် ဝေနေယျ သတ္တဝါတို့၏ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော အရိယာ ရှစ်ဖော် ထိုသံယာတော်ကို။ အဟံ၊ တပည့်တော်သည်။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ နမာမိ၊ မြတ်မြတ်နိုးနိုး ရှိခိုးပါ၏။

(၂) မာတိကာ ပါဠိတော်၏အဖွင့်
ကင်္ခါဝိတရဏီ အဋ္ဌကထာ ပဏာမဂါထာ

၁။ ဗုဒ္ဓံ ဓမ္မဉ္စ သံယဉ္စ၊ ဝိပွသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာ မာန၊ ပူဇာသက္ကာရဘာဇနံ။

၁။ အဟံ - ငါသည်၊ ဝန္ဒနာမာန ပူဇာသက္ကာရဘာဇနံ - ရှိခိုးခြင်း၏ တည်ရာ မြတ်နိုးခြင်း၏တည်ရာ ပူဇော်ခြင်း၏တည်ရာ ကောင်းစွာစီရင်အပ်သောပစ္စည်းကို ပေးလှူခြင်း၏တည်ရာ ဖြစ်တော်မူသော (ဝါ) ရှိခိုးခြင်းဖြင့် ကောင်းစွာပြုခြင်း၏တည်ရာ မြတ်နိုးခြင်းဖြင့် ကောင်းစွာပြုခြင်း၏တည်ရာ ပူဇော်ခြင်းဖြင့် ကောင်းစွာပြုခြင်း၏ တည်ရာ ဖြစ်တော်မူသော (ဝါ) ဇာတိမဟတ် ဂုဏ်ထူးမြတ်၍ ပြုအပ်သော

http://www.dhammadownload.com

ရှိခိုးခြင်း၏တည်ရာ ဂုဏာမဟတ် ဂုဏ်ထူးမြတ်၍ ပြုအပ်သော မြတ်နိုးခြင်း၏တည်ရာ ပုညမဟတ်ဂုဏ်ထူးမြတ်၍ ပြုအပ်သော ပူဇော်ခြင်း၏တည်ရာဖြစ်တော်မူသော (၀၊) သီလကွန်ကြောင့် ရှိခိုးခြင်း၏တည်ရာ သမာဓိကွန်ကြောင့် မြတ်နိုးခြင်း၏တည်ရာ ပညာကွန်ကြောင့် ပူဇော်ခြင်း၏တည်ရာ ခန္ဓသုံးပါးကြောင့် ကော်ရော်ခြင်း၏တည်ရာဖြစ်တော်မူသော၊ဗုဒ္ဓ၌- မြတ်စွာဘုရားကိုလည်းကောင်း ၊ ဝန္ဒာနာမာန ပူဇာသက္ကာရဘာဇနံ - ရှိခိုးခြင်း၏တည်ရာ မြတ်နိုးခြင်း၏တည်ရာ ပူဇော်ခြင်း၏တည်ရာ ကောင်းစွာစီရင်အပ်သော ပစ္စည်းကို ပေးလှူခြင်း၏တည်ရာဖြစ်တော်မူသော ၊ ဓမ္မ၌ - တရားတော်ကိုလည်းကောင်း ၊ ဝန္ဒနာမာန ပူဇာသက္ကာရဘာဇနံ - ရှိခိုးခြင်း၏တည်ရာ မြတ်နိုးခြင်း၏တည်ရာ ပူဇော်ခြင်း၏တည်ရာ ကောင်းစွာစီရင်အပ်သောပစ္စည်းကို ပေးလှူခြင်း၏တည်ရာ ဖြစ်တော်မူသော၊ သံဃ၌-သံဃာတော်ကိုလည်းကောင်း၊ ဝိပ္ပသန္နေန -ဘယလာဘ စသည်ညစ်ကြေး ကင်းဝေးသန့်စင်ကြည်လင်လှစွာသော (၀၊) အသဒ္ဓိယ စသည် ညစ်ကြေး ကင်းဝေးသန့်စင် ကြည်လင်လှစွာသော (၀၊) ဝန္ဒနာမာန စသော အထူးထူးသောဂုဏ်ကို အာရုံပြု၍ ကြည်လင်သော၊ စေတသာ - မနောဒွါရန့်တကွ ကာယဝါစာဟိ - ကိုယ်နှုတ်တို့ဖြင့် ၊ ဝန္ဒိတွာ ဝန္ဒာမိ -ရှိခိုးပါ၏။

(ဆရာတော် ဦးဗုဒ္ဓ)

(၃) မူလသိက္ခာ ပဏာမဂါထာ

နတွာ နာထံ ပဝက္ခာမိ၊ မူလသိက္ခံ သမာသတော၊
ဘိက္ခုနော နဝကေနာဒေါ၊ မူလဘာသာယ သိက္ခိတုံ၊

အဟံ-ငါသည်၊ နာထံ-သုံးပါးကုန်သော သတ္တလောကတို့၏ ကိုးကွယ် ရာဖြစ်တော်မူထသော၊ သမ္မာသမ္ဗုဒ္ဓံ- မြတ်စွာဘုရားကို၊

http://www.dhammadownload.com

နတ္ထာ- ရှိခိုးပြီး ၍၊ နဝကေန- အသစ်ဖြစ်သော၊ ဘိက္ခုနာ- ရဟန်းသည်၊ အာဒေါ- ပဋ္ဌင်းဖြစ်သော အခါမှစ၍၊ သိက္ခိတုံ- သင်ခြင်းငှာ၊ မူလဘာသာယ - မာဂဓဘာသာဖြင့်၊ မူလသိက္ခံ- မူလသိက္ခာ အမည်ရှိသောကျမ်းကို၊ သမာသတော-အကျဉ်းချုပ်အားဖြင့်၊ ပဝက္ခာမိ -ဆိုပေအံ့။

(၄) ခုဒ္ဓသိက္ခာ ပဏာမဂါထာ

အာဒိတော ဥပသမ္မန္နံ၊ သိက္ခိတဗ္ဗံ သမာတိကံ။
ခုဒ္ဓသိက္ခံ ပဝက္ခာမိ၊ ဝန္ဒိတွာ ရတနတ္တယံ။

အဟံ- ငါသည်၊ အာဒိတော-လက်မွန်မဆွ အစဦးစွာ ရှေးခါ ကျမ်းမှ ပဌမ၌၊ ရတနတ္တယံ- ရတနာ တို့၏ သုံးပါးတို့၏ အပေါင်းကို။ ဝါ- စိတ္တိကတ သဘာဝကြောင့် ရတနာမည်သော ရတနာတို့၏ သုံးပါးတို့၏ အပေါင်းကို။ ဝန္ဒိတွာ - ရှိခိုးပါ၏၊ ဝန္ဒိတွာ- ရှိခိုးပြီး၍၊ အာဒိတော- ရှေးဦးစွာ ယူအပ်သော ရှင်အဖြစ်မှ၊ ပစ္ဆာ-နောက်၌၊ ဥပသမ္မန္နံ-ဥပသမ္မနော ဟုတွာ- ပဋ္ဌင်းဖြစ်၍၊ အာဒိတော- ရှေးဦးစွာ ယူအပ်သော အဓိသီလ သိက္ခာမှစ၍။ သိက္ခိတဗ္ဗံ- အနုပုဗ္ဗ သိက္ခာအားဖြင့် သင်အပ်ကျင့်အပ် အားထုတ်အပ်သော။ ဝါ- ဝစသာ ပရိစိတအားဖြင့် သင်အပ်သော၊ ဝါ-သိက္ခိတဗ္ဗံ- သံဂ္ဂကွိတဗ္ဗံ၊ မနသာနုပေက္ခိတအားဖြင့် အဖန်ဖန် ရှုအပ်သော၊ ဝါ-သိက္ခိတဗ္ဗံ- သံဂ္ဂကွိတဗ္ဗံ- ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓအားဖြင့် သိအပ်သော၊ ဝါ- သိက္ခိတဗ္ဗံ- သိက္ခာဂ္ဂတဗ္ဗံ- သင်ခြင်းကျင့်ခြင်း အားသစ်ခြင်းဖြင့် သရဏ္ဂါယ်အပ် သိအပ် ရောက်အပ်သော၊ ခုဒ္ဒသိက္ခံ- သဒ္ဒါနည်းလျက် အနက်များစွာ သင်ရာကျင့်တမ်း လက်သန်း အဌကထာကို၊ သမာတိကံ- အမိပမာ မာတိကာနှင့်တကွ၊ ဝါ- ရေမြောင်းသဘွယ် ဆောင်လွယ်လိုရာ မာတိကာနှင့်တကွ၊ အာဒိတော-ရှေးဦးစွာ ပါရာဇိကမှစ၍၊ ဝါ-ပါရာဇိကစသော အပိုင်းအပိုင်း၊ ဝါ-ပါရာဇိကစသည်၌ ပဌမပါရာဇိက စသော အစိတ်စိတ်၊ ပဝက္ခာမိ -အပြားအားဖြင့် ဆိုပေအံ့သတည်း။ *(ဆရာတော် ဦးဗုဒ္ဓ)*

http://www.dhammadownload.com

(၅) ဝိနယ ဝိနိစ္ဆယအဋ္ဌကထာ ပဏာမဂါထာ

၁။ ဝန္ဒိတွာ သိရသာ သေဋ္ဌံ ၊ ဗုဒ္ဓ မပ္ပမိပုဂ္ဂလံ။
ဘဝါဘာဝကရံ ဓမ္မံ ၊ ဂဏဥ္စေဝ နိရဂ်ကံ။

သေဋ္ဌံ၊ ဇာတိစသား မဟတ္တ(၃)ပါးကြောင့် ခြိုးမွမ်းအပ်မြတ်တော်မူထသော။ အပ္ပမိပုဂ္ဂလံ၊ သီလစသား ဂုဏ်တော်များကြောင့် အတူမရှိသော ပုဂ္ဂိုလ်ဖြစ်တော်မူသော၊ ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော် တိုင်လည်း သိ၍ ဝေနေယျသတ္တဝါ များစွာတို့ကိုလည်း သိစေတော်မူနိုင်သော မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ ဝန္ဒိတွာ ဝန္ဒာမိ၊ ခြိုးမွမ်းထောမနာ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး ၍။ ဘဝါဘဝ ကံ၊ ဘုံဘဝတို့၏ မရှိခြင်း၊ ဘုံဘဝတို့ကို ဖြစ်စေတတ်သော ကိလေသာတို့၏ မရှိခြင်းကို ပြုတတ်သော။ ဓမ္မဥ္စ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ်အားဖြင့် ဆယ်ပါးသောတရားတော်ကိုငင်း။ နိရဂ်ကံ၊ ကိလေသာအညစ်အကြေးမရှိသော။ ဂဏဥ္စေဝ၊ အရိယာရှစ်ဖော် သံဃာတော်အပေါင်းကိုငင်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ခြိုးမွမ်းထောမနာ ရှိခိုးပါ၏။

(၆) ဥတ္တရဝိနိစ္ဆယ အဋ္ဌကထာပဏာမ

၁။ သဗ္ဗသတ္ထုတ္ထမံ ဓီရံ ၊ ဝန္ဒိတွာ သိရသာ ဇိနံ။
ဓမ္မဉ္စာ ဓမ္မဝိဒွံသံ ၊ ဂဏ မဂ်ဏနာသနံ။

သဗ္ဗသတ္ထုတ္တမံ၊ ရှိရှိသမျှ သတ္တဝါအားလုံးတို့ထက် သီလစသော ဂုဏ်အားဖြင့် မြတ်တော်မူသော ၊ဓီရံ၊ မြင့်မိုရ်တောင်အလားသမာဓိရှိတော်မူသော(ဝါ)ကောင်းကင်အလား ပညာရှိတော်မူသော။ ဇိနံ၊ ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓ မစ္စု ငါးခုသောမာရ်တွင်းပရန်ကို မကျန်ကုန်စင် အောင်မြင်တော်မူပြီးသော မြတ်စွာ

http://www.dhammadownload.com

ဘုရားကို။ သိရသော၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒိတွာ ဝန္ဒာမိ၊ ချိုးမွမ်းထောမနာ ရှိခိုးပါ၏၊ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ အဓမ္မဝိဒုံသံ၊ မသူတော်တရား အကုသိုလ်များကို ဖျက်ဆီးပယ်ဖျောက်တတ်သော။ ဓမ္မဉ္စ၊ လောကုတ္တရာတရား မြတ်ကိုးပါးနှင့် ပရိယတ်တရား ဤဆယ်ပါးသောတရားတော်ကိုလည်း။ အင်္ဂဏာ နာသနံ၊ ကိလေသာ အညစ်အကြေးကို ဖျက်ဆီးတတ်သော။ ဂဏဉ္စ၊ အရိယာရှစ်ဖော် သံဃာတော် အပေါင်းကိုလည်း။ သိရသော၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ချိုးမွမ်းထောမနာ ရှိခိုးပါ၏။

(၇) ဝိနယသင်္ဂဟဋ္ဌကထာ - ပဏာမ (၂) ဂါထာ

၁။ ဝတ္ထုတ္ထယံ နမဿိတွာ ၊ သရဏံ သဗ္ဗပါဏိနံ။
ဝိနယေ ပါဋဝတ္ထာယ ၊ ယောဂါဝစရဘိက္ခုနံ။
၂။ ဝိပွကိဏ္ဏ မနေကတ္ထ ၊ ပါဋိမုတ္ထဝိနိစ္ဆယံ။
သမာဟရိတွာ ●ကတ္ထ ၊ ဒဿယိဿ မနာကုလံ။

၁။ အဟံ- ငါသည် ၊ သဗ္ဗပါဏိနံ -ခပ်သိမ်းသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ၊ သရဏံ သရဏဘူတံ ကိုးကွယ်အားထားရာဖြစ်သော ၊ ဝတ္ထုတ္တယံ - ဘုရား တရား သံဃာအားဖြင့် ရတနာတို့၏ သုံးပါးတို့၏ အပေါင်းကို ၊ နမာမိ - ရှိခိုးပါ၏ ၊ နမဿိတွာ - ရှိခိုးပြီး၍ ၊ ယောဂါဝစရဘိက္ခုနံ - ကမ္မဋ္ဌာန်းဘာဝနာကို ပြုတတ်သောရဟန်းတို့အား၊ ဝိနယေ - ဝိနည်း ပိဋကတ်၌ ၊ ပါဋဝတ္ထာယ - လိမ္မာစိမ့်သောငှါ။

၂။ အနေကတ္ထ အနေကေသု ပကရဏေသု - များသောကျမ်းတို့၌ ၊ ဝိပွကိဏ္ဏံ- အထူးထူးအပြားပြားသောနည်းတို့ဖြင့် ပြွမ်းထသော ၊ ပါဋိမုတ္တဝိနိစ္ဆယံ- ပါဋိတော်မှလွတ်သော အဆုံးအဖြတ်ကို (ဝါ) လာသောအဆုံးအဖြတ်ကို၊ ●ကတ္ထ- မြတ်သော ဝိနယသင်္ဂဟ အဋ္ဌကထာကျမ်း၌၊ သမာဟရိတွာ- ပေါင်းစု၍၊ အနာကုသလံ- အနှောင့်အယှက်မရှိသည်ကို၊ ကတွာ- ပြု၍၊ ဒဿယိဿံ ဒဿ ယိဿာမိ ပြပေလတ္တံ့။

http://www.dhammadownload.com

(ခ)အဘိဓမ္မပိဋကလာ အဋ္ဌကထာ ပဏာမများ
(ဂ) အဋ္ဌသာလိနီ အဋ္ဌကထာ ပဏာမ(၆)ဂါထာ

၁။ ကရဏာ ဝိယ သတ္ထေသု ၊ ပညာ ယဿ မဟေသိနော။
ဥယျဓမ္မေသု သတ္ထေသု ၊ ပဝတ္တိတ္ထ ယထာရုစိ။

၂။ ဒယာယ တာယ သတ္ထေသု ၊ သမုဿာဟိတ မာနသော။
ပါဠိဟီရာဝသာနမ္ပိ ၊ ဝသန္တော တိဒသာလယေ။

၃။ ပါရိ ဆ္ဆတ္ထကမူလမ္ပိ ၊ ပဏ္ဏာကမ္မလနာမကေ။
သိလာသနေ သန္နိသိန္နော ၊ အာဒိစ္စော၀ ယုဂန္ဓရေ။

၄။ စက္ကဝါဠသဟဿေဟိ ၊ ဒသဟာဂမ္မ သတ္ထေသော။
သန္နိသိန္နေန ဒေဝါနံ ၊ ဂဏေန ပရိဝါရိတော။

၅။ မာတရံ ပမုခံ ကတွာ ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ ၊ ဒေဝါနံ သမ္မဝတ္တယိ။

၆။ တဿ ပါဒေ နမဿိတွာ ၊ သမ္မဒ္ဓဿ သိရိမတော။
သဒ္ဓမ္မဒ္ဓဿ ပူဇေတွာ ၊ ကတွာ သံဃဿ စဒ္ဓလိ။

၁။ အဟံ၊ တပည့်တော်သည်။ မဟာကာရုဏိကံ၊ ကြီးကျယ်များမြတ်ပူဇော်အပ်သော မဟာကရုဏာဂုဏ်နှင့် ပြည့်စုံတော်မူထသော။ ဥယျသာဂရပါရဂုံ၊ သခ်ါရမှ စသည်ငါးရပ် ဥယျမြတ် တရားတည်းဟူသော ပင်လယ်မဟာ သမုဒ္ဒရာ၏ ဝဲဩဃစက် ကမ်းတဖက်သို့ သဗ္ဗညုတာ ဉာဏ်မဟာဖြင့် ကူးတက်လွန်မြောက် ရောက်တော်မူပြီးထသော။ နိပုဏာ ဂမ္ဘီရ ဝိစိတြ နယဒေသနံ၊ သိမ်မွေ့နက်နဲ ခဲခက် မခန်းဆန်းကြယ်သော သဒ္ဒါလက််ာရ အတ္ထာလက််ာရနည်းတို့နှင့် ပြည့်စုံသော တရားစကားကို မြွက်ဟ မိန့်ဖော်ဟောကြားတော်မူသော။ နာထံ၊ သုံးဘုံမလပ် လောကဓာတ်ဝယ် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာစီးပွားကို မေတ္တာစွမ်းဖြင့် တောင့်တတော်မူသဖြင့် ကိုးကွယ်အားထားရာ မြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ- ဒူးလက်ထိပ်တင် ငါးအင်ထိကာ စေတနာဖြင့် သဒ္ဓါရိုကျိုး ရှိခိုးပါ၏။

၂။ သတ္တာ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ ယေနဓမ္မေန၊ အကြင်သွာကွာတတာ လာသည်အစ ခြောက်ဝစ္ဆဒုံ လေးခုမဂ္ဂ ဖလလေးတန် နိဗ္ဗာန်မလပ် တရားမြတ်ကြောင့် ဝိဇ္ဇာစရဏာ သမ္ပန္နာ၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့်ပြည့်စုံကုန်သည်။ ဟုတ္တာ၊

http://www.dhammadownload.com

ဖြစ်ကြကုန်၍။ လောကတော၊ ဖြစ်ပျက်နှစ်တန် လောကဓမ်ဖြင့် ဘောက်ပြန်မလွဲ လောကထဲမှ။ နိယန္တိ၊ ထွက်မြောက်တော်မူကြကုန်၏။ ဥတ္တမံ၊ ခရုသင်းတူ ညစ်မြူကင်းပ ဂုဏ်ဘာဝကြောင့် မြတ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓပူဇိတံ၊ ဓမ္မလုံးစုံ ဥဿုံမကျန် ဘောက်ပြန်မဟူ သယမ္ဘူဖြင့် လွယ်ကူသိတတ် ဘုရားမြတ်တို့သည် ဂေါစရဘာဝနာ နှစ်ဖြာမှီဝဲခြင်းတို့ဖြင့် မပြတ်ကော်ရော် ပူဇော်အပ်ထသော။ တံဓမ္မံ၊ ထိုသွာကွာတတာ လာသည်အစ ခြောက်ဝစ္ဆေဋ္ဌ လေးခုမဂ္ဂ ဖလလေးတန် နိဗ္ဗာန်မလပ် တရားမြတ်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ - ဝန္ဒာမိ၊ လာဘဒိဋ္ဌိ စရိုက်ငါးပ သွာကွာတဟု အစည်းဖြာ သုံးဖြာဝှမ်းမောက် ဂုဏ်တော်ခြောက်ကို အောက်မေ့၍သာ ရှိခိုးပါ၏။

၃။ ယော အရိယသံယော၊ အကြင်ရှစ်ယောက်ခေါ်အပ် သမုတ်အပ်သော အရိယာပုဂ္ဂိုလ်မြတ် အပေါင်းသည်။ သီလာဒိဂုဏ်သမွေနော၊ သီလစသား ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသည်ဖြစ်၍။ မဂ္ဂဖလေသု၊ မဂ်လေးတန် ဖိုလ်လေးတန် တရားမှန်တို့၌။ ဌိတော၊ တည်တော်မူ၏။ ပုညက္ခေတ္တံ၊ ကုသိုလ် ကောင်းမှု အစုစုတည်းဟူသော မျိုးစေ့တို့၏ ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူထသော။ အနုတ္တရံ၊ အတုမရှိမြတ်တော်မူသော။ တံအရိယသံယံ၊ ထိုအရိယာရှစ်ဖော် သံယာတော်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ ဝန္ဒာမိ၊ လာဘဒိဋ္ဌိ စရိုမလိပ် သုပွဋိပွန် မကျန်ဥဿုံ သုံးဘုံအမျှ လောကကွန်းစိုး ဂုဏ်တော်ကိုးကို မြတ်နိုး၍သာ ရှိခိုးပါ၏။

ပရမတ္ထဒီပနီမည်သော

(၃၂) ထေရဂါထာ ထေရီဂါထာ အဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ မဟာကာရုဏိကံ နာထံ၊ ဥယျုသာဂရပါရဂုံ။
ဝန္ဒေ နိပုဏဂမ္ဘီရ- ဝိစိတြနယဒေသနံ။

http://www.dhammadownload.com

၂။ ဝိဇ္ဇာစရဏာ သမ္ပန္နော၊ ယေန နိယန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။
၃။ သီလာဒိဂုဏသမ္ပန္နော၊ ဌိတောမဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ၊ ပုညက္ခေတ္တံ အနုတ္တရံ။

၁။ အဟံ၊ တပည့်တော်သည်။ မဟာကာရုဏိကံ၊ ကြီးကျယ်များမြတ်ပူဇော်အပ်သော မဟာကရုဏာဂုဏ်နှင့် ပြည့်စုံတော်မူထသော။ ဥယျသာဂရပါရဂုံ၊ သဒ္ဓါရမ္မ စသည်ငါးရပ် ဥယျမြတ်တရား တည်းဟူသော ပင်လယ်မဟာ သမုဒ္ဒရာ၏ ဝဲဩဃစက်ကမ်းတဖက်သို့ သဗ္ဗညုတာ ဉာဏ်မဟာဖြင့် ကူးတက်လွန်မြောက်ရောက်တော်မူပြီးထ သော။ နိပုဏာ ဂမ္ဘီရ ဝိစိတြ နယဒေသနံ၊ သိမ်မွေ့နက်နဲ ခဲခက် မခန်း ဆန်းကြယ်သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရနည်းတို့နှင့် ပြည့်စုံ သော တရားစကားကို မြွက်ဟ မိန့်ဖော်ဟောကြားတော်မူသော။ နာထံ၊ သုံးဘုံမလပ် လောကဓာတ်ဝယ် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာစီးပွားကို မေတ္တာစွမ်းဖြင့် တောင့်တတော်မူသဖြင့် ကိုးကွယ် အားထားရာ မြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ- ဒူးလက်ထိပ်တင် ငါးအင် ထိကာ ဖေတနာဖြင့် သဒ္ဓါရိုကျိုး ရှိခိုးပါ၏။

၂။ သတ္တာ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ ယေနဓမ္မေန၊ အကြင် သဘာဝတရား လာသည်အစ ခြောက်ဝစေ့ငု လေးခုမဂ္ဂ ဖလလေးတန်နှင့်ငါန်မလပ် တရားမြတ်ကြောင့် ဝိဇ္ဇာစရဏာ သမ္ပန္နော၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့်ပြည့်စုံကုန်သည်။ ဟုတ္တာ၊ ဖြစ်ကြကုန်၍။ လောကတော၊ ဖြစ်ပျက်နှစ်တန် လောကဓမ်ဖြင့် ဘောက်ပြန်မလွဲ လောကထဲမှ။ နိယန္တိ၊ ထွက်မြောက်တော်မူကြကုန်၏။ ဥတ္တမံ၊ ခရူသင်းတူ ညစ်မြူကင်းပ ဂုဏ်ဘာဝကြောင့် မြတ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓပူဇိတံ၊ ဓမ္မလုံးစုံ ဥဿုံမကျန် ဘောက်ပြန်မဟူသယမ္ဘူဖြင့် လွယ်ကူသိတတ် ဘုရားမြတ်တို့သည် ဂေါစရဘာဝနာ

http://www.dhammadownload.com

နှစ်ဖြာမှီဝဲခြင်းတို့ဖြင့် မပြတ်ကော်ရော် ပူဇော်အပ်ထသော။ တံမဲ့မဲ့ထိုသွာကွာတတာ လာသည်အစ ခြောက်ဝစေ့ငုံ လေးခုမဂ္ဂ ဖလလေးတန် နိဗ္ဗာန်မလပ် တရားမြတ်ကို။ အဟံ၊ တပညဉ့်တော်သည်။ ဝန္ဒေ - ဝန္ဒာမိ၊ လာဘဒိဋ္ဌ စရှိကင်းပ သွာကွာတဟု အစည်ွန်းဖြာ သုံးဖြာဝှမ်းမောက် ဂုဏ်တော်ခြောက်ကို အောက်မေ့၍သာ ရှိခိုးပါ၏။

၃။ ယော အရိယသံ်ယော၊ အကြင်ရှစ်ယောက်ခေါ်အပ် သမုဒ်အပ်သော အရိယာပုဂ္ဂိုလ်မြတ် အပေါင်းသည်။ သီလာဒိဂုဏ သမ္ပန္နော၊ သီလစသား ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသည်ဖြစ်၍။ မဂ္ဂဖလေသု၊ မဂ်လေးတန် ဖိုလ်လေးတန် တရားမှန်တို့၌။ ဌိတော တည်တော်မူ၏။ ပုညက္ခေတ္တံ၊ ကုသိုလ် ကောင်းမှု အစုစုတည်းဟူသော မျိုးစေ့တို့၏ ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူထသော။ အနုတ္တရံ၊ အတုမရှိမြတ်တော်မူသော။ တံအရိယသံ်ဃံ ထိုအရိယာရှစ်ဖော် သံ်ယာတော်ကို။ အဟံ၊ တပညဉ့်တော်သည်။ ဝန္ဒေ ဝန္ဒာမိ၊ လာဘဒိဋ္ဌ စရှိမလိပ် သုပွဋိပွန် မကျန်ဥသုံ သုံးဘုံအမျှ လောက ကွန်းစိုး ဂုဏ်တော်ကိုးကို မြတ်နိုး၍သာ ရှိခိုးပါ၏။

(၃၃) အပဒါနဋ္ဌကထာ - ပဏာမ (၃) ဂါထာ

၁။ ဝန္ဒိတွာ သိရသာ သေဋ္ဌံ ၊ ဗုဒ္ဓ မပွဋိပုဂ္ဂလံ။
ဥယျသာဂရ မုတ္တိဏ္ဏံ ၊ တိဏ္ဏံ သံသာရသာဂရံ။

၂။ တထေဝ ပရမံ သန္တံ ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။
ဘဝါဘဝကရံ သုဒ္ဓံ ၊ ဓမ္မံ သမ္မုဒ္ဒပူဇိတံ။

၃။ တထေဝ အနယံ သံ်ယံ ၊ အသဂီ သံ်ယမုတ္တမံ။
ဥတ္တမံ ဒက္ခိဏေယျာနံ ၊ သန္တိန္ဒြိယ မနာသဝံ။

၁။ သေဋ္ဌံ၊ ဇာတိမဟတ္တတာ၊ ပုညမဟတ္တတာ၊ ဂုဏမဟတ္တတာ ဤသုံးဖြာကြောင့် ခမ်းမြဲမ်းအပ် မြတ်တော်မူထသော။ အပွဋိပုဂ္ဂလံ

http://www.dhammadownload.com

သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ကြောင့် အတူ မရှိသော ပုဂ္ဂိုလ်ဖြစ်တော်မူသော။ ဥယျသာဂရံ၊ သခီရမှ စသည် ငါးရပ် ဥယျမြေတ်တရားတည်း ဟူသော ပင်လယ်မဟာ သမုဒ္ဒရာကို။ ဥတ္တိဏ္ဏံ၊ သဗ္ဗညုတာ ဉာဏ်မဟာဖြင့် ကူးတက် လွန်မြောက်တော် မူပြီးသော။ သံသာရသာဂရံ၊ ခန္ဓာအာယတနတို့၏ မပြတ်ဖြစ်ရာ ပင်လယ်မဟာ သံသရာ သမုဒ္ဒရာကြီးကို။ တိဏ္ဏံ - နိဗ္ဗာန်ကိုရသဖြင့် လွန်မြောက်တော်မူပြီးသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။သိရသာ၊ ဉီးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒိတွာ ဝန္ဒာမိ၊ ချိုးမွမ်းထောမနာ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

၂။ ပရမံ၊ လွန်မြတ်သော။ သန္တံ၊ ငြိမ်းအေးသော။ ဂမ္ဘီရံ၊ နက်နဲသော။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲသော။ အဏုံ၊ သိမ်မွေ့သော။ ဘဝါဘဝကရံ၊ ဘုံဘဝတို့၏ မရှိခြင်း၊ ဘုံဘဝတို့ကို ဖြစ်စေတတ်သော ကိလေသာတို့၏ မရှိခြင်းကိုပြုတတ်သော။ သုဒ္ဒံ၊ စင်ကြယ်သော။ သမ္မုဒ္ဒပူဇိတံ၊ မြတ်စွာဘုရားရှင်သည် ဂေါစရာ သေဝန ဘာဝနာသေဝနတို့ဖြင့် ပူဇော်အပ်ထသော။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန် သတ်မှတ် တရားမြတ် ကို။ တထေဝ၊ ဘုရားကို ရှိခိုးသည့်အတိုင်းပင်။ သိရသာ၊ ဉီးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒိတွာ - ဝန္ဒာမိ၊ ချိုးမွမ်းထောမနာ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

၃။ အနယံ၊ အကုသိုလ်နှင့် ဆင်းရဲဒုက္ခ မရှိထသော။ အသဂ်၊ တဏှာ- ကပ်ငြိတွယ်တာမှုမရှိသော။ သံယမုတ္တမံ၊ အဖွဲ့အစည်း ဟူသမျှတွင် အမြတ်ဆုံးဖြစ်သော။ ဒက္ခိဏေယျာနံ၊ မြတ်သော အလှူကို ခံယူထိုက်သောပုဂ္ဂိုလ်တို့တွင်။ ဥတ္တမံ၊ အမြတ်ဆုံးဖြစ်သော။ သန္တိန္ဒြိယံ၊ ငြိမ်သက်သော ဣန္ဒြေရှိသော။ အနာသဝံ၊ ကိလေသာ ယိုစီးတတ်သော အာသဝေါတရား မရှိသော။ သံယံ၊ အရိယာရှစ်ရပ် သံယာမြတ်ကို။

http://www.dhammadownload.com

တထေဝ၊ တရားကို ရှိခိုးသည့်အတိုင်းပင်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒိတွာ- ဝန္ဒာမိ၊ ချိုးမွမ်းထောမနာ ရှိခိုးပါ၏။

(၃၄)ထေရီ အပဒါန ဒီပနီ ပဏာမဂါထာ

၁။ အစိန္တေယျဂုဏောပေတံ ၊ သမ္ဗုဒ္ဓံ ဓမ္မပုတ္ထမံ၊
နတွာ ဝိသုဒ္ဓသံယမ္မိ ၊ သက္ကစ္စံ အဘိမာနယံ၊

အစိန္တေယျဂုဏောပေတံ၊ ရူပါစိန္တေယျ ဝါစာစိန္တေယျ ဣဒ္ဓိ အစိန္တေယျ ဉာဏာစိန္တေယျ အမည်ရငြား အစိန္တေယျဂုဏ်များနှင့် ပြည့်စုံတော်မူသော (ဝါ) အရဟံအစ အနန္တသဒ္ဒေါ် တွက်ရေမရ များလှသောင်းပြောင်း မကြုံစည်ကောင်းသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော။ သမ္ဗုဒ္ဓမ္ပိ၊ အစိန္တေယျ အမည်ရငြား မြတ်ဘုရားကိုဂင်း။ ဥတ္တမံ၊ အဝိဇ္ဇာကို နုတ်ခွါပယ်ဖျောက်နိုင်သဖြင့် မြတ်တော်မူသော။ ဓမ္မမ္ပိ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကျန်ဟု ဆယ်တန်သောတရားတော်ကိုဂင်း။ ဝိသုဒ္ဓသံယမ္ပိ၊ ကိလေသာ အညစ်အကြေးတို့မှ အထူးကင်းဝေး အလွန်စင်ကြယ်တော်မူသော အရိယာသံဃာတော်ကိုဂင်း။ အဘိမာနယံ၊အလွန် မြတ်နိုးလျက်။ သက္ကစ္စံ ၊ ရှိသေစွာ။ နတွာ- နမာမိ၊ ဦးညွတ်ရိုကျိုး ရှိခိုးပါ၏။

မဓုရတ္ထဝိလာသိနီမည်သော
(၃၅)ဗုဒ္ဓဝံသဋ္ဌကထာ ပဏာမဂါထာ

၁။ အနန္တညာဏံ ကရုဏာလယံ လယံ၊
မလဿ ဗုဒ္ဓံ သုသမာဟိတံ ဟိတံ၊
နမာမိ ဓမ္မံ ဘဝသံဝရံ ဝရံ၊
ဂုဏာကရဉ္စေဝ နိရင်္ဂဏံ ဂဏံ၊

http://www.dhammadownload.com

အနန္တဉာဏ်- အဆုံးမရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူထသော၊ ကရုဏာလယ်- မဟာကရုဏာ ၏တည်ရာ ဖြစ်တော်မူထသော၊ မလဿ- ကိလေသာတည်းဟူသော အညစ် အကြေးကို၊ လယ်- အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ရိတ်ဖြတ် ပယ်ဖျက်တော်မူပြီးထသော၊ သုသမာဟိတ်- ကောင်းသော သမာဓိလည်း ရှိတော်မူထသော ၊ ဟိတ်- လူနတ် ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွားကို ဆောင်တော်မူတတ်ထသော ၊ ဗုဒ္ဓ - မြတ်စွာဘုရား ကိုလည်းကောင်း၊ ဘဝသံဝရံ- ဘဝကို ဆီးတားပိတ်ပင်တတ်ထသော၊ ဝရံ- လူနတ် ဗြဟ္မာ သတ္တဝါတို့သည် တောင့်တအပ်ထသော ၊ ဓမ္မဉ္စ- မဂ်လေးပါး ဖိုလ်လေး ပါးနိဗ္ဗာန်ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော် မြတ်ကိုလည်းကောင်း၊ ဂုဏာကရံ- သုပွဋိပန္နစသည် ကျေးဇူးဂုဏ်အထူးတို့၏ တည်ရာလည်းဖြစ်တော်မူထသော (ဝါ) သီလစသော ဂုဏ်ကျေးဇူးတို့၏ တည်ရာလည်း ဖြစ်တော်မူထသော၊ နိရဂ်ံဏံ- ကိလေသာ အညစ်အကြေး အင်္ဂါမရှိထသော၊ ဂဏာဒ္ဓေဝ- ကလျာဏပုထုဇဉ် ပဂ္ဂိုလ်နှင့်တကွ ရှစ်ယောက်သော အရိယာ သံဃာတော်ကိုလည်းကောင်း၊ အဟံ- တပည့်တော်သည် ၊ နမာမိ- ဦးညွတ်ရှိခိုးပါ၏။

ပရမတ္ထဒီပနီမည်သော
(၃၆) စရိယာပိဋကဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ စရိယာ သဗ္ဗလောကဿ၊ ဟိတာ ယဿ မဟေသိနော၊
အစိန္တေယျာနုဘာဝံ တံ၊ ဝန္ဒေ လောကဂ္ဂနာယကံ။

၂။ ဝိဇ္ဇာစရဏသမ္ပန္နာ၊ ယေန နိယ္ယန္တိ လောကတော၊
ဝန္ဒေ တမုတ္တမံ ဓမ္မံ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။

၃။ သီလာဒိဂုဏသမ္ပန္နော၊ ဒ္ဝိတော မဂ္ဂဖလေသု ယော၊
ဝန္ဒေ အရိယသံဃံ တံ၊ ပုညက္ခေတ္တံ အနုတ္တရံ။

http://www.dhammadownload.com

၁။ မဟေသိနော၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ရှာမှီးတော်မူပြီးသော။ ယသ ဘဂဝတော၊ အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ စရိယာ၊ ဆည်းပူးအပ်ငြား ပါရမီဆယ်ပါး ကျင့်စဉ်များသည်။ သဗ္ဗလောကဿ၊ ခပ်သိမ်းသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏။ ဟိတာ၊ အကျိုးစီးပွားသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ လောကဂ္ဂနာယကံ၊ လောကသုံးပါးတွင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူ၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို မြတ်ရာနိဗ္ဗာန်သို့ ပို့ဆောင်ပေတတ်သော။ အစိန္တေယျာနုဘာဝံ၊ မကြုံစည်အပ် မကြုံစည်နိုင်သော တန်ခိုးတေဇော် အာနုဘော်ရှိတော်မူသော။ တံဘဂဝန္တံ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေဝန္ဒာမိ၊ ဘယလာဘ သမ္မာဟနှင့် ကုလ အာစာ မိစ္ဆာကျင့်ရိုး မမျော်ကိုးဘဲ ရှိခိုးချီးမွမ်းပါ၏။

(၃၇) ဇာတကဋ္ဌကထာ ပဏာမ(၂)ဂါထာ

၁။ ဇာတိကောဋိသဟဿေဟိ၊ ပမာဏရဟိတံ ဟိတံ၊
လောကဿလောကနာထေန၊ ကတံယေန မဟေသိနော၊
၂။ တဿ ပါဒေ နမသိတ္ဝာ၊ ကတ္ဝာ ဓမ္မဿ စဋ္ဌလိ၊
သံဃဋ္ဌ ပတိမာနေတ္ဝာ၊ သဗ္ဗသမ္မာနဘာဇနံ၊

မဟေသိနော၊ မြတ်သော သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ် အထူးကို ရှာမှီးတော်မူပြီးသော၊ လောကနာထေန ဗြဟ္မာနတ်လူ သုံးဘုံ သူတို့၏ ကြည်ဖြူလေးစား အားထားကိုးကွယ်ရာ ဖြစ်တော်မူသော၊ ယေန၊ အကြင်မြတ်စွာဘုရားသည်။ ဇာတိကောဋိသဟဿေဟိ၊ ဘဝ များများမြောင် ကုဋေအထောင်တို့ဖြင့်(သော်လည်း)၊ ပမာဏရဟိတံ၊ နှိုင်းယှဉ်တိုင်းတာ သခ်ၤာအရေအတွက်မှကင်းသော၊ လောကဿ

http://www.dhammadownload.com

သတ္တဝါအပေါင်းတို့၏၊ ဟိတံ၊ အကျိုးစီးပွားဖြစ်သော ပါရမီ၁၀-ပါး အပြား၃၀ ဖြည့်ကျင့်ခြင်းကို၊ ကတံ၊ ပြုတော်မူအပ်ပြီ။

အဟံ၊ အကျွန်ုပ်သည်၊ တဿ၊ ထိုမြတ်စွာဘုရား၏၊ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို၊ နမဿာမိ၊ ရှိခိုးပါ၏၊ နမဿိတွာ၊ ရှိခိုးပြီး၍၊ ဓမ္မဿစ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်အားဖြင့် ဆယ်တန်သော တရားတော်မြတ်အားလည်း၊ အဋ္ဌလီ၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို၊ ကရောမိ၊ ပြုပါ၏၊ အဋ္ဌလီ၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို၊ ကတွာ၊ ပြုပြီး၍၊ သဗ္ဗသမ္မာနဘာဇနံ၊ ခပ်သိမ်းသော သူတို့၏ မြတ်နိုးခြင်း၏ တည်ရာဖြစ်တော်မူသော၊ သံဃဋ္ဌ၊ အရိယာရှစ်ဖော် သံဃာတော်ကိုလည်း၊ ပတိမာနေမိ၊ မြတ်နိုးကော်ရော် ပူဇော်ပါ၏။

သဒ္ဓမ္မပကာသနီမည်သော
(၃၀)ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ ပဏာမ(၂)ဂါထာ

၁။ ယော သဗ္ဗလောကာတိဂ သဗ္ဗသောဘာ-
ယုတ္ထေဟိ သဗ္ဗေဟိ ဂုဏေဟိ ယုတ္ထော၊
ဒေါသေဟိ သဗ္ဗေဟိ သဝါသနေဟိ၊
မုတ္ထော ဝိမုတ္တိ ပရပဒ္ဓ ဒါတာ၊

၂။ နိစ္စံ ဒယာစန္ဒန သီတစိတ္တော၊
ပညာရဝိဇ္ဇောတိတ သဗ္ဗနေယျော၊
သဗ္ဗေသု ဘူတေသု တမဂ္ဂဘူတံ၊
ဘူတတ္ထနာထံ သိရသာ နမိတွာ၊

၁။ ယောဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ သဗ္ဗလောကာတိဂ သဗ္ဗသောဘာယုတ္တေဟိ - အလုံးစုံသော သတ္တလောက သခါရလောက

http://www.dhammadownload.com

ကို လွန်၍ဖြစ်သော အလုံးစုံသော တင့်တယ်ခြင်းတို့နှင့် ယှဉ်ကုန်သော၊ သဗ္ဗေဟိ - ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော၊ ဂုဏောဟိ - လောကီလောကုတ္တရာ နှစ်ဖြာသောဂုဏ်တို့နှင့်၊ ယုတ္တော - ယှဉ်တော်မူ၏၊ သဝါသနေဟိ - ဝါသနာနှင့် တကွဖြစ်ကုန်သော၊ သဗ္ဗေဟိ - ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ဒေါသေဟိ - ကိလေသာ အကုသိုလ် ဟူသော အပြစ်တို့မှ၊ မုတ္တော - အရှင်းကင်းပြတ် လွတ်တော်မူ၏၊ ပရမံ - မြတ်သော၊ ဝိမုတ္တဥ္စ - အရဟတ္တဖိုလ် နိဗ္ဗာန်ကိုလည်း၊ ဒါတာ - ဝေနေယျသတ္တဝါတို့အား ပေးတော်မူ၏။

၂။ နိစ္စံ - အမြဲမပြတ်၊ ဒယာစန္ဒနသီတစိတ္တော - သနား ကရုဏာတည်းဟူသော စန္ဒကူးရေဖြင့် ချမ်းအေးသော စိတ်ရှိတော်မူ၏၊ ပညာရဝိဇ္ဇောတိတသဗ္ဗညေယျော - အရဟတ္တမဂ်ပညာ၊ သဗ္ဗညုတဉာဏ်ပညာ ဒေသနာ ဉာဏ်ပညာတည်းဟူသော နေရောင်ဖြင့် တောက်ပစေအပ်သော အလုံးစုံသိအပ်သောတရားရှိတော်မူ၏၊ သဗ္ဗေသု - ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ဘူတေသု - သတ္တဝါတို့၌ (ဝါ)သတ္တဝါတို့တွင်၊ အဂ္ဂဘူတံ - သီလစသောဂုဏ်အားဖြင့် အမြတ်ဆုံး ဖြစ်တော်မူသော၊ ဘူတတ္ထနာထံ - ဟုတ်မှန်သော သဘောအားဖြင့် ရအပ်သော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်အားထားရာဖြစ်၍ နာထအမည်တော်ရှိသော၊ တံ ဘဂဝန္တံ - ထိုမြတ်စွာဘုရားကို၊ သိရသား - ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမိတ္ဝာ နမာမိ - ရှိခိုးပါ၏။

http://www.dhammadownload.com

သဒ္ဓမ္မပဇ္ဇောတိကာ မည်သော
(၃၉)မဟာနိဒ္ဒေသဋ္ဌကထာ - ပဏာမ (၃)ဂါထာ

၁။ အဝိဇ္ဇာလင်္ကာ ယာတေန္ဆော ၊ နန္ဒီရာဂဠ္ဆ မူလတော။
ဘာဝေန္ဆဋ္ဌဂီကံ် မဂ္ဂံ၊ ဖုသိ ယော အမတံ် ပဒံ။

၂။ ပါပုဏိတွာ ဇိနော ဗောဓိ ၊ မိဂဒါယံ ဝိဂါဟိယ။
ဓမ္မစက္ကံ် ပဝတ္တေတွာ၊ ထေရံ် ကောဏ္ဍညမာဒိတော။

၃။ အဋ္ဌာရသန္နံ ကောဋီနံ်၊ ဗောဓေသိ တာပသော တဟိံ။
ဝန္ဒေဟံ် သိရသာ တဉ္စ ၊ သဗ္ဗသတ္ထာန မုတ္တမံ။
တထာ ဓမ္မုတ္တမဉ္စေဝ ၊ သံယဉ္စာပိ အနုတ္တရံ်၊

၁။ ယောဇိနော၊ အကြင်ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ အဝိဇ္ဇာလင်္ကာ ဉ္စ ဖွင့်နှိုင်ခဲ နုတ်နှိုင်ခဲသော အဝိဇ္ဇာတည်းဟူသော တံခါးကျည်ကိုဂုင်း။ နန္ဒီရာဂဉ္စ ၊ တပ်မက်နှစ်သက်တတ်သော တဏှာရာဂကိုဂုင်း။ မူလတော ၊ အရင်းအမြစ်မှ။ ယာတေန္ဆော ၊ သတ်ဖြတ်လျက်။ အဋ္ဌင်္ဂိကံ်မဂ္ဂံ၊ အင်္ဂါရှစ်ပါးရှိသော အဋ္ဌင်္ဂိကမဂ်ကို။ ဘာဝေန္ဆံ၊ ပွားများစေလျက်။ အမတံ်ပဒံ ၊ မသေရာမှန် မြတ်နိဗ္ဗာန်ကို။ ဖုသိ ၊ မျက်မှောက်ပြုတော်မူပြီ။

၂။ သောဇိနော ၊ ထိုငါးမာရ်အောင်မြင် ဘုရားရှင်သည်။ ဗောဓိ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာ၊ ရောက်ပြီးရပြီး၍။ မိဂဒါယံ ၊ သားသမင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တောအတွင်းသို့။ ဝိဂါဟိယ၊ ကြွဝင်သက်ရောက်၍။ ကောဏ္ဍညမာဒိတော၊ ကောဏ္ဍညအစရှိသော။ ထေရံ၊ သီလစသား ဂုဏ်များရှိသော ပဉ္စဝဂ္ဂိငါးဦးကို။ ဓမ္မစက္ကံ ၊ တရားဦး ဓမ္မစကြာတရားကို။ ပဝတ္တေတွာ ၊ ဖြစ်စေပြီး၍ (ဝါ) ဟောပြီး၍။

http://www.dhammadownload.com

၃။ တာပသော၊ ခြိုးခြံသောအကျင့်ရှိသော ဘုရားရှင်သည်။ တဟိံ ၊ ထိုမိဂဒါဝုန်တောအတွင်း၌။ အဌာရသန္နံ ကောဋိနံ ၊ (၁၈) ကုဋေသော နတ်ပြဟ္မာတို့အား။ ဗောဓေသိ ၊ သစ္စာလေးပါးတရားကိုသိစေ တော်မူ ပြီ။ သဗ္ဗသတ္တာနံ၊ သတ္တဝါအားလုံးတို့ထက်။ ဥတ္တမံ၊ အမြတ်ဆုံး ဖြစ်သော။ တဉ္စတာပသံ၊ ထိုမြတ်စွာ ဘုရားရှင်ကိုငင်း။ တထာ၊ ထို့အ တူ။ ဥတ္တမံ ၊ နုတ်အပ်ပြီးသော အဝိဇ္ဇာရှိသဖြင့် အမြတ်ဆုံးဖြစ်သော။ ဓမ္မဥ္စဝ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်အားဖြင့် ဆယ်တန်သောတရားတော်ကိုငင်း။ အနုတ္တရံ ၊ အတုမရှိ မြတ်သော။ သံယဉ္စာပိ ၊ အရိယာရှစ်ဖော် သံယာတော်ကိုငင်း။ အဟံ ၊ တပည့်တော် သည်။ သိရသာ ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒေ ၊ ရှိခိုးချိုးမွမ်း ပါ၏။

ပရမတ္ထာဒီပနီမည်သော

(၄၀)နေတ္တိအဋ္ဌကထာ ပဏာမ(၃)ဂါထာ

၁။ မဟာကာရုဏိကံ နာထံ ၊ ဥယျသာဂရပါရဂုံ၊
ဝန္ဒေ နိပုဏာဂမ္ဘီရ - ဝိစိတြနယဒေသနံ၊
၂။ ဝိဇ္ဇာစရဏသမ္ပန္နာ ၊ ယေန နိယ္ယန္တိ လောကတော၊
ဝန္ဒေ တမုတ္တမံ ဓမ္မံ ၊ သမ္မာသမ္ဗုဒ္ဓပူဇိတံ၊
၃။ သီလာဒိဂုဏသမ္ပန္နော၊ ဌိတော မဂ္ဂဖလေသု ယော၊
ဝန္ဒေ အရိယသံယံ တံ ၊ ပုညက္ခေတ္တံ အနုတ္တရံ၊

၁။ အဟံ၊ တပည့်တော်သည်။ မဟာကာရုဏိကံ၊ ကြီးကျယ်များမြတ်ပူဇော်အပ်သော မဟာကရုဏာဂုဏ်နှင့် ပြည့်စုံတော်မူထသော။ ဥယျသာဂရပါရဂုံ၊ သဒ္ဓါရမ္မ စသည်ငါးရပ် ဥယျမြတ် တရားတည်းဟူသော ပင်လယ်မဟာ သမုဒ္ဒရာ၏ ဝဲဩဃစက် ကမ်းတဖက်သို့ သဗ္ဗညုတာ ဉာဏ်မဟာဖြင့် ကူးတက်လွန်မြောက် ရောက်တော်မူပြီးတာ

http://www.dhammadownload.com

သော။ နိပုဏ္ဏ ဂမ္ဘီရ ဝိစိတြ နယဒေသနံ၊ သိမ်မွေ့နက်နဲ ခဲခက် မခန်း ဆန်းကြယ်သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရနည်းတို့နှင့် ပြည့်စုံသော တရားစကားကို မြွက်ဟ မိန့်ဖော်ဟောကြားတော်မူသော။ နာထံ၊ သုံးဘုံမလပ် လောကဓာတ်ဝယ် လူနတ်ပြဟ္မာ သတ္တဝါတို့၏ ချမ်းသာစီးပွားကို မေတ္တာစွမ်းဖြင့် တောင့်တတောင်မူသဖြင့် ကိုးကွယ် အားထားရာ မြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ- ဒူးလက်ထိပ်တင် ငါးအင် ထိကာ စေတနာဖြင့် သဒ္ဓါရိုကျိုး ရှိခိုးပါ၏။

၂။ သတ္တာ၊ လူနတ်ပြဟ္မာ သတ္တဝါတို့သည်။ ယေနမမွေန၊ အကြင် သွာက္ခာတတာ လာသည်အစ ခြောက်ဝစ္ဆဒုံ လေးခုမဂ္ဂ ဖလလေးတန် နိဗ္ဗာန်မလပ် တရားမြတ်ကြောင့် ဝိဇ္ဇာစရဏာ သမ္ပန္နာ၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာ ရှစ်ပါး စရဏာတရား တစ်ဆယ့်ငါးပါးတို့နှင့်ပြည့်စုံကုန်သည်။ ဟုတ္တာ၊ ဖြစ်ကြကုန်၍။ လောကတော၊ ဖြစ်ပျက်နှစ်တန် လောကဓမ်ဖြင့် ဘောက်ပြန်မလွဲ လောကထဲမှ။ နိယန္တိ၊ ထွက်မြောက်တော်မူကြကုန်၏။ ဥတ္တမံ၊ ခရုသင်းတူ ညစ်မြူကင်းပ ဂုဏ်ဘာဝကြောင့် မြတ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓပူဇိတံ၊ ဓမ္မလုံးစုံ ဥဿုံမကျန် ဘောက်ပြန်မဟူ သယမ္ဘူဖြင့် လွယ်ကူသိတတ် ဘုရားမြတ်တို့သည် ဂေါစရဘာဝနာ နှစ်ဖြာမှီဝဲခြင်းတို့ဖြင့် မပြတ်ကော်ရော် ပူဇော်အပ်ထသော။ တံဓမ္မံ၊ ထိုသွာက္ခာတတာ လာသည်အစ ခြောက်ဝစ္ဆဒုံ လေးခုမဂ္ဂ ဖလလေး တန် နိဗ္ဗာန်မလပ် တရားမြတ်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ - ဝန္ဒာမိ၊ လာဘဒိဋ္ဌိ စရိုက်ငါးပ သွာက္ခာတဟု အစည္ဆန်းဖြာ သုံးဖြာ ဝှမ်းမောက် ဂုဏ်တော်ခြောက်ကို အောက်မေ့၍သာ ရှိခိုးပါ၏။

၃။ ယော အရိယသံဃော၊ အကြင်ရှစ်ယောက်ခေါ်အပ် သမုတ် အပ်သော အရိယာပုဂ္ဂိုလ်မြတ် အပေါင်းသည်။ သီလာဒိဂုဏာ သမ္ပန္နော၊ သီလစသား ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသည်ဖြစ်၍။ မဂ္ဂဖလေသု၊ မဂ်လေးတန် ဖိုလ်လေးတန် တရားမှန်တို့၌။ ဋ္ဌိတော၊

http://www.dhammadownload.com

တည်တော်မူ၏။ ပုညကွေတို့၊ ကုသိုလ် ကောင်းမှု အစုစုတည်းဟူသော မျိုးစေ့တို့၏ ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူထသော။ အနုတ္တရ၊ အတုမရှိမြတ်တော်မူသော။ တံအရိယသံဃ၊ ထိုအရိယာရှစ်ဖော် သံဃာတော်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေဝန္ဒာမိ၊ လာဘဒိဋ္ဌ စရိုမလိပ် သုပွဋိပွန် မကျန်ဥသုံ သုံးဘုံအမျှ လောကကွန်းစိုး ဂုဏ်တော်ကိုးကို မြတ်နိုး၍သာ ရှိခိုးပါ၏။

(၄၁)မိလိန္ဒပဉှာအဋ္ဌကထာ ပဏာမ (၃)ဂါထာ

၁။ အနုပွန္နဿ မဂ္ဂဿ၊ ဥပ္ပါဒေတာ ဝဠ္ဗဿ၊
နိဗ္ဗာနဿ ဝဠ္ဗေတံ၊ ဗုဒ္ဓံ နမာမိ အာဒရံ။

၂။ တိပဟာနေဟိ သမ္ဗန္ဓံ၊ အရိယေဟိ နိသေဝိတံ၊
မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ဓမ္မံ နမာမိ အာဒရံ။

၃။ အရိယံ သြဃမုတ္ထိဏ္ဏံ၊ နိရင်္ဂဏံ တမောနုဒံ၊
မဂ္ဂေ ဖလေသု တိဋ္ဌန္တံ၊ သံဃံ နမာမိ အာဒရံ။

၁။ အနုပွန္နဿ၊ မဖြစ်ပေါ်သေးသော။ မဂ္ဂဿ၊ ပုဗ္ဗဘာဂ မဂ် - အရိယမဂ်ကို။ ဥပ္ပါဒေတံ၊ ဖြစ်ပေါ်စေတတ်သော။ အဝဠ္ဗဿ၊ မျက်မှောက်ပြုသောအားဖြင့် မသုံးဆောင်ရသေးသော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ဝဠ္ဗေတံ၊ မျက်မှောက်ပြုသောအားဖြင့် သုံးဆောင်စေတတ်သော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားရှင်ကို။ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏ ။

၂။ တိပဟာနေဟိ၊ အကုသိုလ်တို့ကို တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်တို့ဖြင့် ပယ်သတ်ခြင်းတို့နှင့်။ သမ္ဗန္ဓံ၊ ပြည့်စုံသော။ အရိယေဟိ၊ ကိလေသာဖြူစင် အရိယာရှင်တို့သည်။ နိသေဝိတံ၊ ဂေါစရာသေဝန ဘာဝနာသေဝနတို့ဖြင့် မှီဝဲအပ်သော။

http://www.dhammadownload.com

မင်္ဂံဓမ္မဉ္စ၊ မင်္ဂလေးပါးတရားကိုငင်း။ ဖလံဓမ္မဉ္စ၊ ဖိုလ်လေးပါးတရားကိုငင်း။ နိဗ္ဗာနံဓမ္မဉ္စ၊ နိဗ္ဗာန်တရားကိုငင်း။ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။

၃။ အရိယံ၊ ကိလေသာတို့မှ စင်ကြယ်ဖြူစင်သော။ သြယမုတ္တိဏ္ဏံ၊ သြယလေးခန်း သံသရာ ရေပြင်ကြမ်းကို ကျော်လွန် ပြီးသော။ နိရင်္ဂဏံ၊ ကိလေသာအညစ်အကြေးမရှိထသော။ တမောနုဒံ၊ အဝိဇ္ဇာ အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော။ မဂ္ဂေ-မဂ္ဂေသု၊ မင်္ဂလေးပါးတို့၌ငင်း။ ဖလေသု၊ ဖိုလ်လေးပါးတို့၌ငင်း။ တိဋ္ဌန္တံ၊ ရသော အားဖြင့်တည်သော။ သံယံ၊ အရိယာသံဃာတော်ကို။ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။

(၄၂)ပေဋကော ပဒေသအဋ္ဌကထာ ပဏာမ (၃)ဂါထာ

၁။ ဘဝစက္ကံ သမုဿိဒံ၊ သာမံ ပရံ ဆိဒေကရံ။
ဗုဒ္ဓံ ဝန္ဒာမိ ဒိန္နေတံ၊ ပရတော ယောသပစ္စယံ။

၂။ ဗုဒ္ဓဉ္ဉေယျံ ဘဝစ္ဆေဒံ၊ စတုမဂ္ဂံ စတုဖလံ။
နိဗ္ဗာနံ နဝဓာဓေမ့ံ၊ လောကာ ဝန္ဒာမိ ဥတ္တရံ။

၃။ မဂ္ဂေ ဖလေသု တိဋ္ဌန္တံ၊ ပစ္စတ္တံ ရိယသာဝကံ။
သံယံ ဝန္ဒာမိ ဆိန္နေတံ၊ ဘဝစက္ကာရနေမိကံ။

အဟံ-ငါသည် သာမံ-ကိုယ်တော်တိုင်၊ ဘဝစက္ကံ-ဘဝယွက်စပ်၊ စက်ရဟတ်ကို၊ သမုဿိဒံ-ဖျက်တော်မူတတ်ထသော၊ ပရံ ပရဉ္စ-သူတစ်ပါးကိုလည်း၊ ဘဝစက္ကံ-ဘဝယွက်စပ် စက်ရဟတ်ကို၊ ဆိဒေကရံ-ဖျက်စေတော်မူတတ်ထသော၊ ပရတောယောသပစ္စယံ-ပရတောယောသ ပစ္စည်းကို၊ ဒိန္နေတံ-ပေးတော်မူတတ်ထသော၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ဝန္ဒာမိ-ရှိခိုးပါ၏။

http://www.dhammadownload.com

အဟံ-ငါသည်၊ ဗုဒ္ဓဥေယျ-မြတ်စွာဘုရားတို့သည် သိအပ်တော်မူထသော၊ ဘဝစ္ဆေဒံ-သုံးဘဝလုံး အဆုံးပြတ်တော်မူထသော၊ စတုမဂ္ဂံ-လေးပါးသောမဂ်၊ စတုပ္ဖလံ- လေးပါးသော ဖိုလ်၊ နိဗ္ဗာန်နိဗ္ဗာန်၊ ဣတိ-ဤသို့၊ နဝဓာ-နဝဝိဓံ-ကိုးပါးအပြားရှိသော၊ လောကာလောကမှ၊ ဥတ္တရံ-ထွက်မြောက်ထသော၊ ဓမ္မံ-တရားတော်မြတ်ကို၊ ဝန္ဒာမိ-ရှိခိုးပါ၏။

အဟံ-ငါသည်၊ မဂ္ဂေ-မဂ္ဂသု-မဂ်လေးပါးတို့၌၊ တိဋ္ဌန်-တည်တော်မူတတ်ထသော၊ ဖလေသု-ဖိုလ်လေးပါးတို့၌၊ တိဋ္ဌန်-တည်တော်မူတတ်ထသော၊ ပစ္စတ္တံ-အသီးသီး၊ အရိယသာဝကံ-အရိယာရှစ်ယောက် သာဝကမြောက်တော်မူတတ်ထသော၊ ဘဝစက္ကာရနေမိကံ-ဘဝယွက်စပ် စက်ရဟတ်၏ အကွက်အကွပ်ကို၊ ဆိန္နေတံ-ဖြတ်တော်မူတတ်ထသော၊ သံယံ -သံဃာတော်မြတ်ကို၊ ဝန္ဒာမိ-ရှိခိုးပါ၏။ *(မင်းကွန်း ဇေတဝန် ဆရာတော်ကြီး)*

(၄၃) ဝိသုဒ္ဓိမဂ် - ပဏာမဂါထာ

ဧဝံပုဗ္ဗေ ပနဿ သဗ္ဗဓမ္မေသု အပ္ပဋိဟတဉာဏစာရော ဒေဝဒေဝေါ သက္ကာနံအတိသက္ကော ဗြဟ္မာနံအတိဗြဟ္မာ စတုဝေသာရဇ္ဇဝိသာရဒေါ ဒသဗလဓရော အနာဝရဏဉာဏော သမန္တစက္ခု၊ ဘဂဝါ တမတ္ထံ ဝိဿဇ္ဇေန္တော-

သိလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော ဘိက္ခု သော ဣမံ ဝိဇဋယေ ဇဋံ၊ ဣတိ မာဟ။

ဝိသုဒ္ဓိမဂ် ပဏာမဂါထာ

ပန၊ အဖို့တပါးကို ပြဆိုဦးအံ့။ ဧဝံဣမိနာ၊ ဤသို့ဆိုခဲ့ပြီးသော 'အန္တော ဇဋာ ဗဟိဇဋာ။' စသော ဂါထာဖြင့်။ ပုဗ္ဗေ၊ နှတ်သားက

http://www.dhammadownload.com

မေးမြန်လျှောက်ထားအပ်သည်ဖြစ်ရကား။ သဗ္ဗဓမ္မေသု၊ အလုံးစုံသော ဥယျ- တရားတို့၌၊ အပွင့်ဟတဉာဏစာရော၊ အပိတ်အပင် အဆီး အတားမရှိ အတိအလင်း သိမြင်နိုင်သော ဉာဏ်ဟူသော သွားခြင်း ရှိတော်မူထသော။ ဒေဝဒေဝေါ၊ သမ္မုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိ နတ်တို့ထက်ထူးမြတ်သော နတ်မင်းကြီးဖြစ်တော်မူထသော။ သက္ကာနံ၊ သိကြားမင်း အပေါင်းတို့တက်။ အတိသက္ကော၊ သဗ္ဗညုတ ဆအသာ ဓာရဏာစသော ဂုဏ်တန်ဆာဖြင့် လွန်ကဲမြင့်မြတ်သော သိကြားမင်း ဖြစ်တော်မူထသော။ ပြဟ္မာနံ၊ ပြဟ္မာအပေါင်းတို့ထက်။ အတိ ပြဟ္မာ၊ရူပ နာမ ဂုဏ်နှစ်ဝဖြင့် ဆဆလွန်မြတ်သော ပြဟ္မာမင်းကြီး ဖြစ်တော်မူထသော။ စတုဝေသာရဇ္ဇဝိသာရဒေါ၊ ဝေသာရဇ္ဇ ဂုဏ်လေး ဝကြောင့် ကြောက်ရွံ့ ထိတ်လန့်ခြင်းကင်းလျက် ရဲရင့်တော် မူထသော။ ဒသဗလဓရော၊ ဌာနာဌာန ကောသလ္လဉာဏ်စသော ဆယ်ပါးသော ဉာဏ်တော်အားကို ဆောင်တော်မူထသော။ အနာဝရဏာဉာဏော၊ အလုံးစုံသော သိအပ်သမျှ ဥယျတရားတို့၌ အပိတ်အပင် ကင်းသဖြင့် ဟင်းလင်းသိမြင်နိုင်သော အနာဝရဏာဉာဏ်ရှိတော် မူထသော၊ သမန္တစက္ခု-အလုံးစုံသော သိအပ်သမျှ ဥယျ တရားတို့ကို ထက်ဝန်းကျင်မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ် မျက်စိရှိတော်မူသော။ ဘဂဝါ၊ ဘုန်းတော် ကြီးမား မြတ်စွာဘုရားသည်။ အဿ ဒေဝပုတ္တဿ၊ ဒေဝပုတ်သား အား။ တမတ္ထံ၊ ထိုမေးလျှောက်အပ်သော အနက် ပုစ္ဆာကို။ ဝိဿဇ္ဇေန္တော၊ ဖြေကြားတော် မူလိုသည်ဖြစ်၍။ သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။ အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋဉ်္စိ ဣမံ ဂါထံ-သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ၊ အာတာပီ နိပကော ဘိက္ခု၊ သော ဣ မံ ဝိဇဋယေ ဇဋံ -ဟူသော ဤအဖြေ ဂါထာကို။ အာဟ၊ ဟောတော်မူလေပြီ။

http://www.dhammadownload.com

သပညော- တိဟိတ် ပဋိသန် ကမ္မဇပညာ ဉာဏ်လည်း ရှိထသော၊ အာတာပီ - ကိလေသာ တို့ကို လွန်စွာလောင်မြိုက်တက်သော သမ္မပ္ပဓာန်လုလ္လ ဝီရိယလည်းရှိထသော၊ နိပကော - ရင့်ကျက်သော ပါရိဟာရိယ ပညာလည်းရှိထသော၊ နရော - သတ္တဝါဟုဆိုအပ်သော၊ သောဘိက္ခု-ထိုရဟန်းသည်၊ သိလေ-စတုပါရိ သုဒ္ဓိသိလ၌၊ ပတိဋ္ဌာယ တည်ပြီး၍၊ စိတ္တံ - စိတ်ကိုဌင်း(ဝါ) စိတ်ကိုပဓာနပြု၍ ဆိုအပ်သော သမာဓိကိုဌင်း၊ ပညဉ္စ - ဝိပဿနာ ပညာကိုဌင်း၊ ဘာဝယံ (ဘာဝယန္တော)- တဆင့် ထက်တဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ တိုးပွားစေလသော်၊ ဣမံဇဋံ-တွင်းပရှက်မြွေး တဏှာတည်း-ဟူသော၌ အရှုပ်အထွေးကို၊ ဝိဇဋယေ-ဖြေရှင်းစွမ်းနိုင်ရာ၏။

(မဟာဂန္ဓရုံ ဆရာတော်)

****

http://www.dhammadownload.com

(၄၄) ဇိနာလင်္ကာရအင်္ဂကထာ ပဏာမ(၄)ကါထာ

(၁) သုခဉ္စ ဒုက္ခံ သမတာယုပေက္ခံ၊
နေဝိစ္ဆိ ယော ကာမ-မကာမနိတံ။
အသခ်ိတံ သခ်ိတသမ္ဘဝံ ဘဝံ၊
ဟိတ္ဝာ ဂတော တံ သုဂတံ နမာမိ။

ယော သုဂတော၊ အကြင်သုဂတဂုဏ်ထူးဖြင့် ချီးကြူး အပ်ပါသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်။ သုခဉ္စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကိုလည်း။ (ဝါ)သုခဉ္စ၊ ခုနှစ်ရက်မျှ ဆိုင်းငံ့တွေ့ရှင် လက်ရမှန်စွာ ဆိုက်ရောက်လာမည့် စကြာသေဋ္ဌနင်းမင်း၏ချမ်းသာကိုလဲပဲ။ နေဝ ဣဿိ၊ ဆဲလွှာချမ်းမျှ မျှော်မှန်းဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူ။ ဒုက္ခဉ္စ၊ ဒုက္ခရစရိယာ ခြောက်နှစ်ကြာအောင် ခန္ဓာတော်နွမ်း ပင်ပန်းရခြင်း ဆင်းရဲ ဒုက္ခကိုလည်း။ (ဝါ) ဒုက္ခဉ္စ၊ လေးအသင်္ချေ သိန်းနေကမ္ဘာ ရှည်မြင့်ကြာအောင် ပါရမီစာဂစရိယတို့ကို ဖြစ်ရမျှားထွေ ဒုက္ခပေါင်းအသင်္ချေကိုလဲပဲ။ နေဝ ဣဿိ၊ ဆဲလွှာချမ်းမျှ မျှော်မှန်းဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူ။ သမတာယုပက္ခံ၊ မဖျိမပဋိပတ် အကျင့်မြတ်ဖြင့် ရအပ်မှန်စွာ အရဟတ္တဖိုလ်နှင့်ယှဉ်တဲ့ စတုတ္ထစျာန်ချမ်းသာ ဥပေက္ခာကိုလဲပဲ။ နေဝ ဣဿိ၊ ဆဲလွှာချမ်းမျှ မျှော်မှန်း ဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူ။

ကာမံ-ကာမနိတံ၊ ကာမတဏှာ ဆောင်ဆောင်တိုင်း ပါရသည့် သုံးရွာဘူမိ သမ္ပတ္တိချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။ အကာမနိတံ၊ ကာမစ္ဆန္ဒ အယုတ်ဓမ္မကို ဖြုတ်ချပယ်လှန် လက်ရောက်မှန်သည့် စျာန်နှင့်မဂ်ဖိုလ် ထိုထိုချမ်းသာ အမျိုးမျိုး ကိုလည်းကောင်း။ အသခ်ိတံ-အသခ်ိတသမ္ဘဝံ၊ အသခ်ိတဓာတ် ခေါ်တွင်မှတ်သား

http://www.dhammadownload.com

ပညတ်နိဗ္ဗာန် ဤနှစ်တန်ကြောင့် ခံစံဆိုက်ကပ် ရောက်အပ်ရထိုက်သော။ ဘဝံ၊ စျာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။ သန်တသမ္ဘဝံ၊ အဘိသခ်ါရ အမည်ရသား အပရိမေယျ ပုညမျိုးမှန် ပျိုးခဲ့ဖန်၍ ခံစံဆိုက်ကပ် ရောက်အပ်ရထိုက်သော။ ဘဝံ။ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။ ဟိတ္တာ၊ ကိုယ်မှထွေးဟက် တံထွေး ကွက်သို့ ရက်ရက်ကြီး စွန့်ခွါတော်မူ၍။ ဂတော၊ အနုပါဒိသေသ အမတကြင့်နိဗ္ဗာန်နန်းသို့ ကြွမြန်းဆိုက်ရောက်တော်မူခဲ့လေပြီ။

တံ သုဂတံ၊သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသုံးပါး ကာမနိတချမ်းသာ,အကာမနိတချမ်းသာ, သန်တ သမ္ဘဝချမ်းသာ, အသန်တ သမ္ဘဝချမ်းသာ-တည်းဟူသော ဝေဒယိတချမ်းသာတို့ကို ပယ်ခွါ စွန့်လွှတ်တော်မူ၍ အနုပါဒိသေသ အမတကြင့်နိဗ္ဗာန်းသို့ ကြွမြန်းဆိုက်ရောက်တော်မူသောကြောင့် သုဂတ-ဂုဏ်ထူးဖြင့် ချီးကြူးအပ်ငြားထိုမြတ်စွာဘုရားကို။ နမာမိ၊ ကိုယ်နှုတ်လုံး သုံးပါးပျော်ပျော့မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးညွတ်ပါ၏၊ မြတ်စွာဘုရား။ *(မင်းကွန်းတိပိဋကဓရ ဆရာတော်)*

(၂) ယဉ္စာနုဘုတ္တာ နဇရာမရာသုံ၊
ယေစာနုဘုတ္တာန နဇရာမရာသုံ၊
တံ တေ နမိတ္တာန ဂုဏာဇ္ဇဝဿ၊
ဝဏ္ဏာန ပူရေမိ မနဇ္ဇဝဿ၊

ဒေဝမနုဿာ၊ နတ်,လူ,ဗြဟ္မာ,သတ္တဝါတို့သည်။ ယံ၊ မဂ်ဖိုလ်နိဗ္ဗာန်အားဖြင့် ကိုးတန်သော အကြင်လောကုတ္တရာတရားကို။ အနုဘုတ္တာ၊ ဂေါစရာသေဝန ဘာဝနာ သေဝနအားဖြင့် မှီဝဲသုံးဆောင်ကြကုန်၍။ ဇရာမရာ၊ ရင့်ရော်အိုမင်း သေဆုံးကြ

http://www.dhammadownload.com

ရခြင်းသည်။ နအာသုံ၊ မဖြစ်ကြတော့ကုန်။ တံ ဓမ္မံ၊ ထိုလောကုတ္တရာတရား ကိုးပါးကို။ အဟံ၊ ငါသည်။ နမိတ္တာ-နမာမိ၊ ရှိခိုးပါ၏။ နမိတ္တာ၊ ရှိခိုးပြီး၍။ ယေ အရိယာ၊ အကြင်သူတော်စင် အရိယာပုဂ္ဂိုလ်တို့သည်။ တံ ဓမ္မံ၊ ထိုလောကုတ္တရာ တရားကိုးပါးကို။ အနုဘုတ္တာန၊ ဂေါစရာသေဝန ဘာဝနာသေဝနအားဖြင့် မှီဝဲသုံးဆောင်ကြကုန်၍။ အဇရာမရာ၊ မအို မသေကြကုန်သည်။ အာသုံ၊ ဖြစ်ကြကုန်ပြီ။ တေအရိယေ၊ ထိုသူတော်စင် အရိယာပုဂ္ဂိုလ်တို့ကို။ အဟံ၊ ငါသည်။ နမိတ္တာ-နမာမိ၊ ရှိခိုးပါ၏။ နမိတ္တာ၊ ရှိခိုးပြီး၍။ ဂုဏာဇ္ဈာဝသာ၊ သီလစသော ဂုဏ်တော်သမူဒ္ဓရာရှိသော။ အဿ ဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရား၏။ ဝဇ္ဈောန၊ ဘုရားဂုဏ်တို့ကို ထင်စွာပြရာဖြစ်သော ဇိနာလင်္ကာရ ကျမ်းဖြင့်။ သောတူနံ၊ ဘုရားဂုဏ်တို့ကို ကြားနာလိုသူတို့၏။ မနဇ္ဈာဝံ၊ ဘုရားဂုဏ်ကို ခံယူမည့် ကုသိုလ်စိတ်သမူဒ္ဓရာကို။ ပူရေမိ၊ ပြည့်စေပါအံ့သတည်း။

(၃) ဇိနေန္ဒြ မတ္ထောဘ သကုမ္ဘစာရိနိ၊
ဇိနောရသာနံ မုခပက်ဇာ လိနိ။။
သွရသတိ မေ မုခဂတ္ထေ ဂဇ္ဇိနိ၊
ရမတွ နာယာသာ သဒတ္ထ သူဒနိ။

ဇိနေန္ဒြ မတ္တောဘ သကုမ္ဘစာရိနိ၊ မာရ်ငါးပါးကို အောင်တော်မူပြီးသည်ဖြစ်၍ လောကသုံးပါး၌ အစိုးရတော်မူသော ရှစ်ပါးသော ပရိသတ်တို့၏ အလယ်၌ ရဲရင့်သည်ဖြစ်၍ အမုန်ယစ်သော ဆဒ္ဒန် ဆင်မင်းနှင့် တူတော်မူသော မြတ်စွာဘုရား၏ ပါးစောင်နှစ်ဘက်မှ ဆင်းသက်လျှောက်၍ အာသောက်ယိုစီးသော ဆင်မုန်နှင့်တူသော

http://www.dhammadownload.com

သူတစ်ပါးတို့၏ မာန်ယစ်ခြင်း စသည်ကို နှိပ်နင်းခြင်းငှါ စွမ်းနိုင်သော မကြောက်မရွံ့ လုံ့မစောက် ဟု ဆိုအပ်သော စကားတော် သံဌ ဖြစ်ခြင်း အလေ့ရှိထသော။ ဇနောရသာနံ၊ ငါးမာရ်အောင်မြင် သုံးလှူ.ရှင်၏ ရွှေရင်တော်နှစ် သားရင်းအစစ် ဖြစ်တော်မူကုန်သော အရှင်သာရိပုတ္တရာ အရှင်မဟာကဿပ အစရှိကုန်သော အရှင်မြတ်တို့၏။ မုခပက်ဇာလိနီ၊ ခံတွင်းတော် တည်းဟူသော ပုဏ္ဏာရိုက်ကြာတိုက်၌ ကောင်းစွာနေလျက် အနက်သဒ္ဒါ အရသာကို ကောင်းစွာယူဆောင်တတ်သည်ဖြစ်၍ ပကတိသောပုဏ္ဏာရိုက်ကြာတိုက်၌နေလျက် ပန်းရက် အရသာကို ယူဆောင်တတ်သော ပိတုန်းနှင့် တူသည် တမူလည်းဖြစ်ထသော။ ဂဗ္ဘိနီ၊ မြတ်စွာဘုရား၏ စကားတော်သံတည်းဟူသော နတ်ယောက်ျားနှင့် ပေါင်းမိခြင်းကြောင့် ယူအပ်သော နိယတ် နိတတ် အစရှိသော မြတ်သောအနက် တည်းဟူသော သားကောင်းရတနာဖွားခါနီးသော ကိုယ်ဝန်ရှိထသော။ သွရသတီ၊ သူရဿတီနတ်သမီး တည်းဟူသော ပိဋကတ်သုံးပုံသည်။ ဝါ၊ ပိဋကတ်သုံးပုံ တည်းဟူသော သူရဿတီနတ်သမီးသည်။ အနာယာသာ၊ ငြိုငြင် ပင်ပန်းခြင်း မရှိသည်ဖြစ်၍။ မေ၊ ငါ၏။ မုခဂဗ္ဘေ၊ ခံတွင်း တည်းဟူသော ပုဏ္ဏာရိုက်ကြာတိုက်၌။ ဝါ၊ ပုဏ္ဏာရိုက်ကြာတိုက်တည်းဟူသော ခံတွင်း၌။ သဒတ္ထသူဒနီ၊ မိမိ၏ နိယတ် နိတတ်အစရှိသော မြတ်သောအနက်-တည်းဟူသော ရွှေတုံးရွှေခဲသားရတနာကို ကောင်းစွာဖွားလျက်။ ရမတု မွေ့.လျော်ပါလှည့်။ *(ပြည်ဆရာတော်)*

http://www.dhammadownload.com

(၄) စိန္တာလက်ကာရ သဗ္ဗသဂ္ဂါဟကကထာ

ယော လောကတ္ထာယ ဗုဒ္ဓါ ဓနံ သုတာ ဘရိယာ အင် ဇိဝေ စဇိတ္တာ၊ ပူရေတ္တာ ပါရမိယော တိဒသ မနုပမေ ဗောဓိပက္ခိယဓမ္မေ။ ပတ္တာ ဗောဓိ ဝိသုဒ္ဓံ သကလဂုဏဒဒံ သေဋ္ဌဘူတော တိလောကေ၊ ကတ္တာ ဒုက္ခဿ အန္တံ ကတသုဘဇနတံ ဒုက္ခတော မောစယိတ္ထ။

(က) သုမေဓာဘဝ (ဟေတုအဝတ္ထာ)

ယော မဟာပုရိသော၊ ဓီပင်္ကရာ ထွဋ္ဌဘျာသနင်း ခြေတော်ရင်းဝယ် ဘုရားဖြစ်ရန် စိတ်ရည်သန်၍ ဆုပန်ပြီးရာ ထိုအခါ၌ နိယတဗျာဒိတ်ခပ်နှိပ်ခံရ "သုမေ-မည်ငြား ဘုရားအလောင်း အကြင်သူတော်ကောင်းသည်"။ လောကတ္ထာယ၊ လုံးစုံများစွာ သတ္တဝါတို့၏ စီးပွားချမ်းသာ များရန်အလို့ငှာ။ (အပရိမာဏာဘဝေ)တစ် နှစ် သုံးလေး ဂဏန်းရေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝ-လေးအသခ္ချေနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး။ ဓန+သုတ+ဘရိယာ+အင်္ဂ+ဇီဝေ၊ သက်မဲ့သက်ရှိ များဘိလှစွာ စီးပွားဥစ္စာတို့ကိုငှင်း + မိမိရင်သွေး အသက်ပေး၍ ချစ်သွေးဖြာစည် သည်းပွတ်နှင့် ပမာမှီရသည့် ဇာလီ ကဏ္ဍာဇိန်တို့ကဲ့သို့သော သားသမီးတို့ကိုငှင်း + မဒ္ဒီဒေဝီ တို့ကဲ့သို့သော ဇနီး မိဖုယားတို့ကိုငှင်း + မဟာသွေး -မဟာရည် ရာဇရုပ် ဂုဏ်အင်ညှိ၍ ဖြိုးစည်သပွါယ် မျက်စိစသော ကိုယ်အင်္ဂါကြီး ငယ်တို့ကိုငှင်း + လူဝယ်အမြတ် သတ်မှတ်တွင်ခေါ် ကိုယ်တော်၏ အသက်တော်တို့ကိုငှင်း။ စဇိတ္တာ၊ အလိုရှိအပ် ချဉ်းလာကပ်သည့် ယုတ်မြတ်မဟူ အလှူခံပုဂ္ဂိုလ် များထိုထိုအား သဗ္ဗညုဉာဏ် ရဖို့ရန်ဟု

http://www.dhammadownload.com

စိတ်သန်ရှေ့ပြေး သဒ္ဓါရှေး၍ လှူပေးတော်မူပြီးလျှင်။ ပါရမီယော တိဒသံ၊ ဒါန သီလ နေက္ခမ္မနှင့် ပညာ ဝီရိ ခန္တီ သစ္စာ အဓိဋ္ဌာန မေတ္တာ ပေက္ခာ ဆယ်ဖြာဖြစ်ငြား ပါရမီ (၁၀)ပါး + ဥပပါရမီ (၁၀)ပါး + ပရမတ္ထပါရမီ (၁၀)ပါးအားဖြင့် အပြား(၃၀)သော နိဗ္ဗာန်ရောက်ကြောင်း ပါရမီတော် အပေါင်းတို့ကို။ အနုပမေ၊ အများသူငါ သတ္တဝါတို့နှင့် နှိုင်းယှဉ်ဖွယ်ရာ ဥပမာမရှိအောင်။ ပူရေတွာ-ပူရေသိ၊ သဗ္ဗညုဉာဏ်ရဘို့ရန်ကို စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူး ဖြည့်ကျင့်တော်မူလေပြီ။

(ခ) သီဒွတ္ထဘဝ (ဖလအဝတ္ထာ)

ပူရေတွာ၊ သဗ္ဗညုဉာဏ် ရဖို့ရန်အတွက် ပါရမီသမ္ဘာရ အဝဝကို ဖြည့်ကျင့်ဆည်းပူး ပြည့်စုံတော်မူပြီးသော။ သော မဟာပုရိသော၊ သာကီယဇာတ် အမျိုးမြတ်မှ "သိဒ္ဓတ္ထခေါ်ငြား ဘုရားအလောင်း ထိုသူတော်ကောင်းသည်"။ ဗောဓိပက္ခိယဓမ္မ၊ ဗောဓိမည်ငြား မဂ်ဉာဏ်တရား၏ ရင့်ကျက်စေကြောင်း တရားကောင်း ဖြစ်ကုန်သော သတိပဋ္ဌာန် (၄)ပါး၊ သမ္မပ္ပဓာန် (၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါး ဣန္ဒြေ (၅)ပါး၊ ဗိုလ် (၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင် (၈)ပါး ဤသို့အားဖြင့် (၃၇)ပါးသော ဗောဓိပက္ခိယ တရားတို့ကို။ အနုပမေ၊ ကြွင်းကျန်ကုန်ငြား သတ္တဝါများနှင့် နှိုင်းယှဉ်ဖွယ်ရာ ဥပမာမရှိအောင်။ ပူရေတွာ ဘာဝေတွာ၊ သဗ္ဗညုဉာဏ် ရဖို့ရန်ကိုစိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးပွားများပြီးလျှင်။ သကလဂုဏာဒဒံ၊ ဒသဗလဉာဏ် စတုဝေသာ ရဇ္ဇဉာဏ် ဆအသာဓာရဏဉာဏ် စုဒ္ဒသဗုဒ္ဓဉာဏ် တဆယ့်ရှစ်တန် သော အာဝေဏိက ဗုဒ္ဓမ္မ စသော ရှိသမျှညဏ် အလုံးစုံသော

http://www.dhammadownload.com

ဗုဒ္ဓဂုဏ်ကို ပေးနိုင်ထသော။ ဝိသုဒ္ဓံ၊ ရာဂစသား ကိလေသာမြူများ မရှိရကား အထူးသဖြင့် စင်ကြယ်လှစွာသော။ ဗောဓိ၊ အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတညာဏ်ဟူ ဆိုအပ်သော သမ္မာသမ္ဗောဓိဉာဏ်ကို။ ပတွာ-ပတ္တာ အဓိဂတော၊ ပစ္စဝေက္ခဏာဇော စောကာလွယ်ကူ ရတော်မူပေပြီ၊ ပတွာ-ပါပုဏိတွာ၊ သဗ္ဗညုတ္တဝိဉာဏ် ရှင်မြတ်ဘုရား အဖြစ်သို့ ထင်ရှားစွာ ရောက်တော်မူသောကြောင့်။ တိလောကေ၊ ကာမရူပ အရူပဟူ လောကဓာတ်တိုက်ဘောင် ဘုံသုံးဆောင်၌။ သေဋ္ဌဘူတော၊ ဖြဟ္မာ နတ်လူ သုံးဘုံသူတို့တွင် မည်သူမျှ မယှဉ်အပ် ချီးမွမ်းအပ်သည့် အမြတ်ခေါင်မှူး ပုဂ္ဂိုလ်ထူးအဖြစ်သို့ ရောက်တော်မူပေပြီ။

(၈) ဘုရား (သတ္ထုပကာရာဝတ္ထာ)

သော ဗုဒ္ဓေါ၊ အာဒိစ္စဝံသ "ဂေါတမန္တွယ်ဖွား ထိုရှင်တော်မြတ် ဘုရားသည်"။ ကတ္တာ ဒုက္ခဿအန္တံ၊ ကိုယ်တော်မြတ်၏ ဝဋ်ဆင်းရဲဒုက္ခ ဟူသမျှကို အရဟတ္တမဂ် သယမ္ဘူစက်ဖြင့် ကုန်ခမ်းစေတော်မူပြီးလျှင်။ ကတသုဘဇနတံ၊ ရှေးဘုရားတို့ထံ၌ ကုသိုလ်ကံကို ပြုစီမံဖူးကုန်သော ဝေနေယျများစွာ သတ္တဝါတို့ကိုလည်း။ (ပဌစတ္တာလီသဝဿာနိ) လေးဆယ်ငါးဝါတို့ ကာလပတ်လုံး။ (ဓမ္မံ ဒေသေတွာ) နေ့လူ ညနတ် ပရိသတ်ကို ပြဿနာမေးဖြေ ဟောမိန့်ချွေလျက်၊ မနေရပ်နား တိုင်းတပါးနှင့် မိုးဖျားဘဝဂ် ဉာဏ်ကွန်ကြက်၍ စကြာဝဠာ တပါးသို့ပင် ကြွသွားတော်မူကာ အားကုန်မာန်တင်း ခြသေ့မင်းသို့ တွင်းပြင်မထား ဝါဒခြားလည်း ဆရာစားမချိန် ကောင်းသုံးတန်ဖြင့် နိဗ္ဗာန်ရရေး ချိန်မရွေးပဲ တိုက်ကျွေးဆုံးမလျက် သစ္စာလေးဖြာ တရားဒေသနာကို ကရုဏာထားကာ ဟောကြားပြသတော်မူ၍။ (နိဗ္ဗာနမဂ္ဂေ) ဘေးရန်

http://www.dhammadownload.com

ငြိမ်းကြောင်း နိဗ္ဗာန်ခရီးကောင်းဖြစ်သော ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်၌။ (ပတိဋ္ဌာပေတွာ) ကောင်းစွာမသွေ တည်စေပြီးလျှင်။ ဒုက္ခတော မောစယိတ္ထ၊ ဝဋ်ဆင်းရဲဒုက္ခ ဟူသမျှတို့မှ ကင်းလွတ်စေတော် မူပါပေပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဝစီသစ္စာ စကားကြောင့်။ မေ၊ ဘုရားဂုဏ်ကို စွဲမြဲထုံ၍ ယုံကြည်ပေငြား တပည့်တော်အား။ ဇယမင်္ဂလံ၊ နှစ်ဖြာတွင်းပြင် ဘေးရန်စင်၍ လိုအင်ဆန္ဒ ဟူသမျှလည်း ပြည့်ဝလျှင်စွာ စန်းသော်တာသို့ အောင်ရာအောင်ဆု အောင်ကြောင်း ပြုသည့် အောင်မှုဖြာဖြာ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ မြေကြီးလက်ခပ် ပုံနှုန်းအပ်သို့ ဆတ်ဆတ်မသွေ ဖြစ်ရပါစေသား မြတ်စွာဘုရား မြတ်စွာဘုရား။

(လှရတနာ ဆရာတော်)

(၄၅) မဟာဇာဓိဝံသအင်္ဂကထာ ပဏာမဂါထာ

ယဿ မူလေ နိသိန္နော၀၊ သဗ္ဗာရိဝိဇယံ အကာ။
ပတ္ထော သဗ္ဗညုတံ သတ္ထာ၊ ဝန္ဒေ တံ ဗောဓိပါဒပံ။

သတ္ထာ၊ လူ နတ်တို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်။ ယဿ၊ အကြင်ညောင်ပုဒ္ဓဟေ အောင်မြေသင်္ဃနင်း မဟာဗောဓိပင်မင်း၏။ မူလေ၀၊ အရင်းမှီး ကပ် အနီးအရပ်၌သာလျှင်။ နိသိန္နော၊ သီတင်းသုံးနေထိုင်တော်မူလျက်။ သဗ္ဗာရိဝိဇယံ၊ ဒေ၀ပုတ္တ,ကိလေသနှင့် အဘိသင်္ခါရမာရန် သုံးတန်ပြာထူ အလုံးစုံသော ရန်သူတို့ကို အောင်မြင်တော်မူခြင်းကို။ အကာ၊ ပြုတော်မူလေပြီ။ သဗ္ဗညုတံ၊ လုံးစုံအပြား သခ်္ခာအားဖြင့် ငါးပါးအမှန်

http://www.dhammadownload.com

ဥေ ယျမံတို့ကို အမှန်သိလစ် သဗ္ဗညုဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူလေပြီ။ တံ ဗောဓိပါဒပံ၊ ဘုရားရှင်၏ မိခင်အရာ ကောင်းစွာတည်လျှင်း ထိုမဟာဗောဓိပင်မင်းကို။ အဟံ၊ ဥပတိဿ နာမသမုတ် အကျွန်ုပ်သည်။ ဝန္ဒေ၊ သဒ္ဓါကြည် ညို ရိုသေမြတ်နိုး ရှိခိုးပါ၏။ (ဝါ) ခိုးမွမ်းပါ၏။

မစ္ဆိမနိကာယ် မစ္ဆိမပဏ္ဏာသ ဥပါလိသုတ်လာ
ဥပါလိဂါထာ (၁၀)ဂါထာ ဂုဏ်စတ်(၁၀၀)

ပထမဂါထာ ဂုဏ်တော် (၁၀)ပါး

၁။ ဗီရဿ ဝိဂတမောဟဿ၊
ပဘိန္နဗီလဿ ဝိဇိတဝိဇယဿ၊
အနီယဿ သုသမစိတ္တဿ၊
ဝုဒ္ဓသီလဿ သာဓုပညဿ၊
ဝေသမန္တရဿ ဝိမလဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ၊

ဤ (၁) နံပါတ်ဂါထာဖြင့် ဥပါလိသူ ကြွယ်သည်(၁)ဗီရဂုဏ် (၂)ဝိဂတမောဟဂုဏ် (၃)ပဘိန္နဗီလဂုဏ် (၄)ဝိဇိတဝိဇယဂုဏ် (၅)အနီယဂုဏ် (၆)သုသမစိတ္တဂုဏ် (၇)ဝုဒ္ဓသီလဂုဏ် (၈)သာဓုပညဂုဏ် (၉)ဝေသမန္တရဂုဏ် (၁၀)ဝိမလဂုဏ် အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်(၁၀)ပါးတို့ကို ပြသည်။

၁။ အဟံ အကျွန်ုပ်သည် (၁)ဗီရဿ၊ ခန္ဓာအာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ ကျွမ်းကျင်လိမ္မာ သော ပညာရှိတော်မူသော။ (၂)ဝိဂတမောဟဿ၊ တွေဝေခြင်းမောဟ ကင်းဝေးတော်မူပြီးသော။

http://www.dhammadownload.com

(၃)ပသိန္နဒိလဿ၊ ကြောင့် တံသင်း ငါးခင်းတို့ကို ဖျက်ဆီးတော်မူပြီးသော။ (၄)ဝိဇိတ ဝိဇယဿ၊ ဒေဝပုတ္တစသား မာရ်ငါးပါးတို့ကို အောင်ပြီးသော အောင်ပွဲရှိတော်မူသော။ (၅)အနိယဿ၊ ကိလေသာဆင်းရဲ အကျိုးဝိပါတ် ဆင်းရဲအားဖြင့် ဆင်းရဲဒုက္ခ နှစ်မျိုးတို့မှ ကင်းဝေးတော်မူပြီးသော။ (၆)သုသမစိတ္တဿ၊ ဒေဝဒတ်ရဟန်း နာဠာဂိရိ ဆင်အင်္ဂုလိမာလ ခေးပြ ရာဟုလာ အစရှိကုန်သော နတ်လူတို့၌ ကောင်းမွန်ညီမျှသောစိတ်ရှိတော်မူသော။ (၇) ဝုဒ္ဓသီလဿ၊ ကြီးပွားသောအကျင့်သီလ အာစာရရှိတော်မူသော။ (၈)သာဓုပညဿ၊ ကောင်းမြတ်သော ပညာရှိတော်မူသော။(၉)ဝေသမန္တရဿ၊ မည်မည္ဆတ်သော ရာဂစသော ဝိသမကို ကူးမြောက်တော်မူပြီးသော (၀၊)ရာဂအစရှိသော အဆိပ်ကို လွန်မြောက်တော်မူပြီးသော။ (၁၀)ဝိမလ ရာဂစသော အညစ်အကြေးမှ ကင်းဝေးတော်မူပြီးသော။ တဿဘဂဝတော ဂုဏ်တော်ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားသည်။ အသို့၊ ဖြစ်ပါပေ၏။

ဒုတိယဂါထာ ဂုဏ်တော်(၁၀)ပါး

၂။ အကထံကထီဿ တုသိတဿ၊
ဝန္ဆလောကာမိသဿ မုဒိတဿ။
ကတဝိမဂ်ဿ မနုဇဿ၊
အန္ဆိမသာရီရုဿ နုရဿ။
အနောပမဿ ဝိရဇဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

http://www.dhammadownload.com

ဤ(၂)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွေယ်သည် (၁)အကထံကထီဂုဏ် (၂)တုသိတဂုဏ် (၃)ဝန္တလောကာမိသဂုဏ် (၄)မုဒိတဂုဏ် (၅)ကတသမဏဂုဏ် (၆)မနုဇဂုဏ် (၇) အန္တိမသာရီရဂုဏ် (၈) နရဂုဏ် (၉) အနောပမဂုဏ် (၁၀) ဝိရဇဂုဏ်အား ဖြင့် ဘုရားရှင်၏ ဂုဏ်တော်(၁၀)ပါးတို့ကို ပြသည်။

(၂) အဟံ၊ အက္ခါနုံပသည် (၁၁)အကထံကထိသ သို့လော သို့လော ယုံမှားတွေးတောခြင်းရှိတော်မမူသော။ (၁၂) တုသိတသ သနားခြင်းကရုဏာ၏ အစွမ်းဖြင့် နှစ်သက်သောစိတ်ရှိတော်မူသော (၁၃) ဝန္တလောကာမိ သဿလောကသားတို့တပ်မက်အပ်ရာ ကာမဂုဏ်ငါးဖြာတို့ကို ထွေးအန်ပျို့အန်တော်မူပြီးသော (၁၅)မုဒိတသ မုဒိတာဖြင့် ဝမ်းမြောက်ခြင်းရှိတော်မူသော (၁၅)ကတသမဏသ ပြုအပ်ပြီးသော ရဟန်း တရားရှိတော်မူသော (၁၆)မနုဇသ တလောကလုံးကိုလွှမ်းမိုး၍တည်သော လူတွင်ထူးကဲ တစ်ယောက်တည်းသာ ဖြစ်တော်မူ သော (၁၇) အန္တိမသာရီရသ နောက်ဆုံးဘဝကိုယ်ကာယကို ဆောင်တော်မူသော (၁၈) နရသ သံသရာ ဝဋ်ဆင်းရဲမှ နိဗ္ဗာန်ချမ်းသာသို့ ပို့ဆောင်တော်မူတတ်သော (၁၉) အနောပမသ၊ ခိုင်းနှိုင်းစရာ ဥပမာရှိတော် မမူသော။ (၂၀)ဝိရဇသ ရာဂစသော ကိလေသာ မြူမှုန်းအညစ်အကြေးမှ ကင်းဝေးတော်မူပြီးသော။ တသ ဘဂဝတော၊ ဂုဏ်တော်ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားသည်။ အသို့၊ ဖြစ်ပါပေ၏။

http://www.dhammadownload.com

တတိယဂါထာ ဂုဏ်တော်(၁၀)ပါး

၃။ **အသံသယဿ ကုသလဿ၊**
ဝေနယိကဿ သာရထိဝရဿ။
အနုတ္တရဿ ရုစိရမမ္မဿ၊
နိက္ကွေဒ်ဿ ပဘာသကဿ။
မာနစ္ဆိဒဿ ဝီရဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

ဤ(၃)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွယ်သည် (၁)အသံသယဂုဏ် (၂)ကုသလဂုဏ် (၃) ဝေနယိကဂုဏ်(၄) သာရထိဝရဂုဏ်(၅) အနုတ္တရဂုဏ်(၆) ရုစိရမမ္မဂုဏ်(၇)နိက္ကေဒ်ဂုဏ်(၈) ပဘာသကဂုဏ်(၉) မာနစ္ဆိဒဂုဏ်(၁၀) ဝီရဂုဏ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်(၁၀)ပါးကို ပြပါသည်။

၃။ အဟံ၊ အက္ခန်ုပ်(၂၁)အသံသယဿ၊ ယုံအားခြင်း ကင်းတော်မူသော။ (၂၂) ကုသလဿ၊ လိမ္မာ ယဉ်ကျေးတော်မူသော၊ (၂၃) ဝေနယိကဿ၊ သတ္တဝါတို့ကို ဆုံးမလျက် ရှေ့သွားခေါင်းဆောင်တဆူ ဖြစ်တော် မူသော။ (၂၄) သာရထိဝရဿ၊ မြတ်သောရထားထိန်းနှင့် တူတော်မူသော။ (၂၅) အနုတ္တရဿ၊ မိမိထက်သာလွန်သူ တန်းတူသူ မရှိ၍ အတုမဲ့ဖြစ်တော်မူသော။ (၂၆) ရုစိရမမ္မဿ၊ စင်ကြယ်သော တရားရှိ တော်မူသော။ (၂၇)နိက္ကန်ဿ၊ ယုံမှားခြင်း မရှိတော်မူသော (၂၈) ပဘာသကဿ၊ ပညာရောင်ဖြင့် ထွန်းပြောင် တောက်ပတော်မူပြီးသော။ (၂၉) မာနစ္ဆိဒဿ၊ သေယျမာန်စသော မာန်ကိုးပါးကို ကုန်စင်အောင် ဖြတ်တောက် မူပြီးသော။ (၃၀) ဝီရဿ၊ လုံ့လဝီရိယ

http://www.dhammadownload.com

ရှိတော်မူသော။ တသဘဝတော၊ ဂုဏ်တော်ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားသည်။ အသို့၊ ဖြစ်ပါပေ၏။

စတုတ္ထဂါထာ - ဂုဏ်တော်(၁၀)ပါး

၄။ နိသဘဿ အပ္ပမေယျဿ၊
ဂမ္ဘီရဿ မောနပတ္ထဿ။
ခေမင်္ကရဿ ဝေဒဿ၊
ဓမ္မဋ္ဌဿ သံဝုတတ္တဿ။
သဂ်ိတိဂဿ မုတ္တဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

ဤ(၄)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွေယ်သည် (၁)နိသဘဂုဏ် (၂)အပ္ပမေယျဂုဏ် (၃)ဂမ္ဘီရဂုဏ် (၄)မောနပတ္တဂုဏ် (၅)ခေမင်္ကရဂုဏ် (၆)ဝေဒဂုဏ် (၇)ဓမ္မဋ္ဌဂုဏ် (၈)သံဝုတတ္တဂုဏ် (၉)သဂ်ီတိဂဂုဏ် (၁၀)မုတ္တဂုဏ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်(၁၀)ပါးကို ပြသည်။

၄။ အဟံ၊ အကျွန်ုပ်သည် (၃၁)နိသဘဿ၊ ဥသဘ ဝသဘ တို့ထက်မြတ်သော နိသဘဖြစ်၍ ရဲရင့်သူ တို့တွင် ပြိုင်ဖက်ကင်းတော်မူသော။ (၃၂) အပ္ပမေယျဿ၊ နိုင်းယှဉ်အပ်သောသူ ရှိတော်မမူသော။ (၀၁) မရေတွက်နိုင်သော ဂုဏ်တော်ရှိတော်မူသော။ (၃၃)ဂမ္ဘီရဿ၊ နက်နဲသော ဂုဏ်တော်ရှိတော်မူသော (၀၁)သီလစသား ဂုဏ်တော်များဖြင့် လေးနက်တော်မူသော။ (၃၄)မောနပတ္တဿ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူပြီးသော။ (၃၅)ခေမင်္ကရဿ၊ ဘေးမဲ့ဘေးကင်းခြင်းကို ပြုတော်မူသော။

http://www.dhammadownload.com

(၃၆)ဝေဒဿ၊ ပညာဉာဏ်နှင့် ပြည့်စုံတော်မူပြီးသော။ (၃၇) ဓမ္မဋ္ဌဿ၊ တရားအပေါင်း၌ ကောင်းစွာ တည်တော်မူသော။ (၃၈) သံဝုတတ္တဿ၊ မကောင်းမှုကို ပိတ်ပင်အပ်ပြီးသော သဘောရှိတော်မူသော။ (၃၉)သင်္ဂီတိဂဿ၊ တပ်မက်မှုရာဂစသော ကပ်ငြိခြင်းကို လွန်မြောက်တော်မူပြီးသော။ (၄၀) မုတ္တဿ၊ ကိလေသာ အကုသိုလ်ရန်အပေါင်းမှ ကောင်းကောင်းကြီး လွတ်ကင်းတော်မူပြီးသော။တဿ ဘဂဝတော၊ ဂုဏ်တော်ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားသည်။ အသို့၊ ဖြစ်ပါပေ၏။

ပဋ္ဌမဂါထာ - ဂုဏ်တော်(၁၀)ပါး

၅။ နာဂဿ ပဋ္ဌသေနဿ၊
ဒီဃာသံယောဇနဿ မုတ္တဿ၊
ပဒီမဋ္ဌကဿ ဓောနဿ၊
ပန္နဓဇဿ ဝီတရာဂဿ၊
ဒန္တဿ နိပ္ပပဉ္စဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ၊

ဤ(၅)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွေယ်သည် (၁)နာဂဂုဏ်၊ (၂)ပဋ္ဌသေနဂုဏ်၊ (၃) ဒီဃာသံယောဇနဂုဏ်၊ (၄)မုတ္တဂုဏ်၊ (၅)ပဒီမဋ္ဌကဂုဏ်၊ (၆) ဓောနဂုဏ်၊ (၇) ပန္နဓဇဂုဏ်၊ (၈)ဝီတရာဂဂုဏ်၊ (၉) ဒန္တဂုဏ်၊ (၁၀)နိပ္ပပဉ္စ ဂုဏ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်(၁၀)ပါးကို ပြသသည်။

၅။ အဟံ၊ အက္ခန်ပ်သည် (၄၁)နာဂဿ၊ မကောင်းမှုအကုသိုလ်ကို မပြုခြင်းစသား အကြောင်းလေးပါးတို့ဖြင့် နာဂအမည်ရတော်မူသော။

http://www.dhammadownload.com

(၄၂)ပန္ထသေနဿ၊ ဆိတ်ငြိမ်သောကျောင်းနေရာ၌သာ နေတော်မူသော။ (၄၃)ခီဏာသံယောဇနဿ၊ ကုန်ခမ်းပြီးသော သံယောဇဉ်ရှိတော်မူသော။ (၄၄)မုတ္တဿ၊ ခပ်သိမ်းသော ဝဋ်ဆင်းရဲ ဘုံဘဝဂတိတို့မှ လွတ်တော်မူပြီးသော။ (၄၅)ပဋိမန္ထကဿ၊ ဆန့်ကျင်ဖက် အယူဝါဒအားလုံးကို တုံ့ပြန်ဆွေးနွေးနိုင်သော ပဋိမန္ထနပညာနှင့် ပြည့်စုံတော်မူသော။ (၄၆)ဓောနဿ၊ ကိလေသာကို ခါတွက်ဖွပ်လျော်နိုင်သော ပညာရှိတော်မူသော။(၄၇)ပန္နဓဇဿ၊ ချထားအပ်ပြီးသော မာန်တံခွန်ရှိတော်မူသော။(၄၈)ဝီတရာဂဿ၊ တပ်မက်ခြင်းရာဂ ကင်းတော်မူပြီးသော။(၄၉)ဒန္တဿ၊ ကိုယ်နုတ်စိတ်အားဖြင့် ယဉ်ကျေးတော်မူပြီးသော။ (၅၀)နိပ္ပပဉ္စဿ၊ သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စတရား ငါးပါးတို့ကို ပယ်ရှား တော်မူပြီးသော။ တဿဘဂဝတော၊ ဂုဏ်တော်ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားသည်။ အသ္မိ၊ ဖြစ်ပါပေ၏။

ဆဋ္ဌဂါထာ - ဂုဏ်တော်(၁၀)ပါး

၆။ ကိလေသတ္ထမဿ အကုဟဿ၊
တေဝိဇ္ဇဿ ဗြဟ္မပတ္ထဿ။
နှာတကဿ ပဒကဿ၊
ပဿဒ္ဓဿ ဝိဒိတဝေဒဿ။
ပုရိန္ဒဒဿ သက္ကဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

ဤ(၆)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွယ်သည် (၁)ကိလေသတ္ထမဂုဏ်၊ (၂)အကုဟဂုဏ်၊ (၃)တေဝိဇ္ဇဂုဏ်၊ (၄)ဗြဟ္မပတ္ထဂုဏ်၊

http://www.dhammadownload.com

(၅)နှာတကဂုဏ်၊(၆)ပဒကဂုဏ်၊ (၇)ပဿဒ္ဓဂုဏ်၊(၈) ဝိဒိတဝေဒဂုဏ်၊ (၉)ပုရိန္ဒဒဂုဏ်၊ (၁၀)သက္ကဂုဏ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်(၁၀) ပါးကို ပြသည်။

၆။ အဟံ၊ အက္ခေန်ပ်သည် (၅၁)ကသိသတ္တမဿ၊ ဝိပဿီစသော ဘုရားရှင်တို့တွင် ခုနှစ်ဆူမြောက် ဖြစ်တော်မူသော။ (၅၂)အကုဟဿ၊ ဝါကြွားခြင်း ကောက်ကျစ်စဉ်းလဲခြင်းမှ ကင်းဝေးတော်မူသော။ (၅၃)တေဝိဇ္ဇဿ၊ ပု-ဒိ-အာဟူသော ဝိဇ္ဇာဂုဏ်သုံးပါးနှင့် ပြည့်စုံတော်မူသော။ (၅၄)ပြဟ္မပတ္တဿ၊ မြတ်သော သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူသော။ (၅၅)နှာတကဿ၊ ကိလေသာ အညစ်အကြေးကို ဆေးကြောသုတ်သင်တော်မူပြီးသော။ (၅၆)ပဒကဿ၊ အက္ခရာပုဒ်ဗျည်းတို့ကို ပေါင်းစည်းဖွဲ့ဆိုခြင်း ဂါထာဖွဲ့ခြင်း၌ ကျွမ်းကျင်လိမ္မာတော်မူသော။ (၅၇)ပဿဒ္ဓဿ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးတော်မူပြီးသော။ (၅၈)ဝိဒိတ ဝေဒဿ၊ သိအပ်သော ဉာဏ်အမြင်ရှိတော်မူသော။(၅၉)ပုရိန္ဒဒဿ၊ တရားအလှူကို ရှေးဦးစွာ ပေးလှူတော်မူတတ်သော။ (၆၀)သက္ကဿ၊ သူတပါးတို့ မစွမ်းဆောင်နိုင်သည်ကို စွမ်းဆောင်တော်မူနိုင်ထသော (ဝါ)သည်းခံ နိုင်ခဲသည်ကို သည်းခံနိုင် စွမ်းရှိတော်မူသော။တဿ ဘဂဝတော၊ ဘုရားရှင်၏ ဂုဏ်တော် ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့် သားသည်။ အသို့၊ ဖြစ်ပါပေ၏။

http://www.dhammadownload.com

သတ္တမဂါထာ - ဂုဏ်တော်(၁၀)ပါး

၇။ အရိယသဿ ဘာဝိတတ္တဿ၊
ပတ္တိပတ္တဿ ဝေယျာကရဏဿ။
သတိမတော ဝိပဿိဿ၊
အနဘိနတဿ နော အပနတဿ။
အနေဇဿ ဝသိပ္ပတ္တဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

ဤ(၇)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွေယ်သည် (၁)အရိယဂုဏ်၊ (၂)ဘာဝိတတ္တဂုဏ်၊ (၃)ပတ္တိပတ္တဂုဏ်၊ (၄)ဝေယျာကရဏဂုဏ်၊ (၅)သတိမန္တဂုဏ်၊ (၆)ဝိပဿီဂုဏ်၊ (၇)အနဘိနတဂုဏ်၊ (၈)နော အပနတဂုဏ်၊ (၉)အနေဇဂုဏ်၊ (၁၀)ဝသိပ္ပတ္တဂုဏ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်(၁၀)ပါးကို ပြသည်။

၇။ အဟံ၊ အက္ခေန့ပ်သည် (၆၁)အရိယဿ၊ ကိလေသာ အညစ်အကြေးမှ ကင်းဝေစင်ကြယ်သဖြင့် သူမြတ်ဖြစ်တော်မူသော။(၆၂)ဘာဝိတတ္တဿ၊ ပွားများအပ်ပြီးသော စိတ်နှလုံးရှိတော်မူသော။(၆၃)ပတ္တိပတ္တဿရောက်အပ်ရအပ်သော ဘုရားဂုဏ်တော်တို့ကို ရောက်တော်ရတော်မူပြီးသော။(၆၄)ဝေယျာကရဏဿ၊ အနက်အဓိပ္ပါယ်သဘာဝတို့ကို အကျယ်ချဲ့၍ ဟောကြားပြတော် မူသော။(၆၅)သတိမတော၊ အမှတ်သတိ ရှိတော်မူသော။(၆၆)ဝိပဿိဿ၊ ထူးသောဉာဏ်ဖြင့် ရှုမြင်တော်မူတတ်သော။(၆၇)အနဘိနတဿ၊ ကာမဂုဏ်အာရုံတို့၌ ညွတ်ကိုင်းခြင်းရှိတော် မူသော။(၆၈)နော အပနတဿ၊ ပြစ်မှားခြင်း ဒေါသကင်းတော် မူသော။(၆၉)အနေဇဿ၊ လိုချင်တပ်မက်ခြင်း တဏှာလောဘမှ ကင်းဝေးတော်မူသော။(၇၀)ဝသိပ္ပတ္တဿ၊

http://www.dhammadownload.com

စိတ်တန်ခိုးရှိသည့် ဝသီဘော်သို့-ရောက်တော်မူပြီးသော။ တဿ ဘဂဝတော၊ ဂုဏ်တော် ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားသည်။ အသို့၊ ဖြစ်ပါပေ၏။

အဌမဂါထာ - ဂုဏ်တော်(၁၀)ပါး

၈။ သမုဂ္ဂတဿ စျာယိဿ၊
အနနုဂတန္တရဿ သုဒ္ဓဿ။
အသိတဿ ဟိတဿ၊
ပဝိဝိတ္တဿ အဂ္ဂပ္ပတ္တဿ။
တိဏ္ဏာဿ တာရယန္တဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

ဤ(၈)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွေယ်သည် (၁)သမုဂ္ဂတဂုဏ်၊ (၂)စျာယိဂုဏ်၊ (၃)အနနုဂတန္တရဂုဏ်၊ (၄)သုဒ္ဓဂုဏ်၊ (၅)အသိတဂုဏ်၊ (၆)ဟိတဂုဏ်၊ (၇)ပဝိဝိတ္တဂုဏ်၊ (၈)အဂ္ဂပ္ပတ္တဂုဏ်၊ (၉)တိဏ္ဏာဂုဏ် (၁၀)တာရ ယန္တဂုဏ်အား-ဖြင့် ဘုရား-ရှင်၏ ဂုဏ်တော်(၁၀)ပါးကို ပြသည်။

၈။ အဟံ၊ အက္ခန်ပ်သည် (၇၁)သမုဂ္ဂတဿ၊ ကောင်းစွာထင်ရှား ကျော်ကြား-တော်မူသော။(၇၂)စျာယိဿ၊ မကောင်းမှုကို လောင်မြိုက် စေတတ်သော စျာန်တရား-ကို ဝင်စား-တော်မူလေ့ရှိသော။(၇၃)အန နုဂတန္တရဿ၊ ကိလေသာတို့သို့ အစဉ်မလိုက်သော စိတ်ရှိတော်မူသော။ (၇၄)သုဒ္ဓဿ၊ ကိလေသာ အညစ်အကြေး-တို့မှ လုံးဝစင်ကြယ်တော်မူသော။(၇၅)အသိတဿ၊ တဏှာစသော ကိလေသာ နှောင်ဖွဲ့-ခြင်း မရှိသော။ (၇၆)ဟိတဿ လူနတ်ငြဟ္မာ သတ္တဝါတို့၏ အကျိုး-စီးပွား-ကို

http://www.dhammadownload.com

ပြုတတ်ဆောင်တော်မူတတ်သော။(၇၇)ပဝိဝိတ္တာသ၊ ကိလေသာတို့မှ ကင်းဆိတ်တော်မူသော (၀၊)ဆိတ်ငြိမ်ရာအရပ်၌ နေတော်မူသော။ (၇၈)အဂ္ဂပ္ပတ္တာသ၊ အထွဋ်အထိပ်ဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးသော။(၇၉)တိဏ္ဏာသ၊ သံသရာဝဋ်ဆင်းရဲမှ ကိုယ်တိုင် ကူးမြောက်တော် မူပြီးသော။(၈၀)တာရယန္တာသ၊ ဝေနေယျသတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ ကူးမြောက်စေတော်မူသော။ တသဘာဂဝတော၊ ဂုဏ်တော်ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားသည်။ အသ္မိ၊ ဖြစ်ပါပေ၏။

နဝမဂါထာ - ဂုဏ်တော်(၁၀)ပါး

၉။ သန္တသ ဘူရိပညသ၊
မဟာပညသ ဝီတလောဘသ။
တထာဂတသ သုဂတသ၊
အပ္ပဋိပုဂ္ဂလသ အသမသ။
ဝိသာရဒသ နိပုဏသ၊
ဘဂဝတော တသ သာဝကောဟ မသ္မိ။

ဤ(၉)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွေယ်သည် (၁)သန္တဂုဏ်၊ (၂)ဘူရိပညဂုဏ်၊ (၃)မဟာပညဂုဏ်၊ (၄)ဝီတလောဘဂုဏ်၊ (၅)တထာဂတဂုဏ်၊ (၆)သုဂတဂုဏ်၊ (၇)အပ္ပဋိပုဂ္ဂလဂုဏ်၊ (၈)အသမဂုဏ်၊ (၉)ဝိသာရဒဂုဏ်၊ (၁၀)နိပုဏဂုဏ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော် (၁၀)ပါးကို ပြသည်။

၉။ အဟံ၊ အက္ချန်ပ်သည် (၈၁)သန္တာသ၊ ငြိမ်သက်သော ဣန္ဒြေရှိတော်မူသော(၀၊)ငြိမ်းအေးသော စိတ်နှလုံးရှိတော်မူသော။

http://www.dhammadownload.com

(၈၂)ဘူရိပညဿ၊ မြေကြီးပမာ ကြီးကျယ်သော ပညာရှိတော်မူသော။
(၈၃)မဟာ ပညဿ၊ များမြတ်သော ပညာရှိတော်မူသော။
(၈၄)ဝိတလောဘဿ၊ တဏှာလောဘမှ ကင်းဝေးတော်မူပြီးသော။
(၈၅)တထာဂတဿ၊ ရွေးဘုရားရှင်တို့နှင့်တူစွာ လာခြင်းဖြစ်ခြင်း ရှိတော်မူသော။(၈၆)သုဂတဿ၊ ကောင်းသောစကား ကိုသာ ဆိုသင့်ရာအခါ၌ ပြောဆိုတော်မူတတ်သော။(၈၇)အပ္ပဋိပုဂ္ဂလဿ၊ တုဖက်ကင်းပြီး တဦးတည်းသော အတုမဲ့ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော။
(၈၈)အသမဿ၊ ပြိုင်ဘက်ကင်းသဖြင့် အတူပုဂ္ဂိုလ်ရှိတော်မမူထသော။
(၈၉)ဝိသာရဒဿ၊ ကသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်တော်မူသော။
(၉၀)နိပုဏဿ၊ သိမ်မွေ့သော ပညာရှိတော် မူသော။တဿ ဘဂဝတော၊ ဂုဏ်တော်ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။
သာဝကော၊ တပည့်သားသည်၊ အသို့ဖြစ်ပါပေ၏။

ဒသမဂါထာ - ဂုဏ်တော်(၁၀)ပါး

၁၀။ တဏှာဆိဒဿ ဗုဒ္ဓဿ၊
ဝိတဓူမဿ အနုပလိတ္တဿ၊
အာဟုနေယျဿ ယက္ခဿ၊
ဥတ္တမပုဂ္ဂလဿ အတုလဿ၊
မဟတော ယသဂ္ဂပတ္တဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ၊

ဤ(၁၀)နံပါတ်ဂါထာဖြင့် ဥပါလိသူကြွယ်သည် (၁)တဏှာဆိဒဂုဏ်၊ (၂)ဗုဒ္ဓဂုဏ်၊ (၃)ဝိတဓူမဂုဏ်၊ (၄)အနုပလိတ္တဂုဏ်၊ (၅)အာဟုနေယျဂုဏ်၊ (၆)ယက္ခဂုဏ်၊ (၇)ဥတ္တမပုဂ္ဂလဂုဏ်၊ (၈)အတုလဂုဏ်၊

http://www.dhammadownload.com

(၉)မဟန္တဂုဏ်၊ (၁၀)ယသဂ္ဂပတ္တဂုဏ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော် (၁၀)ပါးကို ပြသည်။

၁၀။ အဟံ အက္ခါနုပ်သည် (၉၁)တဏှာစ္ဆိဒဿ၊ တဏှာလောဘကို ဖြတ်တောက်တော်မူပြီးသော။ (၉၂)ဗုဒ္ဓဿ၊ ဥေယျဓမ်တရား ငါးပါးတို့ကို သိတော်မူပြီးသော။ (၉၃)ဝိတမူလဿ၊ ကိလေသာအပူ အခိုးအငွေ့မှ ကင်းတော်မူပြီးသော။ (၉၄)အနုပလိတ္တဿ၊ တဏှာဒိဋ္ဌိ ကိလေသာ မြူတို့ဖြင့် မလိမ်းကျံအပ်သော။ (၉၅)အာဟုနေယျဿ၊ အရပ်အဝေးမှ ဆောင်ယူ၍ လှူအပ်သော အလှူကို ခံယူတော်မူထိုက်သော။ (၉၆)ယက္ခဿ၊ တန်ခိုးအာနုဘော်ကို ပြတော်မူသော (၀ါ)လောကသတ္တဝါအပေါင်းသည် ပူဇော်အပ်သော။ (၉၇)ဥတ္တမပုဂ္ဂလဿ၊ ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော။ (၉၈)အတုလဿ၊ နှိုင်းယှဉ်ဖွယ်ရာ ရှိတော်မမူသော။ (၉၉)မဟတော၊ ကြီးမားသော တန်ခိုးရှိတော်မူသော (၀ါ)လောကအားလုံးတွင် ဂုဏ်အကြီးဆုံးဖြစ်တော်မူသော။(၁၀၀)ယသဂ္ဂပတ္တဿ၊ ထင်ရှား-ကျော်ကြားအခြံအရံများခြင်း၏ အထွဋ်အထိပ်သို့ ရောက်တော်မူသော။ တသဘဂဝတော၊ ဂုဏ်တော်ဆယ်ပါးနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားသည်။ အသို့၊ ဖြစ်ပါပေ၏။

****

http://www.dhammadownload.com

(၄) သုံးပါးရတနာ ပန်ဆင်ရကျိုးများ

ဘုရားရှိခိုး အကျိုးများစွာ

ဘုရားရှင်အား ရှိခိုးခြင်း၊ တရားတော်နှင့် သံဃာတော်အား ရှိခိုးခြင်း၊ ရတနာသုံးပါး ဂုဏ်တော်ပွားများခြင်း၏ အကျိုးတို့သည်ကား ဘေးရန်အန္တရာယ်ကင်းရှင်းခြင်း၊ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို ရရှိနိုင်ခြင်း စသောအားဖြင့် မရေမတွက်နိုင်လောင်အောင် များမြောင်သော အကျိုးတို့ကို ရရှိနိုင်ပါသည်။ လိုရင်းအချုပ်အားဖြင့် မူ ဘုရား,တရား,သံဃာ-ဟူသော သုံးပါးရတနာကို ဆည်းကပ်ပန်ဆင် သူသည် ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂ-ဟူသော သစ္စာလေးပါးတို့ကို မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ရခြင်းအကျိုးကို ရနိုင်ပေသည်။ ဤဥဒ်ကား ထင်ရှား သော အကျိုးတို့ကို ဖော်ပြလိုက်ပါသည်။

ယော စ ဗုဒ္ဓေ ဓမ္မေ၊ သံဃေ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

(ဓမ္မပဒ-၄၂)

http://www.dhammadownload.com

၁။ အင်္ဂုတ္တိရ်ပါဠိတော်လာ အကျိုးများ(၇)ပါး

အင်္ဂုတ္တိရ်ပါဠိတော် ဧကဓမ္မပါဠိပထမဝဂ်၌ ဘုရားရှိခိုးသူ ဘုရားဂုဏ်တော်ပွားများသူသည် အကျိုး(၇)မျိုးကို ရရှိနိုင်ကြောင်း ဘုရားရှင်ကိုယ်တော်တိုင် ဟောပြထားပေသည်။ ထိုအကျိုး(၇)မျိုးကား

၁။ ဝဏ္ဏဆင်းရဲ၌ ငြီးငွေ့ခြင်းအကျိုး
၂။ တွယ်တာတပ်မက်မှု ကင်းခြင်းအကျိုး
၃။ အကုသိုလ်ကိလေသာတို့ ချုပ်ငြိမ်းခြင်းအကျိုး
၄။ အကုသိုလ်ကိလေသာအပူမီး ငြိမ်းအေးခြင်းအကျိုး
၅။ ရုပ်နာမ်ဖြစ်ပျက်ကို သိမြင်ခြင်းအကျိုး
၆။ သစ္စာလေးပါးကို မျက်မှောက်ပြုသိမြင်ခြင်းအကျိုး
၇။ နိဗ္ဗာန်ကိုရရှိခြင်းအကျိုး တို့ဖြစ်ပေသည်။ (အံ၊ ၁၊ ၃၂)

၂။ မဟာနာမသုတ်လာ အကျိုးများ (၁၁)ပါး

အင်္ဂုတ္တိရ်မဟာနာမသုတ်၌ကား မြတ်စွာဘုရားရှင်သည် နောင်တော် မဟာနာမ်မင်းအား ဘုရားဂုဏ်တော် ပွားများသဖြင့် လက်ငင်းချက်ချင်း ရရှိနိုင်သော အကျိုး(၁၁)မျိုးကို အောက်ပါအတိုင်း ဟောပြထားလေသည်။

မဟာနာမ် . . . အရိယာတပည့်အား မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်ပွား များနေသောအခိုက်၌ -

၁။ တပ်မက်မှုရာဂ ထကြွဖိစီးနှိပ်စက်သောစိတ် မဖြစ်ရတော့ပြီ။
၂။ စိတ်ဆိုးမှုဒေါသ ထကြွဖိစီးနှိပ်စက်သောစိတ် မဖြစ်ရတော့ပြီ။
၃။ တွေဝေမှုမောဟ ထကြွဖိစီးနှိပ်စက်သောစိတ် မဖြစ်ရတော့ပြီ။
၄။ ဘုရားရှင်၏ ဂုဏ်တော်တို့ကို နှလုံးသွင်းလျက် ဖြောင့်မတ်သော စိတ်အစဉ် ဖြစ်လျက်နေ၏။

http://www.dhammadownload.com

၅။ ဖြောင့်မတ်သောစိတ်ရှိသော အရိယာတပည့်သည် အကျိုးကုန်တော် အနက်အဓိပ္ပါယ်ကို ဆင်ခြင်၍ဖြစ်သော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။

၆။ အကြောင်းချင်းရာနှင့် ဒေသနာပါဠိကို ဆင်ခြင်၍ဖြစ်သော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။

၇။ ကြောင်းကျိုးနှစ်ဖြာ သဒ္ဒါအနက်ကို ဆင်ခြင်၍ဖြစ်သော နှစ်သက် ဝမ်းမြောက်မှုကို ရ၏။

၈။ နှစ်သက်ဝမ်းမြောက်မှုရှိသူအား အလွန်နှစ်သက်ဝမ်းမြောက်မှု ပီတိ(၅)မျိုးသည် ဖြစ်ရ၏။

၉။ အလွန်နှစ်သက်ဝမ်းမြောက်မှု ပီတိရှိသူအား ကိုယ်စိတ်နှစ်ဖြာ ပူပန်ခြင်းမှ ငြိမ်းအေးရ၏။

၁၀။ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးသူသည် ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းကို ရရှိခံစားရ၏။

၁၁။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသူ၏စိတ်သည် ကမ္မဋ္ဌာန်း အာရုံ၌ ကောင်းစွာစူးစိုက် ရပ်တည်လျှက် တည်ကြည်နေသည့် သမာဓိဖြစ် ရ၏။ (အံ၊ ၃၊ ၅၃၁)

၃။ ဝိသုဒ္ဓိမဂ်လာ အကျိုးများ (၁၂)ပါး

ဝိသုဒ္ဓိမဂ်၌မူ အဋ္ဌကထာဆရာတော်သည် ဘုရားရှိခိုးရကျိုး၊ ဂုဏ်တော် ပွားများရကျိုးများကို အောက်ပါအတိုင်း (၁၂)မျိုးအထိ ပြဆိုထားပေသည်။

ဘုရားရှိခိုးသူ၊ ဘုရားဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့ ပွားများ သောသူသည် -

http://www.dhammadownload.com

၁။ မြတ်စွာဘုရားအပေါ် ရိုသေလေးစားမှု မျှားလာခြင်း

၂။ မြတ်စွာဘုရားအပေါ် ဉာဏ်ဖြင့်သက်ဝင်၍ နက်နက်နဲနဲ ကြည်ညိုခြင်း

၃။ မြတ်စွာဘုရားကို မကြာမကြာသတိရသဖြင့် သတိအားကောင်းလာခြင်း

၄။ အသိဉာဏ်ပညာ ထက်မြက်တိုးပွားလာခြင်း

၅။ ကုသိုလ်မျှားတိုးပွားလာကာ ဘုန်းကံကြီးမားခြင်း

၆။ နှစ်သက်ဝမ်းမြောက်မှု မျှားပြားလာခြင်း

၇။ ကြောက်မက်ဖွယ်ဘေးရန်အန္တရာယ်နှင့် ဆင်းရဲဒုက္ခကြုံတွေ့ရသည့်အခါ ထိတ်လန့်ကြောက်ရွံ့မှု မရှိခြင်း

၈။ မြတ်စွာဘုရားရှင်နှင့် အတူတကွနေရသည်ဟု မှတ်ထင်ရခြင်း

၉။ မိမိခန္ဓာကိုယ်ကို ဂုဏ်တော်များဖြင့် မွမ်းထုံထားသဖြင့် ဂန္ဓကုဋီကျောင်း စေတီတော်ကဲ့သို့ အပူဇော်ခံ ထိုက်သူဖြစ်လာခြင်း

၁၀။ ဘုရားဖြစ်မှုဌ် စိတ်ညွှတ်လာပြီး ဘုရားဖြစ်ချင်စိတ် ဖြစ်ပေါ်လာခြင်း

၁၁။ လွန်ကျူးဖွယ်ဝတ္ထု အကုသိုလ်ပြုရန် ကြုံလာသောအခါ ဘုရားရှင်ကို မိမိမျက်မှောက်၌ ဖူးမြင်နေရသကဲ့သို့ ထင်ပေါ်လာ၍ ရှက်ကြောက်မှု ဟိရိသြတ္တပ္ပ ဖြစ်ပြီး အကုသိုလ်မပြုဖြစ်တော့ခြင်း

၁၂။ အထက်ဈာန်မဂ်ဖိုလ်ကို မရလျှင် နောက်ဘဝ၌ လူ့ဘုံနတ်ရပ်မြတ်သော သုဂတိဘဝသို့ လားရောက်ရခြင်း အကျိုးတို့ကို ရရှိနိုင်ပေသည်။

http://www.dhammadownload.com

ကိလေသနှောင့် စိတ်စဉ်ဖြောင့်၏ ဘုန်းခေါင်ရှိသေ သဒ္ဓါချွေ၍ နှစ်ထွေပီတိ သည်းခံချို၏၊ စေတိပုံလား ဘုရားနှင့် နေ ထင်ပေဟိရောတ် စိတ်ညွတ်ချစ်ရှင် မဂ်စဉ်မပွား နတ်ရွာ လားသည် ဘုရားဂုဏ်တော် ပွားကျိုးတည်း။ (လင်္ကာ)

(ဝိသုဒ္ဓိမဂ်၊ ၁၊ ၂၀၆)

၄။ ထိုထို အပါဒါန်လာ အကျိုးများ (၁၇)ပါး

ထေရာ ထေရီ အလိလိသော အပါဒါန်ပါဠိတော်၌မူ ဘုရားရှင်ကို ရှိခိုးရကျိုး ဂုဏ်တော်ပွားများရကျိုး အမျိုးမျိုးတို့ကို ရဟန္တာအရှင်မြတ်ကြီးတို့သည် မိမိတို့ ရရှိခံစားရသည့်အတိုင်း ဟောပြထားပေသည်။ ဤ၌ကား ရှေးဆရာတို့ ရေးစီကုံးထားသည့် လင်္ကာအတိုင်း အကျိုး(၁၇)မျိုးကို ထုတ်ပြလိုက်ပါသည်။

ဘုရားရှိခိုးသူ ဘုရားဂုဏ်တော်တို့ကို ဆင်ခြင်နှလုံးသွင်း ပွားများသူသည် -

၁။ ဘုရားစေတီနှင့်တူသည်ဖြစ်၍ သူတစ်ပါးတို့၏ ရှိခိုးမှုကို ခံထိုက်ခြင်း

၂။ စိတ်ဓာတ်ခိုင်မာ ရဲရင့်တည်ကြည်ခြင်း

၃။ ကွယ်လွန်သောအခါ နတ်ပြည်သုဂတိဘဝသို့ ရောက်ရခြင်း

၄။ နောင်ဘုရားတစ်ဆူဆူနှင့်တွေ့သောအခါ သစ္စာလေးပါးကို သိလွယ်ခြင်း

၅။ မြင့်မြတ်သောအမျိုးဌာ ဖြစ်ရခြင်း

၆။ အရိုအသေ အလေးအမြတ်ပြုမူ ခံရခြင်း

၇။ ချီးမွမ်းထိုက်သော ခန္ဓာကိုယ်အင်္ဂါနှင့်ပြည့်စုံခြင်း

http://www.dhammadownload.com

၈။ အဆင်းလှပချောမောခြင်း

၉။ ခန္ဓာကိုယ်အနံ့ သင်းပျံ့မွှေးကြိုင်ခြင်း

၁၀။ ခံတွင်းအနံ့ မွှေးပျံ့ခြင်း

၁၁။ ကြီးကျယ်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း

၁၂။ နက်နဲသော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း

၁၃။ ထက်မြက်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း

၁၄။ ရွှင်လန်းသော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း

၁၅။ လျှင်မြန်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း

၁၆။ ဆန်းကြယ်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း

၁၇။ စကားကောင်းကို ပြောဆိုနိုင်ခြင်း အကျိုးတို့ကို ရရှိနိုင်ပေသည်။

စေတီအတူ စိတ်မူတည်ကြည် ရောက်မည်နတ်ရွာ တွေ့.ကာသိလွယ် မြတ်နွယ်အမျိုး ရှိကျိုးခံရ ပြည့်ဝအင်္ဂါ ဆင်းလှစွာနှင့် ကာယခံတွင်း ကြိုင်သင်းမွှေးကြ၊ ကြီးမူပညာ နက်စွာထက်ရွှင် လျှင်မြန်ဆန်းကြယ် ကောင်းကြွယ်စကား ဆိုနိုင်ငြားသည် ဘုရားဂုဏ်တော်ပွားကျိုးတည်း။ (လင်္ကာ)

၅။ နှလုံးသားဝယ် ဘုရားတည်ရကျိုးများ

ဘုရားရှိခိုးနေသူ၊ ဘုရားဂုဏ်တော်တို့ကို ဆင်ခြင်နှလုံးသွင်း အောက်မေ့ပွားများနေသူသည် မိမိ၏ စိတ်နှလုံးသားဝယ် ဂုဏ်တော် ဘုရား စေတီကို တည်ထားနေသူဖြစ်သည်။ ဘုရားရှင်ထံမှ ဂုဏ်တော်တို့ကို အာရုံပြု ဆင်ခြင်သောအားဖြင့် မိတ္တူကူးယူနေခြင်း ဖြစ်သည်။

http://www.dhammadownload.com

မြတ်စွာဘုရားရှင်သည် လောကတွင် ဉာဏ်ပညာ အကြီးမားဆုံး၊ အထက်မြက်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ကိလေသာအပူ အားလုံးကို ဝါသနာနှင့်တကွ ပယ်သတ်ပြီးဖြစ်သဖြင့် အငြိမ်းအေးဆုံး အငြိမ်သက်ဆုံး ပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။ တန်ခိုး ဣဒ္ဓိပါဒ် စွမ်းအားလည်း အကြီးမားဆုံးပင်ဖြစ်၏။ ရုပ်ရည် ရူပကာယ အားဖြင့်လည်း လက္ခဏာတော်ကြီးငယ် အသွယ်သွယ်နှင့် ပြည့်စုံ သဖြင့် အချောမောဆုံး အလှပဆုံး ဖြစ်၏။

ထိုသို့သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရှိခိုးသူပူဇော်သူ ကိုးကွယ်သူတို့သည်လည်း **"ဇနေတိ သဒ္ဓိသံ ပါကံ"** ဟူသော ကမ္မနိယာမအရ စိတ်နှလုံးသားတွင် ကိန်းဝင်နေသော ဂုဏ်တော်တို့ကြောင့် ဉာဏ်ပညာကြီးမားနိုင်ပေသည်။ ကိလေသာအပူမျှားလည်း ကင်းစင် ငြိမ်းအေးနိုင်ပေသည်။ တန်ခိုးစွမ်းအားလည်း ကြီးမားနိုင်ပေသည်။ ရုပ်ရည်ရူပကာယလည်း ချောမော လှပနိုင်ပေသည်။

တရားလုံးစုံ အကုန်သိမြင် ဘုရားရှင်ဂုဏ် စိတ်ဝယ်ထုံထား နှလုံးသား ဘုရားတည်ပါ၏။

၁။ ပညာကြီးလတ် ဘုရားမြတ် ဆည်းကပ်သူလည်း
ဉာဏ်ကြီးပါ။

၂။ အပူကင်းစင် ဘုရားရှင် ဦးတင်သူလဲ အပူကွာ။

၃။ တန်ခိုးကြီးမား မြတ်ဘုရား လေးစားသူလည်း တန်ခိုးဖြာ။

၄။ ရုပ်ဆင်းသပ္ပါယ် အံ့ဩဖွယ် ကိုးကွယ်သူလဲ အေး ချမ်းပါ။

၅။ နှလုံးသားဝယ် ဘုရားတည် လေးသွယ် ကောင်းကျိုးလာ။

(တိပိဋကဓရ-ယော-ဆရာတော်)

http://www.dhammadownload.com

ကျက်သရေမဂ်လာရှိသော ပါးစပ်ခံတွင်း

မိမိတို့ ဘဝသံသရာ ကျင်လည်ခဲ့ရာတွင် ခံတွင်းပါးစပ်ဖြင့် အများဆုံးပြောဆိုခဲ့သည်ကား -

မုသာဝါဒ - လိမ်ညာစကား၊
ပိသုဏဝါစာ - ကုန်းချောစကား
ဖရုသဝါစာ - ကြမ်းတမ်းသောစကား
သမ္ဖပ္ပလာပ - အတင်းအဖျင်းစကားတို့ဖြစ်သည်။

ကျက်သရေမဂ်လာမဲ့သော စကားတို့ကို အများဆုံးပြောဆိုခဲ့ကြသည်။ ယခုအခါ ဘုရားသာသနာတော် နှင့်တွေ့ကြုံခိုက် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်း နားလည်သော အခိုက်အတန့် အချိန်ပိုင်းလေးအတွင်း ၌သာ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို ရွတ်ဆိုရခြင်းဖြစ်သည်။

"ဗုဒ္ဓါ-ဘုရား"ဟူသော စကားအသံသည် လောက၌ အမြတ်ဆုံး၊ အမြင့်ဆုံးဖြစ်ပေ၏။ လောက၌ **"ဗုဒ္ဓါ-ဘုရား"**ဟူသော နှုတ်ထွက်သံ ရွတ်ဆိုရှိခိုး သံနှင့်တူမျှသည့် နားအရသာကို ဆောင်တတ်သော ရသာယတန-စကားသံသည် မရှိပါပေ။

သို့ဖြစ်၍ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို ရွတ်ဆိုရှိခိုးရခြင်းသည် **မုခမဂ်လာ**-ကျက်သရေမဂ်လာ ရှိသော ခံတွင်းပါးစပ်ဖြစ်တော့သည်။ သေလျှင်လည်း ပစ်ထားခဲ့ရမည့် ပါးစပ်ဖြစ်ရာမသေခင်တွင် မုခမဂ်လာ ဖြစ်အောင် ကုသိုလ်မဂ်လာပွားအောင် ပါးစပ်ဖြင့် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို ရွတ်ဆိုရှိခိုးထိုက်ပေသည်။

http://www.dhammadownload.com

ဗုဒ္ဓါတိဝစနံ သေဋ္ဌံ၊ ဗုဒ္ဓါတိ ပဒ မုတ္တမံ။
နတ္ထိ တေန သမံ လောကေ၊ အည် သောတရသာယနံ။

(မဓုရ ရသဝါဟိနီ)

ဘုရားရှိခိုး ကောင်းကျိုးအနန္တ ရရှိပုံ

ဘုရားရှိခိုးရခြင်း ဂုဏ်တော်ပွားရခြင်း ဘာဝနာရှုမှတ်ရခြင်း အကျိုးတို့ကို ရေးသား၍ မကုန်နိုင်ပါ။ အကျဉ်းချုပ်ဖော်ပြရလျှင် အဂ္ဂပဿာဒ သုတ္တန်ဒေသနာအလို လောကတခွင်တွင် အမြတ်ဆုံးဖြစ်သော ရတနာ မြတ်သုံးပါး၌ ဖြစ်ပွားရသော အမြတ်ဆုံးကုသိုလ် စေတနာကြောင့် အမြတ်ဆုံးကောင်းကျိုးအနန္တကို ရရှိနိုင်ပေသည်။ **"အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော"** ဟူသော ဒေသနာအရ မကြံစည်အပ် မကြံစည်နိုင်အောင် များခိုင်လွန်ကျူး ဂုဏ်ကျေးဇူးရှိကြကုန်သော ရတနာမြတ်သုံးပါးတို့၌ ကြည်ညိုမှုခိုပြီး ရှိခိုးပူဇော်ကြသော ပုဂ္ဂိုလ်တို့အား မကြံစည်အပ် မကြံစည်နိုင်သော လူရပ်နတ်ထံ နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွဲ့ဖြိုး များမြတ်သော ကောင်းကျိုး အနန္တတို့ မုချမသွေ ဖြစ်နိုင်ပါပေသည်။

ဘဒန္တနာရဒါဘိဝံသ

(လှရတနာ)

http://www.dhammadownload.com

(၅) အနေကဇာတင်နှင့်
မွေးနေ့မင်္ဂလာ မှတ်တမ်းလွှာ

ဆံတော်ရတနာစေတီမြတ်အား
ပုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့်လှရတနာ
ဆရာတော်ဘဒ္ဒန္တနာရဒါဘိဝံသ
မွေးနေ့ဝိဇာတမင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် နာယက စာချ လှရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန် အကျော်၊ သ-စ အ-ဓမ္မာစရိယ ဝဋ်သကာ၊ ပါဠိပါရဂူ) ၏ ဝိဇာတ မင်္ဂလာ မွေးနေ့အချိန်အခါ၌-

(၁) နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော် ဆရာတော် ကြီး ချီးမြှင့်ထားသော ဆံတော်ပွား (၂) ဆူ အပါအဝင်

http://www.dhammadownload.com

ဓာတု ဓမ္မ ဥဒ္ဒိဿ ပရိဘောဂ ပါဒအား ဖြင့် စေတီငါးဆူ ကိန်းဝပ်စံပယ်တော်မူပြီး အများကောင်းမှုဖြင့် ပေါင်းစုတည်ထားသော ထွန်းသစ်ကျောက်သံ ရွှေငွေရံလျက် ကိုးပျံနဝရတ် စီခြယ်လတ်သည့် **"ဆံတော်ရတနာ စေတီမြတ်"** အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆံတော် ရတနာစေတီမြတ်အား ပဒေသာပင် (၁၀) သိန်း စိုက်ထူလှူဒါန်းခြင်း **ဗုဒ္ဓပူဇာမဂ်လာ**။

(၂) မွေးနေ့ရှင် လှရတနာဆရာတော်ပြုစုသည့် "ကေသ စေတိယဝန္ဒနာ" (ဆံတော်စေတီဘုရားရှိခိုး) စာအုပ်ကိုလှူဒါန်းခြင်း၊ ဗန်းမော်ဆရာတော်ကြီး၏ "ကုမာရာဘိဝံသ ပညာရေးဖောင်ဒေးရှင်း" အား ပဒေသာ ပင် (၁၀) သိန်း စိုက်ထူလှူဒါန်းခြင်း **ဓမ္မပူဇာမဂ်လာ**။

(၃) ပင့်သံယာအရှင်မြတ် (၅၅) ပါးတို့အား ဆွမ်းသင်္ကန်း၊ နဝကမ္မ (၁) သိန်းစီ လှူဒါန်းခြင်း၊ လှရတနာ ဆရာတော်အား ဆေးနဝကမ္မ (၁၀) သိန်း စိုက်ထူလှူဒါန်းခြင်း သံယပူဇာမဂ်လာတို့ကို

တစ်ဖက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် အတူတကွ တရားနာယူ ရေစက်သွန်းချ အမျှဝေ သာဓုခေါ်ကြရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ရဟန်းဒါယိကာမကြီးဒေါ်ရွှေဥ

ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်

****

http://www.dhammadownload.com

အလှူစတ်မင်္ဂလာ အစမ်းအနား အစီအစဉ်

(chatrium ဟိုတယ်သို့ နံနက်-၈-၃၀ အရောက်

ကြွရောက်ချီးမြှင့်ပါရန်)

အလှူစတ်မင်္ဂလာစနေ့ရက်

၁၃၇၅-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၁၃)ရက်၊

(၃၀- ၁၁- ၂၀၁၃)စနေနေ့

ဗုဒ္ဓါဘိစသက အစနကဏတင်ဈေန်

နံနက်(၈-၄၅)နာရီ သီလချီးမြှင့်ချိန်နှင့် ဆရာတော်-နံနက်(၈-၅၀)နာရီ၊ ရေစကြို့ တိပိဋကဆရာတော် ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ (တိပိဋကဓရ, တိပိဋကကောဝိဒ, ဓမ္မဘဏ္ဍာဂါရိက,အဂ္ဂမဟာပဏ္ဍိတ)

မရိတ်ရွတ်မည်အစီအစဉ်

နံနက်(၈-၅၅) နာရီ၊

တရားစဟာစီအစီနှင့် စမ္ဘကထိက ဆရာစတော်-

နံနက်(၉-၀၀)နာရီ၊ ဗန်းမော်ဆရာတော်ကြီး Dr.ဘဒ္ဒန္တ ကုမာရာ ဘိဝံသ (နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု)

ဩဝါဒကထာစီးမြှင့်စီအစီနှင့် ဆရာစတော်

နံနက် (၉-၁၅)နာရီ၊ မန္တလေးမြို့ ရွှေဝါဝင်း သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသာသနာဘိဝံသ (နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု)၊

http://www.dhammadownload.com

မုဒိတာစကားစျိုးမြွှင့်စျိန်နှင့် ဆရာစတော်

နံနက် (၉-၃၀)နာရီ၊ (ဓမ္မကထိကအကျော် ဆင်ဖြူတောင် ဆရာတော် ဘဒ္ဒန္တဥုကိုန္ဒ)

ပစ္စဝေက္ခဏပင် အလှူကပ်လှူစျိန်

နံနက် (၉-၄၅) နာရီ အနုမောဒနာ ရေစက်ချတရား

စျိုးမြွှင့်စျိန်နှင့် ဆရာစတော်

နံနက် (၉-၅၅) နာရီ- မွေးနေ့ရှင် လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ

ဓညိုစံစက္ကူးစမွေးစျိန်

နံနက် (၁၀-၃၀) မှ (၁၂-၀၀)နာရီ

အလှူတော်မင်္ဂလာနေရာ။ chatrium ဟိုတယ်ခန်းမ

****

http://www.dhammadownload.com

ကြီးပွားတိုးတက်ကြောင်း
လောကသဘာဝ၏ အမှန်တရား

* ကံချင်းတူလျှင် ဉာဏ်ရှိသူက သာ၏။

* ဉာဏ်ရှိသူချင်း တူလျှင် ဝီရိယရှိသူက သာ၏။

* ဝီရိယရှိသူချင်း တူလျှင် စည်းကမ်းရှိသူက သာ၏။

* စည်းကမ်းရှိသူချင်း တူလျှင် စေတနာရှိသူက သာ၏။

* စေတနာရှိသူချင်း တူလျှင် ရိုးဖြောင့်သူက သာ၏။

* ရိုးဖြောင့်သူချင်း တူလျှင် အပြောချိုသူက သာ၏။

* ဉာဏ်, ဝီရိယ, စည်းကမ်း, စေတနာ, ရိုးဖြောင့်မှု

* အပြောချိုမှုချင်း တူလျှင်ကား ကံကြီးသူက သာ၏။


****

http://www.dhammadownload.com

ရတနာ(၃)ပါးပူဇော်ပွဲ

ဆံတော်ရတနာစေတီအား ဗုဒ္ဓါဘိသေကအနေကဇာတင် မဂ်လာနှင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိဓဇကသိုလ်ညောင်တုန်းကျောင်းတိုက် နာယက စာချုပ်ရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်, အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်, သ-စ-အ ဓမ္မာစရိယ ဝဠုံသကာ ဝိနယပါဠိပါရဂူ)-၏ ဝိဇာတမွေးနေ့မဂ်လာ အခမ်းအနား အစီအစဉ်ပါဘုရား

မဂ်လာနေ့ရက် ၁၃၇၅-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၃)ရက် (၃၀-၁၁-၂၀၁၃)စနေနေ့



၁။ ပရိသတ်အားလုံးက နမောတဿဘုရားရှိခိုး (၃)ကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လစ်ရန်။

၂။ ရေစကြို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ (တိပိဋကဓရ, တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ) ထံမှ (၅)ပါးသီလခံယူရန်။

၃။ သံဃာတော်အရှင်မြတ်တို့က မေတ္တာသုတ် ပရိတ်ချီးမြှင့်ရန်။

၄။ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး Dr ဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ သက္ယသီဟ ဝဠုံသကာ ပါဠိသိရောမဏိ) ထံမှ အနုမောဒနာတရား နာကြားရန်။

http://www.dhammadownload.com

၅။ ဆာလင်းကြီး ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ (အဂ္ဂမဟာပဏ္ဍိတ)-ထံမှ ဩဝါဒကထာ နာယူရန်။

၆။ ဓမ္မကထိကအကျော် ဆင်ဖြူတောင်ဆရာတော် ဘဒ္ဒန္တဂုဏိန္ဒ-ထံမှ ရတနာ(၃)ပါး ပူဇော်ပွဲနှင့်စပ်၍ မုဒိတာစကား နာယူရန်။

၇။ ပဒေသာပင်နှင့်လှူဖွယ်ဝတ္ထုများကပ်လှူရန် ကပ်လှူရာ၌-

(က) ရဟန်းဒါယကာမကြီး ဒေါ်ရွှေဥ ဗုဒ္ဓပူဇာအဖြစ် ဆံတော်ရတနာစေတီမြတ် ပဒေသာပင်အတွက် အလှူငွေ(၁၀)သိန်းလှူဒါန်းသည်ကို ဂေါပကဥက္ကဋ္ဌ ဦးကြည်ဝင်းက လက်ခံရန်။

(ခ) ဓမ္မပူဇာအဖြစ် ဗန်းမော်ဆရာတော်ကြီး၏ ကုမာရာဘိဝံသ ပညာရေးဖောင်ဒေးရှင်းအတွက် အလှူငွေ(၁၀)သိန်းလှူဒါန်းသည်ကို သက္ကသီဟအသင်း ဥက္ကဋ္ဌ လှရတနာကျောင်းဒါယကာကြီးဦးရှမ်း-က လက်ခံရန်။

(ဂ) သံဃပူဇာအဖြစ် လှရတနာဆရာတော်၏ ဆေးနဝကမ္မအတွက် အလှူငွေ(၁၀)သိန်း လှူဒါန်းသည်ကို ရွှေဘုန်းပွင့် ဘုရားဂေါပက ဥက္ကဋ္ဌ ဦးတင့်လွင်-က လက်ခံရန်။

(ဃ) ရဟန်းဒါယကာမကြီး ဒေါ်ရွှေဥ-က နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဗန်းမော်ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထု သင်္ကန်းကပ်လှူရန်။ (ပင့်သံဃာအရှင်မြတ်တို့အား အခမ်းအနားအပြီးတွင် ကပ်လှူပါ မည်ဘုရား)

၈။ မွေးနေ့ရှင် ဆရာတော်အား ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးကြည်ဝင်း-က ပန်းအိုးကပ်လှူရန်။

၉။ ရဟန်းဒါယကာမကြီး ဒေါ်ရွှေဥ-က ရတနာ(၃)ပါး ပူဇော်ပွဲနှင့်စပ်၍ မုဒိတာစကား လျောက်ထားရန်။

http://www.dhammadownload.com

၁၀။ မွေးနေ့ရှင် လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်, အဂ္ဂမဟာအကျော်,အဋ္ဌကထာပြန် အကျော်, သစ္စ အ ဓမ္မာစရိယ ဝင်္သံသကာ ဝိနယပါဋိပါရဂူ)-က အနုမောဒနာ ရေစက်ချတရား ချီးမြှင့်ရန်။

၁၁။ ပရိသတ်အားလုံးက 'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု' (၃)ကြိမ် ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းရန်။

(အခမ်းအနားအပြီးတွင် သံယာတော်အရှင်မြတ်တို့အား လှူဖွယ်ဝတ္ထုသက်နှံကပ်လှူပြီး၊
မြေညီထပ် သီးသန့်အခန်းတို့တွင် ဆွမ်းကပ်ပါမည်ဘုရား)

****

http://www.dhammadownload.com

(၆) ဝိဉ္ဉကသုံးပုံ အဋ္ဌကထာ ပဏာမဂါထာများနှင့် ကျမ်းပြု ပညာရှင်များ

(က) ဝိနယပိဋက

(၁) သမန္တပါသာဒိကာ - မည်သော ဝိနည်းငါးကျမ်း၏အဖွင့်

ဝိနည်းအဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ ယော ကပ္ပကောဋိဟိပိ အပ္ပမေယျံ၊
ကာလံ ကရောန္တော အတိဒုက္ကရာနိ။
ခေဒံ ဂတော လောကဟိတာယနာထော၊
နမော မဟာကာရုဏိကဿ တဿ။

၂။ အသမ္ဘုဓံ ဗုဒ္ဓနိသေဝိတံ ယံ၊
ဘဝါဘဝံ ဂစ္ဆတိ ဇီဝလောကော။
နမော အဝဇ္ဇာဒိကလေသဇာလ -
ဝိဒ္ဓံသိနော ဓမ္မဝရဿ တဿ။

၃။ ဂုဏောဟိ ယော သီလသမာဓိပညာ
ဝိမုတ္တိညာဏပဘုတိဟိ ယုတ္တော။
ခေတ္တံ ဇနာနံ ကုသလတ္ထိကာနံ၊
တမရိယသံယံ သိရသာ နမာမိ။

http://www.dhammadownload.com

(၂) မာတိကာ ပါဠိတော်၏အဖွင့်
ကဒိဂိတရကီ - ပကာမ ဂါထာ

၁။ ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာမာန၊ ပူဇာသက္ကာရ ဘာဇနံ။

(၃) မူလသိက္ခာ ပကာမဂါထာ

၁။ နတွာ နာထံ ပဝက္ခာမိ၊ မူလသိက္ခံ သမာသတော။
ဘိက္ခုနော နဝကေနာဒေါ၊ မူလဘာသာယ သိက္ခိတုံ။

(၄)ခုဒ္ဒသိက္ခာ ပကာမဂါထာ

၁။ အာဒိတော ဥပသမ္ပန္နေ၊ သိက္ခိတဗ္ဗံ သမာတိကံ။
ခုဒ္ဒသိက္ခံ ပဝက္ခာမိ၊ ဝန္ဒိတွာ ရတနတ္တယံ။

(၅) ဝိနယ ဝိနိစ္ဆယအဋ္ဌကထာ ပကာမ

၁။ ဝန္ဒိတွာ သိရသာ သေဋ္ဌံ ၊ ဗုဒ္ဓ မပ္ပဋိပုဂ္ဂလံ။
ဘဝါဘာဝကရံ ဓမ္မံ ၊ ဂဏာဠွေဝ နိရုဂ်ံကံ။

(၆) ဥတ္တရဝိနိစ္ဆယ အဋ္ဌကထာပကာမ

၁။ သဗ္ဗသတ္တာတ္တဓံ ဓီရံ ၊ ဝန္ဒိတွာ သိရသာ ဇိနံ။
ဓမ္မဉ္စာ ဓမ္မဝိဒ္ဒံသံ ၊ ဂဏ မဂ်ံကာနာသနံ။

(၇) ဝိနယသင်္ဂဟဋ္ဌကထာ - ပကာမ (၂) ဂါထာ

၁။ ဝတ္ထုတ္တယံ နမသိတွာ ၊ သရဏံ သဗ္ဗပါဏိနံ။
ဝိနယေ ပါဋဝတ္ထာယ ၊ ယောဂါဝစရဘိက္ခုနံ။
၂။ ဝိပ္ပကိဏ္ဏာ မနေကတ္ထ ၊ ပါဋိမုတ္တ ဝိနိစ္ဆယံ။
သမာဟရိတွာ ဧကတ္ထ ၊ ဒဿယိဿ မနာကုလံ။

http://www.dhammadownload.com

(ခ) အဘိဓမ္မပိဋကဝ

(၈) အဋ္ဌသာလိနီ အဋ္ဌကထာ ပဏာမ (၆)ဂါထာ

၁။ ကရုဏာ ဝိယ သတ္တေသု ၊ ပညာ ယဿ မဟေသိနော။
ဥယျုဓမ္မေသု သတ္ထေသု ၊ ပဝတ္တိတ္ထ ယထာရုစိ။

၂။ ဒယာယ တာယ သတ္တေသု ၊ သမုဿာဟိတ မာနသော။
ပါဠီဟီရာဝသာနမ္မိ ၊ ဝသန္တော တိဒသာလယေ။

၃။ ပါရိ ဆ္ဆတ္တကမူလမ္မိ ၊ ပဏ္ဏုကမ္ဗလနာမကေ။
သိလာသနေ သန္နိသိန္နော ၊ အာဒိစ္စော၀ ယုဂန္ဓရေ။

၄။ စက္ကဝါဠသဟဿေဟိ ၊ ဒသဟာဂမ္ဗ သတ္ထုသော။
သန္နိသိန္နေန ဒေဝါနံ ၊ ဂဏေန ပရိဝါရိတော။

၅။ မာတရံ ပမုခံ ကတွာ ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ ၊ ဒေဝါနံ သမ္ပဝတ္တယိ။

၆။ တဿ ပါဒေ နမဿိတွာ ၊ သမ္ဗုဒ္ဓဿ သိရီမတော။
သဒ္ဓမ္မဇ္ဇသ္သ ပူဇေတွာ ၊ ကတွာ သံယဿ စဥ္ဒလိ။

ဝိဘင်းပါဠိတော်၏အဖွင့်

(၉)သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဏာမ (၂) ဂါထာ

၁။ စတုသစ္စဒသော နာထော၊ စတုဓာ ဓမ္မသင်္ဂဏိ။
ပကာသယိတွာ သမ္ဗုဒ္ဓေါ၊ တသ္သေဝ သမနန္တရံ။

၂။ ဥပေတော ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကော။
အဋ္ဌရသန္နံ ခန္ဓာဒိ ဝိဘင်္ဂါနံ ဝသေန ယံ။
ဝိဘဂိ ဒေသယိ သတ္ထာ၊ တဿ သံဝဏ္ဏနာက္ကမော။

http://www.dhammadownload.com

ဓာတုကထာပါဠိတော်၏အဖွင့်

(၁၀) ပဋ္ဌပကရဏ အဋ္ဌကထာ ပဏာမဂါထာ

အဋ္ဌာရသဟိ ဘေဒေဟိ ၊ ဝိဘင်္ဂ မာရဘဉ္ဇနော။
ဒေသယိတ္တာ မဟာဝီရော ၊ ယံ တသ္သေဝ အနုဇ္ဇရံ။
အဒေသယိ ဓာတုကထံ ၊ ဓာတုဘေဒပ္ပကာသနော။

ပုဂ္ဂလပညတ် ပါဠိတော်၏အဖွင့်

(၁၁) ပဋ္ဌပကရဏအဋ္ဌကထာ ပဏာမ(၂)ဂါထာ

၁။ နိပုဏာတ္ထံ ပကရဏံ၊ ဓာတုဘေဒပ္ပကာသနော။
သတ္ထာ ဓာတုကထံ နာမ၊ ဒေသယိတ္တာ သုရာလယေ။

၂။ အနုဇ္ဇရ တသ္သ ဇိနော၊ ပညတ္တိဘေဒ ဒီပနံ
အာဟ ပုဂ္ဂလပညတ္တိံ၊ ယံ လောကေ အဂ္ဂပုဂ္ဂလော။

ကထာဝတ္ထုပါဠိတော်၏အဖွင့်

(၁၂) ပဋ္ဌပကရဏ အဋ္ဌကထာ ပဏာမ(၃)ဂါထာ

၁။ နိသိန္နော ဒေဝလောကသ္မိံ၊ ဒေဝသံဃ ပုရက္ခတော။
သဒေဝကဿ လောကဿ။ သတ္ထာ အပ္ပဋိပုဂ္ဂလော။

၂။ သဗ္ဗညုတ္တိ ကုသလော၊ ပညတ္တိ ပရိဒီပနံ။
ဝတ္ထာ ပုဂ္ဂလ ပညတ္တိံ၊ လောကေ ဥတ္တမ ပုဂ္ဂလော။

၃။ ယံ ပုဂ္ဂလကထာဒီနံ၊ ကထာနံ ဝတ္ထုဘာဝတော။
ကထာဝတ္ထုပကရဏံ၊ သခ်ေပန အဒေသယိ။

ယမိုက်ပါဠိတော်၏အဖွင့်

(၁၃) ပဋ္ဌပကရဏ အဋ္ဌကထာ ပဏာမ(၃)ဂါထာ

၁။ သခ်ေပနေဝ ဒေဝါနံ၊ ဒေဝဒေဝါ သုရာလယေ။
ကထာဝတ္ထုပ္ပကရဏံ၊ ဒေသယိတ္တာ ရဏာဇ္ဇဟော။

http://www.dhammadownload.com

၂။ ယမဿ ဝိသယာတီတော ၊ နာနာယမကမက္ကိတံ။
အာဘိဓမ္မပ္ပကရဏံ ၊ ဆဋ္ဌံ ဆဋ္ဌာန ဒေသကော။
၃။ ယမကံ အယမာဝတ္တ ၊ နီလာမလ တန္ဒ္ရုဟော။
ယံ ဒေသယိ အနုပ္ပတ္တော ၊ တဿ သံဝဏ္ဏနက္ကမော။

ပဋ္ဌာန်းပါဠိတော်၏အဖွင့်

(၁၄) ပဋ္ဌပကရဏ အဋ္ဌကထာ ပဏာမ(၃)ဂါထာ

၁။ ဒေဝါတိ ဒေဝေါ ဒေဝါနံ ၊ ဒေဝ ဒါနဝ ပူဇိတော။
ဒေသယိတ္ဝာ ပကရဏံ ၊ ယမကံ သုဒ္ဓ သံယမော။
၂။ အတ္ထတော ဓမ္မတောစေဝ ၊ ဂမ္ဘီရဿာထ တဿ ယံ။
အနန္တရံ့ မဟာဝီရော ၊ သတ္တာမံ ဣသိသတ္တမော။
၃။ ပဋ္ဌာန နာမ နာမေန ၊ နာမရူပ နရောဓနော။
ဒေသေသိ အတိဂမ္ဘီရ ၊ နယမက္ကိတဒေသနံ။

(၁၅)အဘိဓမ္မာဝတာရ အဋ္ဌကထာ ပဏာမဂါထာ

၁။ အနန္တ ကရုဏာပည် ၊ တထာဂတ မနုတ္တရံ့။
ဝန္ဒိတ္ဝာ သိရသာ ဗုဒ္ဓံ ၊ ဓမ္မံ သာဓုဂဏမ္မိစ။

(၁၆)နာမရူပ ပရိစ္ဆေဒ ပဏာမဂါထာ

၁။ သမ္မာ သမ္မာဘိသမ္ဗုဒ္ဓံ ၊ ဓမ္မံ ဓမ္မပ္ပကာသနံ။
သံယံ သံယုတ္တမံ လောကေ၊ ဝန္ဒိတ္ဝာ ဝန္ဒနာရဟံ။

(၁၇) ပရမတ္ထ ဝိနိစ္ဆယ -ပဏာမဂါထာ

၁။ ဝန္ဒိတ္ဝာ ဝန္ဒနေယျာနံ ၊ ဥတ္တမံ ရတနတ္တယံ။
ပဝက္ခာမိ သမာသေန ၊ ပရမတ္ထဝိနိစ္ဆယံ။

http://www.dhammadownload.com

(၁၈)သစ္စသန်ပ ပဏာမ ဂါထာ

၁။ နမသိတ္တာ တိလောကဂ္ဂံ ၊ ဥယျသာဂရပါရဂုံ။
ဘဝါဘာဝကရံ ဓမ္မံ ၊ ဂဏာဠ္ဟ ဂုဏာသာဂရံ။

(၁၉) အဘိဓမ္မတ္ထသင်္ဂဟ ပဏာမဂါထာ

၁။ သမ္မာသမ္ဗုဒ္ဓ မတုလံ၊ သဒ္ဓမ္မ ဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထ သင်္ဂဟံ။

(၂၀)မောဟဝိစ္ဆေဒနီ ပဏာမ(၂)ဂါထာ

၁။ ကာရုညဘာဝိတံ ယဿ၊ ဉာဏစက္ခု မဟောဒယံ။
အန္ဓဘူတဿ လောကဿ၊ ဇာတံ သာမညု လောစနံ။

၂။ တံ ဗုဒ္ဓံ သုဂတံ ဓီရံ ၊ သဒ္ဓမ္မံ သဿဝကံ။
ဝန္ဒိတွာ နုဿရိတွာစ ၊ ထောမေတွာစ ဝိနာယကံ။

(ဂ) သုတ္တန္တပိဋက ဒီဃနိကာယ်၏အဖွင့်

(၂၁) သုမင်္ဂလဝိလာသိနီအဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ ကရုဏာသီတလဟဒယံ၊
ပညာပဇ္ဇောတဝိဟတမောဟတမံ။
သနရာမရလောကဂရုံ ၊ ဝန္ဒေသုဂတံ ဂတိဝိမုတ္တံ။

၂။ ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ ၊ ဘာဝေတွာ စေဝ သစ္ဆိကတွာစ။
ယံ ဉပဂတော ဂတမလံ ၊ ဝန္ဒေ တမနုတ္တရံ ဓမ္မံ။

၃။ သုဂတဿ ဩရသာနံ ၊ ပုတ္တာနံ မာရသေနမထနာနံ။
အဋ္ဌန္နမ်ိ သမူဟံ ၊ သိရသာ ဝန္ဒေ အရိယသံဃံ။

http://www.dhammadownload.com

မဇ္ဈိမနိကာယ်၏အဖွင့်

(၂၂) ပပဉ္စသူဒနီအဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ ကရုဏာသီတလဟဒယံ၊
ပညာပဇ္ဇောတဝိဟတမောဟတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေသုဂတံ ဂတိဝိမုတ္တံ။

၂။ ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ၊ ဘာဝေတ္ဝာ စေဝ သစ္ဆိကတ္ဝာစ။
ယံ ဉပဂတော ဂတမလံ၊ ဝန္ဒေ တမနုတ္တရံ ဓမ္မံ။

၃။ သုဂတသ ဩရသာနံ၊ ပုတ္တာနံ မာရသေနမထနာနံ။
အဋ္ဌန္နမ်ိ သမူဟံ၊ သိရသာ ဝန္ဒေ အရိယသံဃံ။

သံယုတ္တနိကာယ်၏အဖွင့်

(၂၃) သာရတ္ထပကာသနီ အဋ္ဌကထာပဏာမ (၃) ဂါထာ

၁။ ကရုဏာသီတလဟဒယံ၊
ပညာပဇ္ဇောတဝိဟတမောဟတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေသုဂတံ ဂတိဝိမုတ္တံ။

၂။ ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ၊ ဘာဝေတ္ဝာ စေဝ သစ္ဆိကတ္ဝာစ။
ယံ ဉပဂတော ဂတမလံ၊ ဝန္ဒေ တမနုတ္တရံ ဓမ္မံ။

၃။ သုဂတသ ဩရသာနံ၊ ပုတ္တာနံ မာရသေနမထနာနံ။
အဋ္ဌန္နမ်ိ သမူဟံ၊ သိရသာ ဝန္ဒေ အရိယသံဃံ။

အင်္ဂုတ္တရနိကာယ်၏အဖွင့်

(၂၄) မနောရထပူရဏီ အဋ္ဌကထာပဏာမ (၃) ဂါထာ

၁။ ကရုဏာသီတလဟဒယံ၊
ပညာပဇ္ဇောတဝိဟတမောဟတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေသုဂတံ ဂတိဝိမုတ္တံ။

http://www.dhammadownload.com

၂။ ဗုဒ္ဓါပိ ဗုဒ္ဓဘာဝံ ၊ ဘာဝေတ္ဝာ စေဝ သစ္ဆိကတ္ဝာစ။
ယံ ဥပဂတော ဂတမလံ ၊ ဝန္ဒေ တမနုတ္တရံ ဓမ္မံ။
၃။ သုဂတဿ ဩရသာနံ ၊ ပုတ္တာနံ မာရသေနမထနာနံ။
အဌန္နမ္မ သမ္ဗုဟ ၊ သရဿာ ဝန္ဒေ အရိယသံဃံ။

ခုဒ္ဒကနိကာယ်၏အဖွင့်များ

(၂၅) ခုဒ္ဒကပါဌဋ္ဌကထာ - ပဏာမဂါထာ

၁။ ဥတ္တမံ ဝန္ဒနေယျာနံ ၊ ဝန္ဒိတ္ဝာ ရတနတ္တယံ။
ခုဒ္ဒကာနံ ကရိဿာမိ ကေသဥ္စိ အတ္ထဝဏ္ဏနံ။

(၂၆) ဓမ္မပဒဋ္ဌကထာ ပဏာမ (၂) ဂါထာ

၁။ မဟာမောဟ တမောနဒ္ဓေ၊လောကေ လောကန္တဒဿိနာ။
ယေန သဒ္ဓမ္မပဒီပော တော ၊ ဇာလိတော ဇာလိတိဒ္ဓိနာ။
၂။ တဿပါဒေ နမဿိတ္ဝာ ၊ သမ္ဗုဒ္ဓဿသိရီမတော။
သဒ္ဓမ္မဿ ပူဇေတ္ဝာ ၊ ကတ္ဝာ သံဃဿ စဥ္ဇလိ။

ပရမတ္ထဒီပနီမည်သော

(၂၇) ဥဒါနဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ မဟာကာရုဏိကံ နာထံ ၊ ဥဃျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏာဂမ်ိဳရ - ဝိစိတြနယဒေသနံ။
၂။ ဝိဇ္ဇာစရဏာ သမ္ပန္နာ ၊ ယေန နိယန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။
၃။ သီလာဒိဂုဏာသမ္ပန္နော ၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ ၊ ပုညက္ခေတ္တံ အနုတ္တရံ။

http://www.dhammadownload.com

ပရမတ္ထဒီပနီမည်သော
(၂၈) ဣတိဝုတ္တက အဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ မဟာကာရုဏိကံ နာထံ ၊ ဥယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏာဂမ္ဘီရ - ဝိစိတြနယဒေသနံ။

၂။ ဝိဇ္ဇာစရဏာ သမ္ပန္နာ ၊ ယေန နိယန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။

၃။ သီလာဒိဂုဏာသမ္ပန္နော ၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ ၊ ပုညက္ခေတ္တံ အနုတ္တရံ။

ပရမတ္ထဇောတိကာမည်သော
(၂၉) သုတ္တနိပါတဋ္ဌကထာ ပဏာမ (၂) ဂါထာ

၁။ ဥတ္တမံ ဝန္ဒနေယျာနံ ၊ ဝန္ဒိတ္ဝာ ရတနတ္တယံ။
ယော ခုဒ္ဒကနိကာယမှိ ၊ ခုဒ္ဒါစာရပ္ပဟာယိနာ။

၂။ ဒေသိတော လောကနာထေန၊
လောကနိဿရဏေသိနာ။
တဿ သုတ္တနိပါတဿ ၊ ကရိဿာမတ္ထဝဏ္ဏနံ။

ပရမတ္ထဒီပနီမည်သော
(၃၀) ဝိမာနဝတ္ထုအဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ မဟာကာရုဏိကံ နာထံ ၊ ဥယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏာဂမ္ဘီရ - ဝိစိတြနယဒေသနံ။

၂။ ဝိဇ္ဇာစရဏာ သမ္ပန္နာ ၊ ယေန နိယန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။

၃။ သီလာဒိဂုဏာသမ္ပန္နော ၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ ၊ ပုညက္ခေတ္တံ အနုတ္တရံ။

http://www.dhammadownload.com

ပရမတ္ထဒီပနီမည်သော
(၃၁) ပေတဝတ္ထုအဋ္ဌကထာ ပဏာမ (၃) ဂါထာ

၁။ မဟာကာရုဏိကံ နာထံ ၊ ဥယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏာဂမ္ဘီရ - ဝိစိတြနယဒေသနံ။

၂။ ဝိဇ္ဇာစရဏာ သမ္ပန္နာ ၊ ယေန နီယန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။

၃။ သီလာဒိဂုဏာသမ္ပန္နော ၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ ၊ ပုညက္ခေတ္တံ အနုတ္တရံ။

ပရမတ္ထဒီပနီမည်သော
(၃၂) ထေရဂါထာ ထေရီဂါထာ အဋ္ဌကထာ
ပဏာမ (၃) ဂါထာ

၁။ မဟာကာရုဏိကံ နာထံ ၊ ဥယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏာဂမ္ဘီရ - ဝိစိတြနယဒေသနံ။

၂။ ဝိဇ္ဇာစရဏာ သမ္ပန္နာ ၊ ယေန နီယန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။

၃။ သီလာဒိဂုဏာသမ္ပန္နော ၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ ၊ ပုညက္ခေတ္တံ အနုတ္တရံ။

(၃၃)အပဒါနဋ္ဌကထာ ပဏာမ(၃)ဂါထာ

၁။ ဝန္ဒိတွာ သိရသာ သေဋ္ဌံ ၊ ဗုဒ္ဓ မပ္ပဋိပုဂ္ဂလံ။
ဥယျသာဂရမုတ္တိဏ္ဏံ ၊ တိဏ္ဏံ သံသာရသာဂရံ။

၂။ တထေဝ ပရမံ သန္တံ ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။
ဘဝါဘဝကရံ သုဒ္ဓံ ၊ ဓမ္မံ သမ္မာဒ္ဓပူဇိတံ။

၃။ တထေဝ အနယံ သံယံ ၊ အသဂီ သံဃမုတ္တမံ။
ဥတ္တမံ ဒက္ခိဏေယျာနံ ၊ သန္တိန္ဒြိယ မနာသဝံ။

http://www.dhammadownload.com

(၃၄) ထေရီ အပဒါန ဒီပနီ - ပကာမ ၁။

အစိန္တေယျ ဂုဏောပေတံ ၊ သမ္ဗုဒ္ဓံ ဓမ္မမုတ္တမံ။
နတွာ ဝိသုဒ္ဓသံယမိံ ၊ သင်္ဃစ္စံ အဘိမာနယံ။

မဓုရတ္ထဝိလာသိနီမည်သော
(၃၅)ဗုဒ္ဓဝံသဋ္ဌကထာ ပကာမ

၁။ အနန္တညာဏံ ကရုဏာလယံ လယံ၊
မလဿ ဗုဒ္ဓံ သုသံမာဟိတံ ဟိတံ။
နမာမိ ဓမ္မံ ဘဝသံဝရံ ဝရံ။
ဂုဏာကရဉ္စဝေ နိရင်္ကံ ဂင်္ကံ။

ပရမတ္ထဒီပနီမည်သော
(၃၆)စရိယာပိဋကဋ္ဌကထာ ပကာမ(၃)ဂါထာ

၁။ စရိယာ သဗ္ဗလောကဿ ၊ ဟိတာ ယဿ မဟေသိနော။
အစိန္တေယျာနုဘာဝံ တံ၊ ဝန္ဒေ လောကဂ္ဂနာယကံ။

၂။ ဝိဇ္ဇာစရဏာသမ္ပန္နာ ၊ ယေန နီယန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ ၊ သမ္မာသမ္ဗုဒ္ဓ ပူဇိတံ။

၃။ သီလာဒိဂုဏာသမ္ပန္နော ၊ ဒ္ဝိတော မဂ္ဂဖလေသု ယော။
ဝန္ဒေအရိယသံဃံ တံ ၊ ပုညက္ခေတ္တံ အနုတ္တရံ။

(၃၇) ဇာတကဋ္ဌကထာ ပကာမ(၂)ဂါထာ

၁။ ဇာတိကောဋိသဟဿေဟိ ၊ ပမာဏရဟိတံ ဟိတံ။
လောကဿ လောကနာထေန၊ကတံ ယေန မဟေသိနာ။

http://www.dhammadownload.com

၂။ တဿ ပါဒေ နမဿိတွာ၊ ကတွာ ဓမ္မဿ စဋ္ဌလိ်။
သံယဋ္ဌ ပတိမာနေတွာ ၊ သဗ္ဗသမ္မာနဘာဇနံ။

သဒ္ဓမ္မပကာသနီမည်သော
(၃၈)ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ ပကာသ(၂)ဂါထာ

၁။ ယော သဗ္ဗလောကာဟိဂ သဗ္ဗသောဘာ
ယုတ္တောဟိ သဗ္ဗေဟိ ဂုဏောဟိ ယုတ္တော၊။
ဒေါသေဟိ သဗ္ဗေဟိ သဝါသနေဟိ။
မုတ္တော ဝိမုတ္တိ် ပရပဋ္ဌ ဒါတာ။
၂။ နိစ္စံ ဒယာစန္ဒနသီတ စိတ္တော။
ပညာရဝိဇ္ဇောတိဝ သဗ္ဗနေယျော။
သဗ္ဗေသု ဘူတေသု တမဂ္ဂဘူဟံ။
ဘူတတ္ထနာထံ သိရသာ နမိတွာ။

သဒ္ဓမ္မပဇ္ဇောတိကာမည်သော
(၃၉) မဟာနိဒ္ဒေသဋ္ဌကထာ ပကာသ(၃)ဂါထာ

၁။ အဝိဇ္ဇာလင်္ကိ ယာတေဏွော ၊ နန္ဒီရာဂဉ္စ မူလတော။
ဘာဝေန္တဋ္ဌိကံ မဂ္ဂံ၊ ဖုသိ ယော အမတံ ပဒံ။
၂။ ပါပုဏိတွာ ဇိနော ဗောဓိ ၊ မိဂဒါယံ ဝိဂါဟိယ။
ဓမ္မစက္ကံ ပဝတ္တေတွာ၊ ထေရံ ကောဏ္ဍညမာဒိတော။
၃။ အဋ္ဌာရသန္နံ ကောဋီနံ ၊ ဗောဓေသိ တာပသော ဟ(ဟ်)။
ဝန္ဒေဟံ သိရသာ တဉ္စ ၊ သဗ္ဗသတ္တာန မုတ္တမံ။
တထာ ဓမ္မုတ္တမဉ္စေဝ ၊ သံယဉ္စာပိ အနုတ္တရံ။

http://www.dhammadownload.com

ပရမတ္ထဒီပနီမည်သော
(၄၀)နေတ္တိအဋ္ဌကထာ ပဏာမ(၃)ဂါထာ

၁။ မဟာကာရုဏိကံ နာထံ ၊ ဥယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏာဂမ်ိဳရ - ဝိစိတြနယဒေသနံ။

၂။ ဝိဇ္ဇာစရဏသမ္ပန္နာ၊ ယေန နိယန္တိ လောကတော။
ဝန္ဒေ တမုတ္တမံ ဓမ္မံ၊ သမ္မာသမ္ဗုဒ္ဓပူဇိတံ။

၃။ သီလာဒိဂုဏသမ္ပန္နော၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ၊ ပုညက္ခေတ္တံ အနုတ္တရံ။

(၄၁)မိလိန္ဒပဉ္ဉာအဋ္ဌကထာ-ပဏာမ(၃)ဂါထာ

၁။ အနုပုန္နသ မဂ္ဂသ၊ ဥပ္ပါဒေတဝဇ္ဇသ။
နိဗ္ဗာနသ ဝဇ္ဇဠေတံ၊ ဗုဒ္ဓံ နမာမိ အာဒရံ။

၂။ တိပဟာနေဟိ သမ္ပန္နံ၊ အရိယေဟိ နိသေဝိတံ။
မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ဓမ္မံ နမာမိ အာဒရံ။

၃။ အရိယံ သြဃမုတ္တိဏ္ဏံ၊ နိရင်္ဂဏံ တမောနုဒံ။
မဂ္ဂေ ဖလေသု တိဋ္ဌန္တံ၊ သံဃံ နမာမိ အာဒရံ။

(၄၂)ပေဋကောပဒေသ အဋ္ဌကထာ ပဏာမ(၃)ဂါထာ

၁။ ဘဝစက္ကံ သမုဿေဒံ၊ သာမံ ပရံ ဆိဒေကရံ။
ဗုဒ္ဓံ ဝန္ဒာမိ ဒိနေ့တံ၊ ပရတော ယောသပစ္စယံ။

၂။ ဗုဒ္ဓဉေယျံ ဘဝစ္ဆေဒံ၊ စတုမဂ္ဂံ စတုပ္ဖလံ။
နိဗ္ဗာနံ နဝဓာဓမ္မံ၊ လောကာ ဝန္ဒာမိ ဥတ္တရံ။

၃။ မဂ္ဂေ ဖလေသု တိဋ္ဌန္တံ၊ ပစ္စတ္တံ ရိယသာဝကံ။
သံဃံ ဝန္ဒာမိ ဆိန္နေတံ၊ ဘဝစက္ကာရနေမိကံ။

http://www.dhammadownload.com

(၄၃) ဝိသုဒ္ဓိမဂ်- ပဏာမဂါထာ

ဇေဝံ ပုဋ္ဌော ပနဿ သဗ္ဗဓမ္မေသု အပ္ပဋိဟတဉာဏစာရော
ဒေဝဒေဝေါ သက္ကာနံ အတိသက္ကော ဗြဟ္မာနံ အတိဗြဟ္မာ စတုဝေသာ
ရဇ္ဇဝိသာရဒေါ ဒသဗလဓရော အနာဝရဏဉာဏော သမန္တစက္ခု
ဘဂဝါ တမတ္ထံ ဝိဿဇ္ဇေန္တော-

သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋဉ္တိ ဣမံ ဂါထမာဟ။

(၄၄)ဇိနာလင်္ကာရ အဋ္ဌကထာ ပဏာမ (၄)ဂါထာ

(၁) သုခဥ ဒုက္ခံ သမတာယုပေက္ခံ၊
နေဝိစ္ဆိ ယော ကာမ-မကာမနိတံ။
အသခ်ံတံ သခ်ံတသမ္ဘဝံ ဘဝံ၊
ဟိတ္ဝာ ဂတော တံ သုဂတံ နမာမိ။

(၂) ယဉ္စာနုဘုတ္ဝာ နဇရာမရာသုံ၊
ယေစာနုဘုတ္ဝာန နဇရာမရာသုံ။
တံ တေ နမိတ္ဝာန ဂုဏာဏ္ဏဝံ သဃ
ဝဏ္ဏေန ပူရေမ မနဏ္ဏဝံ သဃ။

(၃) ဇိနေန္ဒြ မတ္တောဘ သကုမ္ဘစာရိနီ၊
ဇိနောရသာနံ မုခပက်ဇာ လိနီ။။
သွရသတီ မေ မုခဂဿ ဂဋ္ဌိနီ၊
ရမတ္တ နာယာသာ သဒတ္ထ သူဒနီ။

http://www.dhammadownload.com

(၄) ဇိနာလင်္ကာရ သဗ္ဗသင်္ဂီဟိကဂါထာ

ယောလောကတ္ထာယ ဗုဒ္ဓါ ဓန သုတ ဘရိယာ အင်္ဂ ဇဝေ စဇိတ္တာ၊
ပူရေတ္တာ ပါရမိယော တိဒသ မနုပမေ ဗောဓိပက္ခိယဓမ္မေ။
ပတာ ဗောဓိဝံသဒံ သကလဂဏဒံ-
သေဌဘူတော တိလောကေ၊
ကတ္တာ ဒုက္ခဿ အန္တံ ကတသုဘဇနတံ-
ဒုက္ခတော မောစယိတ္ထ။

(၄၅) မဟာဗောဓိဝံသအဋ္ဌကထာ ပဏာမဂါထာ

ယဿ မူလေ နိသိန္နော၀၊ သဗ္ဗာရိဝိဇယံ အကာ။
ပတ္တော သဗ္ဗညုတံ သတ္ထာ၊ ဝန္ဒေ တံ ဗောဓိပါဒပံ။

မဇ္ဈိမနိကာယ်ပါဠိတော်-မဇ္ဈိမပဏ္ဏာသ

ဥပါလိဂါထာ(၁၀)ဂါထာ ဂုဏ်တော်(၁၀၀)

၁။ မိရဿ ဝိဂတမောဟဿ၊
ပဘိန္နခီလဿ ဝိဇိတဝိဇယဿ။
အနီဃဿ သုသမစိတ္တဿ၊
ဝုဒ္ဓသီလဿ သာဓုပညဿ။
ဝေသမန္တရဿ ဝမလဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

၂။ အကထံကထိဿ တုသိတဿ၊
ဝန္တလောကာမိသဿ မုဒိတဿ။
ကတသမဏဿ မနုဇဿ၊

http://www.dhammadownload.com

အန္တိမသာရီရဿ နရဿ။
အနောပမဿ ဝိရဇဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

၃။ အသဿယဿ ကုသလဿ၊
ဝေနယိကဿ သာရထိဝရဿ။
အနုတ္တရဿ ရုစိရဓမ္မဿ၊
နိက္ကဉ်ဿ ပဘာသကဿ။
မာနစ္ဆိဒဿ ဝီရဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

၄။ နိသဘဿ အပ္ပမေယျဿ၊
ဂမ္ဘီရဿ မောနပတ္ထဿ။
ခေမင်္ကရဿ ဝေဒဿ၊
ဓမ္မဋ္ဌဿ သံဝုတတ္တဿ။
သင်္ဂါတိဂဿ မုတ္တဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

၅။ နာဂဿ ပန္ထသေနဿ၊ ခီဏသံယောဇနဿ မုတ္တဿ။
ပဋိမန္တကဿ မောနဿ၊ ပန္နဓဇဿ ဝိတရာဂဿ။
ဒန္တဿ နိပ္ပပဉ္စဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

၆။ ဣသိသတ္တမဿ အကုဟဿ၊ တေဝိဇ္ဇဿ ဗြဟ္မပတ္တဿ။
နှာတကဿ ပဒကဿ၊ ပဿဒ္ဓဿ ဝိဒိတဝေဒဿ။
ပုရိန္ဒဒဿ သက္ကဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

http://www.dhammadownload.com

၇။ အရိယဿ ဘာဝိတတ္တဿ၊
ပတ္တိပတ္တဿ ဝေယျာကရဏဿ။
သတိမတော ဝိပဿိဿ၊
အနဘိနတဿ နော အပနတဿ။
အနေဇဿ ဝသိပ္ပတ္တဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

၈။ သမုဂ္ဂတဿ စျာယိဿ၊ အနနုဂတန္တရဿ သုဒ္ဓဿ။
အသိတဿ ဟိတဿ၊ ပဝိဝိတ္တဿ အဂ္ဂပ္ပတ္တဿ။
တိဏ္ဏဿ တာရယန္တဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

၉။ သန္တဿ ဘူရိပညဿ၊ မဟာပညဿ ဝိတလောဘဿ။
တထာဂတဿ သုဂတဿ၊ အပ္ပဋိပုဂ္ဂလဿ အသမဿ။
ဝိသာရဒဿ နိပုဏဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။

၁၀။ တဏှာစ္ဆိဒဿ ဗုဒ္ဓဿ၊ ဝိတမူလဿ အနုပလိတ္တဿ။
အာဟုနေယျဿ ယက္ခဿ၊
ဥတ္တမပုဂ္ဂလဿ အတုလဿ။
မဟတော ယသဂ္ဂပတ္တဿ၊
ဘဂဝတော တဿ သာဝကောဟ မသ္မိ။ (မ၊ ၂၊၄၈)

****

http://www.dhammadownload.com

ပိဋကသုံးပုံအဋ္ဌကထာ စာရင်းနှင့် ကျမ်းပြုပညာရှင်များ

(က) ဝိနယပိဋကလာ အဋ္ဌကထာများ

၁။ သမန္တပါသာဒိက အဋ္ဌကထာ- အရှင်မဟာဗုဒ္ဓဃောသ

၂။ ကင်္ခါဝိတရဏီ အဋ္ဌကထာ-အရှင်မဟာဗုဒ္ဓဃောသမထေရ်

၃။ မူလသိက္ခာ အဋ္ဌကထာ - အရှင်မဟာသာမိမထေရ်

၄။ ခုဒ္ဒသိက္ခာ အဋ္ဌကထာ - အရှင်ဓမ္မသိရီမထေရ်

၅။ ဝိနယဝိနိစ္ဆယ အဋ္ဌကထာ - အရှင်ဗုဒ္ဓဒတ္တမထေရ်

၆။ ဥတ္တရဝိနိစ္ဆယ အဋ္ဌကထာ - အရှင်ဗုဒ္ဓဒတ္တမထေရ်

၇။ ဝိနယသင်္ဂဟ အဋ္ဌကထာ - အရှင်သာရိပုတ္တရာမထေရ်

(ခ) အဘိဓမ္မပိဋကလာ အဋ္ဌကထာများ

၈။ အဋ္ဌသာလိနီ အဋ္ဌကထာ - အရှင်မဟာဗုဒ္ဓဃောသ

၉။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ - အရှင်မဟာဗုဒ္ဓဃောသ

၁၀။ မာတိကထာ အဋ္ဌကထာ - အရှင်မဟာဗုဒ္ဓဃောသ

၁၁။ ပုဂ္ဂလပညတ္တိ အဋ္ဌကထာ - အရှင်မဟာဗုဒ္ဓဃောသ

၁၂။ ကထာဝတ္ထုအဋ္ဌကထာ - အရှင်မဟာဗုဒ္ဓဃောသ

၁၃။ ယမက အဋ္ဌကထာ - အရှင်မဟာဗုဒ္ဓဃောသ

၁၄။ ပဋ္ဌာန အဋ္ဌကထာ -အရှင်မဟာဗုဒ္ဓဃောသမထေရ်

၁၅။ အဘိဓမ္မာဝတာရ အဋ္ဌကထာ - အရှင်ဗုဒ္ဓဒတ္တမထေရ်

၁၆။ နာမရူပပရိစ္ဆေဒ အဋ္ဌကထာ - အရှင်အနုရုဒ္ဓါမထေရ်

http://www.dhammadownload.com

၁၇။ ပရမတ္ထဝိနိစ္ဆယ အဋ္ဌကထာ = အရှင်အနုရုဒ္ဓါမထေရ်
၁၈။ သစ္စသင်္ခေပ အဋ္ဌကထာ = အရှင်ဓမ္မပါလမထေရ်
၁၉။ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ = အရှင်အနုရုဒ္ဓါမထေရ်
၂၀။ မောဟဝိစ္ဆေဒနီအဋ္ဌကထာ = အရှင်မဟာကဿပ (စောဋ္ဌ)

(၈) သုတ္တန္တပိဋကလာ အဋ္ဌကထာများ

၂၁။ သုမင်္ဂလဝိလာသိနီ အဋ္ဌကထာ= အရှင်မဟာဗုဒ္ဓယောသ
၂၂။ ပပဉ္စသူဒနီ အဋ္ဌကထာ = အရှင်မဟာဗုဒ္ဓယောသမထေရ်
၂၃။ သာရတ္ထပကာသနီ အဋ္ဌကထာ= အရှင်မဟာဗုဒ္ဓယောသ
၂၄။ မနောရထပူရဏီ အဋ္ဌကထာ=အရှင်မဟာဗုဒ္ဓယောသ
၂၅။ ခုဒ္ဒကပါဋ အဋ္ဌကထာ = အရှင်မဟာဗုဒ္ဓယောသမထေရ်
၂၆။ ဓမ္မပဒ အဋ္ဌကထာ = အရှင်မဟာဗုဒ္ဓယောသမထေရ်
၂၇။ ပရမတ္ထဒီပနီ ဥဒါန အဋ္ဌကထာ = အရှင်ဓမ္မပါလမထေရ်
၂၈။ ပရမတ္ထဒီပနီ ဣတိဝုတ္တက အဋ္ဌကထာ = အရှင်ဓမ္မပါလ
၂၉။ ပရမတ္ထဇောတိကာ သုတ္တနိပါတအဋ္ဌကထာ=အရှင်မဟာဗုဒ္ဓယောသ
၃၀။ ပရမတ္ထဒီပနီ ဝိမာနဝတ္ထု အဋ္ဌကထာ= အရှင်ဓမ္မပါလမထေရ်
၃၁။ ပရမတ္ထဒီပနီ ပေတဝတ္ထု အဋ္ဌကထာ=အရှင်ဓမ္မပါလ
၃၂။ ပရမတ္ထဒီပနီ ထေရထေရီဂါထာအဋ္ဌကထာ=အရှင်ဓမ္မပါလ
၃၃။ အပဒါန အဋ္ဌကထာ=ပေါရာဏိကမထေရ်
၃၄။ ထေရီအပဒါနဒီပနီ အဋ္ဌကထာ= အရှင်ကုမာရာဘိဝံသ
(ပန်းမော်ဆရာတော်)
၃၅။ မဓုရတ္ထဝိလာသိနီ ဗုဒ္ဓဝံသ အဋ္ဌကထာ=အရှင်ဗုဒ္ဓဒတ္တမထေရ်
၃၆။ ပရမတ္ထဒီပနီစရိယာပိဋက အဋ္ဌကထာ=အရှင်ဓမ္မပါလမထေရ်

http://www.dhammadownload.com

၃၇။ ဇာတကဋ္ဌကထာ = အရှင်မဟာဗုဒ္ဓယောသမထေရ်

၃၈။ သဒ္ဓမ္မပကာသနီ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ = အရှင်မဟာနာမ

၃၉။ သဒ္ဓမ္မပဇ္ဇောတိက နိဒ္ဒေသ အဋ္ဌကထာ = အရှင်ဥပါသေန

၄၀။ ပရမတ္ထဒီပနီ နေတ္တိ အဋ္ဌကထာ = အရှင်ဓမ္မပါလမထေရ်

၄၁။ မိလိန္ဒပဉ္ဉာ အဋ္ဌကထာ = အရှင်နာဂရဒ

(သထုံ-ဇေတဝန်ဆရာတော်)

၄၂။ ပေဋကောပဒေသ အဋ္ဌကထာ = အရှင်နာဂရဒ

(သထုံ-ဇေတဝန်ဆရာတော်)

၄၃။ ဝိသုဒ္ဓိမဂ် ဂါထာ=အရှင်မဟာဗုဒ္ဓယောသမထေရ်

၄၄။ ဇိနာလင်္ကာရ အဋ္ဌကထာ =အရှင်ဗုဒ္ဓရက္ခိတမထေရ်

၄၅။ မဟာဗောဓိဝံသဋ္ဌကထာ=အရှင်ဥပတိဿမထေရ်

****

http://www.dhammadownload.com

(က) ဓမ္မဒါနစာအုပ်များ လှူဒါန်းခဲ့ရာ ၂၀၁၇ ခုနှစ်၊ ပါဠိပထမပြိုန်နှင့် ဓမ္မစရိယပညာရေးဗဟိုအဖွဲ့ဆရာတော်များ စာစစ်ဆရာတော်များသီတင်းသုံးသည့် ကျောင်းတိုက်များရှိ စာချဆရာတော်များစာရင်း

စဉ်	ကျောင်းတိုက်	စာချစာရင်း	မြို့
၁။	မင်းကျောင်းစာသင်တိုက်	၂	ပဲခူးမြို့
၂။	ကန်ဦးဇေတဝန်ကျောင်းတိုက်	၁၃	မရမ်းကုန်းမြို့နယ်
၃။	ဒက္ခိဏာရာမဘုရားကြီး ကျောင်းတိုက်	၃၇	ချမ်းမြသာစည်မြို့နယ်
၄။	ရွှေပေါက်ပင်ကျောင်းတိုက်	၃	ကျောက်ဆည်မြို့
၅။	သုခဝတီစာသင်တိုက်	၁၀	ကျောက်ပန်းတောင်းမြို့
၆။	မစိုးရိမ်တိုက်သစ်	၄၇	မဟာအောင်မြေမြို့နယ်
၇။	သမ္မတောကျောင်းတိုက်	၄	ပုသိမ်ကြီးမြို့နယ်
၈။	ခမာဝုဓစာသင်တိုက်	၄	ရွှေပြည်သာမြို့နယ်
၉။	မဟာသုဒဿနာရာမ ကျောင်းတိုက်	၈	ပြည်မြို့
၁၀။	ကြခတ်ဝိုင်းကျောင်းတိုက်	၂၄	ပဲခူးမြို့
၁၁။	တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်	၃၀	မရမ်းကုန်းမြို့နယ်
၁၂။	သဒ္ဓမ္မဂရုစာသင်တိုက်	၆	စစ်တွေမြို့
၁၃။	မိုးကောင်းပရိယတ္တိစာသင်တိုက်	၈	ဟသ်ာတမြို့

http://www.dhammadownload.com

၁၄။ စိန်မမပရိယတ္တိစာသင်တိုက်	၁၁	မော်လမြိုင်မြို့.
၁၅။ မဟာဇောတိကာရာမ(ပါ) ကျောင်းတိုက်	၁၆	မုံရွာမြို့.
၁၆။ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်	၂၃	မုံရွာမြို့.
၁၇။ ဘူးကိုင်းစာသင်တိုက်	၃	မုံရွာမြို့.
၁၈။ သီတဂူပရိယတ္တိစာသင်တိုက်	၁၀	ရွှေဘိုမြို့.
၁၉။ သာသနာ့မဏ္ဍိုင်(ပါ) ကျောင်းတိုက်	၁၄	ပဲခူးမြို့.
၂၀။ သာမဏေကျော်စာသင်တိုက်	၂၄	ပဲခူးမြို့.
၂၁။ ဥဿာသီရိကျောင်းတိုက်	၁၁	ပဲခူးမြို့.
၂၂။ ဝိသုဒ္ဓါရုံဗာရာဏာသီ ကျောင်းတိုက်	၁၂	ပြည်မြို့.
၂၃။ ဇောတိကာရုံ(ပါ)ကျောင်းတိုက်	၁၂	ပြည်မြို့.
၂၄။အောင်မြေရတနာကျောင်းတိုက်	၁၅	မကွေးမြို့.
၂၅။ မဟာဝိသုတာရာမတိုက်သစ်	၁၀	မကွေးမြို့.
၂၆။ မဟာဝိသုတရာမ	၂၀	ပခုက္ကူမြို့.
၂၇။ မဟာဝိဇယာရာမအရှေ့တိုက်	၁၅	ပခုက္ကူမြို့.
၂၈။ ရွှေဘုံသာကျောင်းမြို့ရှေ့တိုက်	၆	မိတ္ထီလာ
၂၉။ ပတ္တမြားကျောင်း	၁၀	မန္တလေး
၃၀။ မဟာဓမ္မိကာရာမ	၁၇	။
၃၁။ မဟာနန္ဒိသေနာရာမတိုက်	၉	။
၃၂။ နယူပဒေသကျောင်း၊ မစိုးရိမ်တိုက်	၁၃	။

http://www.dhammadownload.com

၃၃။ မြတောင်တိုက်	၄၃	။
၃၄။ မဟာမြိုင်တိုက်	၂၀	။
၃၅။ ကွန်ဆာသယစာသင်တိုက်	၁၁	။
၃၆။ ပထမကျော်ဓမ္မာစရိယ		
စာသင်တိုက်	၈	မိတ္ထီလာ
၃၇။ ဖာလဇေတဝန်ကျောင်း	၃	ရေး
၃၈။ ပဲခူးစာသင်တိုက်	၁၅	မော်လမြိုင်မြို့
၃၉။ သုခကာရီစာသင်တိုက်	၃	။
၄၀။ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်	၃၀	ဗဟန်းမြို့နယ်
၄၁။ ပါဠိတက္ကသိုလ်ညောင်းတုန်း		
ကျောင်းတိုက်	၁၆	။
၄၂။ မဟာဇောဓိကျောင်း	၂၁	ရန်ကင်းမြို့နယ်
၄၃။မဟာသိမ်တော်ကြီးစာသင်တိုက်	၇	ပန်းပဲတန်းမြို့နယ်
၄၄။ ကျိုက်သီမွန်(ပါ)ကျောင်းတိုက်	၃	ဗဟန်းမြို့နယ်
၄၅။ ရွာမပရိယတ္တိစာသင်တိုက်	၂၀	အင်းစိန်မြို့နယ်
၄၆။ ရွှေပြည်သာပရိယတ္တိ		
စာသင်တိုက်	၉	ရွှေပြည်သာမြို့နယ်
၄၇။ ကန်သုံးဆင့်စာသင်တိုက်	၇	မင်္ဂလာဒုံမြို့နယ်
၄၈။ ဝင်းနိမ္မိတာရုံကျောင်းတိုက်	၁၃	ပဲခူးမြို့
၄၉။ ဟင်္သာတအတွင်းပတ္တမြား		
ကျောင်း	၁၀	သာကေတမြို့နယ်
၅၀။ သာသနာ့နုဂ္ဂဟကျောင်း၊		
ခြောက်ထပ်ကြီး	၁၂	ဗဟန်းမြို့နယ်

http://www.dhammadownload.com

၅၁။ ကျောက်ပန်းတောင်း		
သာမဏေကျော်ကျောင်း	၈	လမ်းမတော်မြို့နယ်
၅၂။ ဆုံကုန်းဘာဝနာကျောင်း	၅	ကံမမြို့နယ်
၅၃။ ပဥ္စနိကာယသာသနာ့ဝိမာန်		
ကျောင်းတိုက်	၁၂	ရန်ကင်းမြို့နယ်
၅၄။ မင်းကျောင်းစာသင်တိုက်	၁	မုဒုံမြို့
၅၅။ ခေမာသီဝံစာသင်တိုက်	၅	မ/ဥက္ကလာပမြို့နယ်
၅၆။ ကျောင်းကြီးကျောင်းတိုက်	၇	ကော့ကရိတ်
၅၇။ ရွှေတောင်(ပါ)ကျောင်း	၁၀	ရေနံချောင်း
၅၈။ ထန်းပင်ကျောင်း	၈	ဖျာပုံ
၅၉။ အဝေရာရာမရန်ကင်းကျောင်း	၂၂	မန္တလေး
၆၀။ မြို့မစာသင်တိုက်	၁၀	လှိုင်းဘွဲ့
၆၁။ မဟာပဒုမာရုံကျောင်းတိုက်	၉	သန်လျင်
၆၂။ မဟာသန္တာရုံကျောင်းတိုက်	၁၀	မန္တလေး
၆၃။ ဂဏာရာမရွှေဂူကျောင်း	၇	မန္တလေး
၆၄။ သီရိဝေလာကျောင်း	၆	စမ်းချောင်း
၆၅။ နေနတ်သားကျောင်း	၁၀	စမ်းချောင်း
၆၆။ ချမ်းမြေ့ဇေယျာကျောင်း	၂၀	ပဲခူးမြို့
၆၇။ အာဂမဇောတိကာရုံကျောင်း	၇	ပေါင်းတည်
၆၈။ စကုတိုက်	၈	မန္တလေး
၆၉။ ငွေးချိုတိုက်	၁၁	မန္တလေး
၇၀။ ဖက်ပင်အိုင်စာသင်တိုက်	၁၀	သယ်နန်းကျွန်း
၇၁။ မဟာလယ်တီ	၈	မုံရွာ

http://www.dhammadownload.com

၇၂။ အုတ်ကန်တောရ	၁၅	မုံရွာ
၇၃။ ကန်တော်မင်္ဂလာ	၅	ပြည်
၇၄။ ဖျောက်ဆိပ်ပင်	၆	နတ်မောက်
၇၅။ တိုက်သစ်ပဇ္ဇောတာရုံ	၅	မြောင်းမြ
၇၆။ မဟာဝိသုဒ္ဓါရုံတိုက်သစ်	၁၅	မန္တလေး
၇၇။ ဇောတိကာရုံ	၈	မရမ်းကုန်း
၇၈။ အောင်မင်္ဂလာ	၁၀	အလုံ
၇၉။ စက်ရုံကျောင်း	၆	ဆွာ
၈၀။ သာသနာ့အလင်းကျောင်း	၁၀	ဒေါပုံ
၈၁။ တောင်သမန်တိုက်	၁၄	မန္တလေး
၈၂။ စစ်ကိုင်းစာသင်တိုက်	၁၃	သယ်နန်းကျွန်း
၈၃။ မဟာဘုံစံ	၈	ရွှေဘို
၈၄။ ဒီပင်္ကရာကျောင်း	၇	နတ်မောက်
၈၅။ ဇေယျမေဓိနီကျောင်း	၆	မြောင်းမြ
၈၆။ ဇောတိကာရုံ	၃	နတ်မောက်
၈၇။ ချမ်းသာကြီးကျောင်း	၁၂	မန္တလေး
၈၈။ ဒဂုံစာသင်တိုက်	၉	ဒဂုံ
၈၉။ အောင်မြေဇေယျ	၇	တောင်ငူ
၉၀။ အောင်ချမ်းသာ	၉	မန္တလေး
၉၁။ အနောက်ထီးလင်း	၁၀	မန္တလေး
၉၂။ ပုဗ္ဗာရုံသမိန်ထောကျောင်း	၉	ဖျာပုံ
၉၃။ မဟာသန္တိရုံကျောင်းတိုက်	၉	ကလေး

http://www.dhammadownload.com

၉၄။ ရန်ကင်းတိုက်	၁၀	မုံရွာ
၉၅။ စိန်ရတနာကျောင်း	၈	တ/ဥက္ကလာပ
၉၆။ အနောက်ခင်မကန်တိုက်	၈	မန္တလေး
၉၇။ မဟာဝဇီရာရုံကျောင်း	၁၂	မန္တလေး
၉၈။ ကျောက်ကုန်းတောရမေဒနီ ကျောင်း	၁၄	ရန်ကင်းမြို့နယ်
၉၉။ ပါဠိကာရီ	၇	သာကေတမြို့
၁၀၀။ မဟာဒမ္မိကာရာမတိုက်	၉	မကွေး
၁၀၁။ ပြည်တော်သာ	၁၀	မကွေး
၁၀၂။ မြစ်ကွေ့	၉	ဟင်္သာတ
၁၀၃။ မြစေတီရဲကျောင်း	၁၄	မော်လမြိုင်မြို့
၁၀၄။ စိန္တာရာမကျောင်း	၆	ဗဟန်းမြို့နယ်
၁၀၅။ နိကာယ်စာသင်တိုက်	၁၁	တ/ဒဂုံ
၁၀၆။ ဇောဒနာရာမတိုက်	၆	အလုံ
၁၀၇။ မဟာဝိသုတာရာမတိုက်	၇	ဆင်ဖြူကျွန်း
၁၀၈။ မာတုဝိဇ္ဇာကျောင်း	၇	ပုသိမ်
၁၀၉။ ကုန်းတန်းတိုက်ကျောင်းကြီး	၅	ဖျာပုံ
၁၁၀။ မိုးကောင်းကျောင်းတိုက်	၂၃	မန္တလေး
၁၁၁။ တူးမောင်းတိုက်	၂၂	အမရပူရ
၁၁၂။ မဟာဂန္ဓာရုံကျောင်းတိုက်	၁၅၀	အမရပူရ
၁၁၃။ ကြာနီကန်ကျောင်း	၇	တောင်ငူ
၁၁၄။ ညောင်ကန်တိုက်	၁၄	မန္တလေး
၁၁၅။ တောင်ထီးလင်းတိုက်	၁၅	မန္တလေး

http://www.dhammadownload.com

၁၁၆။ အာသောကာရာမတိုက်	၁၃	မန္တလေး
၁၁၇။ ငွေကြာရုံတိုက်	၈	တ/ဥက္ကလာပ
၁၁၈။ ဓမ္မရောင်ခြည်	၈	မ/ဥက္ကလာပ
၁၁၉။ မဟာသုဗောမာရုံ	၁၄	စစ်ကိုင်း
၁၂၀။ ဟံသာဂီရိ	၁၂	စစ်ကိုင်း
၁၂၁။ မောင်းထောင်ကျောင်း	၉	ပုသိမ်
၁၂၂။ ဗောဓိရိပ်သာ	၉	ကြို့ပင်ကောက်
၁၂၃။ ယောသိတာရာမတိုက်	၈	ထားဝယ်
၁၂၄။ မြင်းဝန်မင်းကြီးကျောင်း	၈	မန္တလေး
၁၂၅။ ဥယျာဉ်စာသင်တိုက်	၂၆	ပုသိမ်ကြီး
၁၂၆။ စိတ္တပါလဂူကျောင်း	၁၀	ကျောက်ပန်းတောင်
၁၂၇။သာသနာ့ဝန်ဆောင်ကျောင်း	၁၃	မှော်ဘီ
၁၂၈။ မင်းကျောင်းစာသင်တိုက်	၅	သန်လျင်
၁၂၉။ မဟာမင္ဂလာရုံ	၁၁	သန်လျင်
၁၃၀။ မြစည်းခုံ	၉	တောင်ငူ
၁၃၁။ မဟာဓမ္မာရုံ	၇	ချောင်းဦး
၁၃၂။ ဝိဘဇ္ဇဝါဒီကျောင်း	၉	မန္တလေး
၁၃၃။ မင်္ဂလာရာမ	၈	ရေဦး
၁၃၄။ သာသနာ့ဇောတိက	၁၅	ပဲခူးမြို့
၁၃၅။ ဆင်ဖြူကျောင်း	၂၂	မော်လမြိုင်မြို့
၁၃၆။ ရွှေဟင်္သာတောရ	၁၇	ညောင်တုန်း
၁၃၇။ ဒေဝသာဂရသိမ်ကုန်း	၅	မင်္ဂလာတောင်ညွန့်
၁၃၈။ ဓမ္မဓရဝါဆို	၂၅	မန္တလေး

http://www.dhammadownload.com

၁၃၉။ကိုင်းကုန်းပါဦကျောင်းတိုက်	၁၁	ခရမ်း
၁၄၀။ ရတနာ့သီဒိုကျောင်း	၆	မကွေး
၁၄၁။ ရွှေဟင်္သာတိုက်သစ်	၁၅	စစ်ကိုင်း
၁၄၂။ လမ်းမတော်ကျောင်း	၂	မုဒုမြို့
၁၄၃။ ပရိယတ္တိအရှေ့ကျောင်း	၂	ကျိုက်မရော
၁၄၄။ ဗောဓိသုခသွေးဆေးကန်	၃	ဗဟန်းမြို့နယ်
၁၄၅။အောင်ချမ်းသာမွန်ပရိယတ္တိ	၃	သံဖြူဇရပ်
၁၄၆။ ကတိုးမဟာရင်	၈	မော်လမြိုင်မြို့

စာချ ၁၇၈၂-ပါး

****

http://www.dhammadownload.com

(၃) ဓမ္မဒါနစာအုပ်များ လှူဒါန်းခဲ့ရာ ၂၀၁၇-ခုနှစ်၊ နိကာယ်ပညာရေးဗဟိုအဖွဲ့ဆရာတော်များ၊ စာစစ်ဆရာတော်များ သီတင်းသုံးသည့် ကျောင်းတိုက်များရှိ စာချဆရာတော်များစာရင်း

စဉ်	ကျောင်းတိုက်	စာချစာရင်း	မြို့
၁။	ဘီလူးတိုက်ကျောင်း	၃	ပေါင်မြို့
၂။	သံဃာရာမကျောင်းတိုက်	၆	မကွေးမြို့
၃။	ရွာတန်းရှည်ကျောင်း	၅	မရမ်းကုန်းမြို့
၄။	အောင်သုခဒီပံကျောင်းတိုက်	၃	ပုလဲမြို့သစ်
၅။	သရက်တောကျောင်းတိုက်	၆	ဘားအံမြို့
၆။	မဟာဂန္ဓာရုံကျောင်းတိုက်	၁၃	မင်္ဂလာဒုံမြို့နယ်
၇။	တောင်ကြီးပရိယတ္တိစာသင်တိုက်	၁၂	ဗဟန်းမြို့နယ်
၈။	မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ရတနာပုံရွှေနှင်းဆီကျောင်း	၁၅	မဟာအောင်မြေမြို့နယ်
၉။	ရွှေဘုံသာကျောင်း	၆	မိတ္ထီလာမြို့
၁၀။	အနန္တဂုဏ်ရည်ကျောင်းတိုက်	၅	ဒဂုံမြောက်
၁၁။	သာသနာ့အောင်မြေကျောင်း	၆	မရမ်းကုန်းမြို့နယ်
၁၂။	အလယ်ကျောင်းပရိယတ္တိစာသင်တိုက်	၇	ဒလမြို့နယ်
၁၃။	ရတနာသီဒွိစာသင်တိုက်	၅	မြောက်ဥက္ကလာပမြို့နယ်
၁၄။	မြသန္ဒာစာသင်တိုက်	၆	ဒဂုံတောင်မြို့နယ်

စုစုပေါင်း ၉၈

****

http://www.dhammadownload.com

သုံးပါးရတနာ ပန်ဆင်ပါ

နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်ကို ဖွင့်ဆိုခွင့် ရကြသည့် အဋ္ဌကထာဆရာတော်ကြီးတို့မှာ တခြားပုဂ္ဂိုလ်များထက် အသိဉာဏ်ပညာရော ဘုန်းကံသမ္ဘာပါ ကြီးမားကြသူတို့ဖြစ်ကြ၏။ ဂုဏ်တော်အနန္တထဲမှ အဓိက ပဓာနဂုဏ်တော်တို့ကို ရွေးချယ်ကာ ဂါထာသီကုံးလျက် ပဏာမဂါထာအနေဖြင့် ရှိခိုးကြ၏။ ထိုဂါထာတိုသည်ကား စွေးကွက်ဝင် ရတနာပန်းကုံးများပင် ဖြစ်ကြသည်။ ဤဋ္ဌ ထိုအဋ္ဌကထာပေါင်း(၎၅)စောင်မှ ရတနာပန်းကုံးဂါထာပေါင်း (၉၈) ဂါထာတို့ကို မြန်မာ နိဿယနှင့်တကွ တစုတဝေးတည်း ဖေါ်ပြထားသည်။

အဋ္ဌကထာဆရာကြီးတို့သော်မှ ရတနာသုံးပါးကို ရှိခိုးပြီး ပါမှ အဋ္ဌကထာရေးသားခြင်းအလုပ်ကို ပြုလုပ်ရသေးလျှင် ဘေးရန် အန္တရာယ်အလွန်ပေါသောလူလောကထဲမှာ နေကြရသည့်မိမိတို့လို သာမညပုဂ္ဂိုလ်များ အဖို့မှာ မဖြစ်မနေ ရတနာသုံးပါးကို ရှိခိုးကြရ မည်သာဖြစ်၏။

သို့ဖြစ်၍ ဆင်းရဲဒုက္ခဟူသမျှနှင့် မတွေ့.ကြုံချင်ဘဲ ချမ်းသာသုခဟူသမျှနှင့်သာ တွေ့ဆုံကြုံကြိုက်လိုပါလျှင် ဤမှာလာသည့် ရတနာပန်းကုံးဂါထာများဖြင့် သုံးပါးရတနာကို နေ့စဉ် ပန်ဆင်ကြကုန်ရာ၏။